ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကယားပြည်နယ်ဦးစီးမှူးရုံး

မှ ထုတ်ဝေသည်

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

# ကယားပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဦးစီးဌာနများ၏ လုပ်ထုံးလုပ်နည်းများ လမ်းညွှန်စာအုပ်

Myanmar Investment Commission

DICA
Directorate of Investment and Company Administration

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ

KiC
Kayah Investment Committee

# ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏

# အတည်ပြုမိန့် နှင့် အတည်ပြုမိန့်ရယူပြီးနောက်

# ဆောင်ရွက်ရမည့်

# စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

## မာတိကာ


| အပိုင်း | စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ အထိ |
|---|---|---|---|---|
| က | ၁ | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏အတည်ပြုမိန့်နှင့် အတည်ပြုမိန့်ရယူပြီး နောက်ပိုင်း ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ | ၃ | ၂၀ |
| | ၂ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၏ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်သည့် လုပ်ထုံးလုပ်နည်းများ | ၂၁ | ၂၅ |
| | ၃ | နောက်ဆက်တွဲဖော်ပြချက်များ | ၂၅ | ၄၂ |
| ခ | ၁ | ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အဆောက်အအုံတည်ဆောက်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း လုပ်ငန်းစဉ်များ | ၄၃ | ၅၀ |
| | ၂ | အကောက်ခွန်ဦးစီးဌာနမယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း၏ လုပ်ထုံးလုပ်နည်းများ | ၅၁ | ၅၅ |
| | ၃ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏လုပ်ထုံး လုပ်နည်းများ | ၅၆ | ၆၇ |
| | ၄ | ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၆၈ | ၇၁ |
| | ၅ | စိုက်ပျိုးရေးဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ | ၇၁ | ၈၄ |
| | ၆ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၈၅ | ၈၆ |
| | ၇ | စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၈၇ | ၈၇ |
| | ၈ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၈၈ | ၈၉ |
| | ၉ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၉၀ | ၉၈ |

| အပိုင်း | စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | အထိ |
|---|---|---|---|---|
| | ၁၀ | သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ | ၉၉ | ၁၀၁ |
| | ၁၁ | သတ္တုတွင်းဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ | ၁၀၂ | ၁၂၆ |
| | ၁၂ | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများ | ၁၂၇ | ၁၂၉ |
| | ၁၃ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ | ၁၃၀ | ၁၃၂ |
| | ၁၄ | ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏လုပ်ထုံး လုပ်နည်းများ | ၁၃၃ | ၁၃၄ |
| | ၁၅ | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏လုပ်ထုံး လုပ်နည်းများ | ၁၃၅ | ၁၃၅ |
| | ၁၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ရမည့် လုပ်ငန်းစဉ်များ | ၁၃၆ | ၁၆၈ |

# ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ထုတ်ပေးသည့် စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

## ရည်ရွယ်ချက်

ဤလုပ်ထုံးလုပ်နည်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့်ထုတ်ပေးခြင်း လုပ်ငန်းစဉ်အတွက် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ကြိုတင်ခန့်မှန်းသိမြင်နိုင်မှုများ တိုးတက်လာစေရန်၊ ဥပဒေနှင့်ညီညွတ်စေရန်နှင့် လျှောက်ထားရာတွင်လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းများသည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရယူရမည့်လုပ်ငန်းများ [၁] နှင့် သက်ဆိုင်စေရမည်။

## အတိုကောက်စကားလုံးများ

အတိုကောက်စကားလုံးများသည် အောက်ပါအတိုင်းအဓိပ္ပါယ်သက်ရောက်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | MIC | = | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| ၂။ | KIC | = | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ |
| ၃။ | KICSO | = | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးရုံး |
| ၄။ | KIMT | = | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ |
| ၅။ | SOP | = | စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ |

## လုပ်ငန်းစဉ်များ

လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူက လုပ်ကိုင်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်နှင့် အကြံပြုချက်များ ရယူလိုခြင်း ရှိ မရှိ အပေါ်မူတည်၍-

၁-၀၁။ ရယူလိုပါက DICA ကယားပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး နှင့် တွေ့ဆုံဆွေးနွေးခြင်း နှင့် ရင်နှီးမြှုပ်နှံမှုအတွက် လိုအပ်သော သတင်းအချက်အလက်များ ရယူခြင်း။

၁-၀၂။ ပိုမိုအသေးစိတ်သော လမ်းညွှန်ချက်ရယူလိုပါက စည်းနှောင်မှုမရှိသည့်လမ်းညွှန်ချက် [၂] ရယူရန် စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ ပုံစံ(၁) ဖြင့် MIC သို့ တင်ပြခြင်း။

၁-၀၃။ မရယူလိုပါက အတည်ပြုလျှောက်ထားလွှာ ပုံစံ-၄ (ခ) [၃] [ နှင့် မြေအသုံးပြုခွင့်လျှောက်ထား ရန်လိုအပ်ပါက [၄] မြေအသုံးပြုခွင့်လျှောက်ထားလွှာ ပုံစံ- ၇(က)]ကို www.dica.gov.mm မှ download ရယူခြင်း။

၂။ ရင်းနှီးမြှုပ်နှံသူက ပုံစံ-၄ (ခ) (နှင့် ပုံစံ-၇-က ) အား ဖြည့်စွက်၍ ပူးတွဲတင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများ [၅] ပြည့်စုံစွာဖြင့် KICSO သို့ တင်ပြခြင်း။

၃။ KICSO က စိစစ်၍ အတည်ပြုလျှောက်ထားလွှာ **ပြည့်စုံမှုရှိ-မရှိ** [၅] ပေါ်မူတည်၍-

၃-၀၁။ ပြည့်စုံပါက လုပ်ငန်းစဉ် ၄ ကို ဆက်လက်ဆောင်ရွက်ခြင်း။

၃-၀၂။ ပြည့်စုံမှုမရှိပါက လုပ်ငန်းစဉ် ၂ သို့ ပြန်လည်ဆောင်ရွက်ခြင်း။

၄။ KIC က အတည်ပြုလျှောက်ထားလွှာကို **လက်ခံရန် သင့် မသင့်** [၆] အပေါ်မူတည်၍-

၄-၀၁။ လက်ခံပါက လုပ်ငန်းစဉ် ၅ ကို ဆက်လက်ဆောင်ရွက်ခြင်း။

၄-၀၂။ ပြည့်စုံမှုမရှိခြင်း၊ သတ်မှတ်ချက်မပြည့်မီခြင်း နှင့် အခြားသော အခြေအနေများအရ လက်ခံရန်မသင့်၍ ငြင်းပယ်ပါက KICSO က ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း။

၅။ ရင်းနှီးမြှုပ်နှံသူက **ဝန်ဆောင်စရိတ်** [၇] ပေးသွင်းခြင်း။

၆။ KICSO က သဘောထားမှတ်ချက်များတောင်းခံခြင်း-

၆-၀၁။ ဆောင်ရွက်မည့် လုပ်ငန်းနှင့်ဆက်စပ်သည့် **သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ရယူရန်လိုအပ်ပါက** [၈] လုပ်ငန်းစဉ် ၆ ကို ဆောင်ရွက်ခြင်း။

၆-၀၂။ သက်ဆိုင်ရာဌာနများ၏ သဘောထား မှတ်ချက် ရယူရန် မလိုအပ်ပါက လုပ်ငန်းစဉ် ၈ ကို ဆောင်ရွက်ခြင်း။

၇။ သဘောထား မှတ်ချက်များရရှိပါက KICSO က ရင်းနှီးမြှုပ်နှံသူထံသို့ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောထားနှင့်အညီ လိုက်နာဆောင်ရွက်ရန်အကြောင်းကြားခြင်း။

၈။ ရင်းနှီးမြှုပ်နှံသူက သဘောထားမှတ်ချက်များနှင့်အညီ အတည်ပြုလျှောက်ထားလွှာအား ပြင်ဆင်၍ အတည်ပြု လျှောက်ထားလွှာ (၁၃) စုံ + PDF ဖိုင်နှင့် စီမံကိန်းရှင်းလင်းတင်ပြချက် Power Point အား KICSO သို့ ပေးပို့ခြင်း။

၉။ KIC သို့ တင်ပြသည့် လုပ်ငန်းများအနေဖြင့် **KIC က အတည်ပြုမိန့်ပေးအပ်နိုင်သည့် လုပ်ငန်း** [၉] ဖြစ်မဖြစ်အပေါ်မူတည်၍-

၉-၀၁။ KIC ကအတည်ပြုမိန့်ပေးအပ်နိုင်သည့်လုပ်ငန်းဖြစ်ပါက KIC ကော်မတီအစည်း အဝေးသို့ တက်ရောက်ရန် အကြောင်းကြားခြင်းလုပ်ငန်းစဉ် ၁၀ သို့ ဆက်လက်ဆောင်ရွက်ခြင်း။

၉-၀၂။ KICကအတည်ပြုမိန့်ပေးအပ်နိုင်သည့်လုပ်ငန်းမဟုတ်ပါကMICသို့ဆက်လက်တင်ပြခြင်း။

၁၀။ ကော်မတီအစည်းအဝေးသို့တက်ရောက်ရန် KICSOကရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားခြင်း။

၁၁။ ရင်းနှီးမြှုပ်နှံသူက အစည်းအဝေးတက်ရောက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်း။

၁၂။ KIC က **ခွင့်ပြုရန် သင့်-မသင့်** [၁၀] ဆုံးဖြတ်၍-


၁၂-၀၁။ ခွင့်မပြုဟု ဆုံးဖြတ်ပါက KIC မှ ရင်းနှီးမြှုပ်နှံသူထံသို့ ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း။

၁၂-၀၂။ ခွင့်ပြုသည်ဟု ဆုံးဖြတ်ပါက လုပ်ငန်းစဉ် (၁၃) ကို ဆက်လက်ဆောင်ရွက်ခြင်း။

၁၂-၀၃။ ပြန်လည်သုံးသပ်ရန်ဆုံးဖြတ်ပါက လုပ်ငန်းစဉ် (၁၁) အတိုင်းပြန်လည်ဆောင်ရွက်ခြင်း။

၁၃။ KIC က ရင်းနှီးမြှုပ်နှံသူအား အတည်ပြုမိန့် ထုတ်ပေးခြင်း။

## လုပ်ငန်းစဉ် Flow Chart



## အဓိပ္ပာယ်ရှင်းလင်းချက်

၁။ **ကော်မတီ၏ အတည်ပြုမိန့်ရယူရမည့်လုပ်ငန်းများ** [၁] - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၆ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၃၊ ၄၊ ၅၊ ၆ နှင့် ၇ တို့အရ ကော်မရှင်၏ ခွင့်ပြုချက် ရယူပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည့်လုပ်ငန်းများမဟုတ်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် နှစ်ရှည်မြေအသုံးပြုခွင့် သို့မဟုတ် ဥပဒေအရ အခွင့်အရေးနှင့် အကာအကွယ်များ ရယူလိုသည့် လုပ်ငန်းများဖြစ်ပါသည်။

၂။ **စည်းနှောင်မှုမရှိသည့် လမ်းညွှန်ချက်** [၂] - ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားသည် တားမြစ်/ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှု ဟုတ်-မဟုတ်၊ အခွန်ကင်းလွတ်ခွင့်များခံစားရနိုင်ဖွယ် ရှိ-မရှိ စသည်ဖြင့် လုပ်ငန်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ ပုံစံ (၁) ဖြင့် MIC သို့ တင်ပြ၍ လျှောက်ထားသည့်အခါ MIC က ပြန်လည်ဖြေကြားပေးသည့် လမ်းညွှန်ချက်များကို ဆိုလိုပါသည်။

၃။ **ပုံစံ- ၄(ခ)** [၃] – R & SIC သို့ တင်ပြလျှောက်ထားလိုပါက ပုံစံ-၄ (ခ) ဖြင့် လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ **မြေအသုံးပြုခွင့်လျှောက်ထားရန်လိုအပ်ပါက** [၄] - မြန်မာနိုင်ငံသားများ မိမိကိုယ်ပိုင် သုံးစွဲခွင့်ရှိသည့် မြေတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းမှလွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၀ အရ အခြား အခြေအနေများအတွက် မြေအသုံးပြုခွင့်လျှောက်ထားနိုင်ပါသည်။ အထူးသဖြင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရမြေ/ အဆောက်အဦးကိုအသုံးပြု၍ လုပ်ငန်း ဆောင်ရွက်သူများ အနေဖြင့် မြေအသုံးပြုခွင့် လျှောက်ထားရန်လိုအပ်ပါသည်။

၅။ **ပူးတွဲတင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများ** [၅] - အောက်ပါ စာရွက်စာတမ်း အချက်အလက်များ **ပူးတွဲ** တင်ပြရန်လိုအပ်မည်ဖြစ်ပါသည်-

- ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)
- နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)/ နိုင်ငံကူးလက်မှတ်(မိတ္တူ)
- ဖက်စပ်စာချုပ်(မူကြမ်း) (ဖက်စပ်ဆောင်ရွက်ပါက)
- ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်း၊ စက်ကိရိယာ နှင့် လုပ်ငန်းသုံးပစ္စည်းစာရင်း
- ကုန်ကြမ်းပစ္စည်းစာရင်း
- မြေအသုံးပြုခွင့်လျှောက်ထားလွှာပုံစံ(၇)
- မြေငှားစာချုပ်(မူကြမ်း)
- မြေပိုင်ဆိုင်မှုအထောက်အထား၊ တည်နေရာပြမြေပုံ
- လုပ်သားခန့်ထားမှု(နိုင်ငံသား/နိုင်ငံခြားသား)
- ထုတ်လုပ်မှုအစီအစဉ်
- ငွေရေးကြေးရေးအထောက်အထား(ဘဏ်ငွေစာရင်းရှင်းတမ်း)

- CMP စာချုပ် (CMP လုပ်ငန်းများအတွက်သာ)
- ဝန်ဆောင်မှုဖြစ်ပါက နှစ်စဉ်ဝန်ဆောင်နိုင်မှု ပမာဏ နှင့် ဝန်ဆောင်မည့်အစီအစဉ်
- လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ သက်ဆိုင်ရာအဖွဲ့အစည်းမှ ခွင့်ပြုချက်(သို့) လိုင်စင် (သို့) အထောက်အထားများ(နည်းဥပဒေ ၃၈)
- လုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှု၊ CSR နှင့် မီးငြိမ်းသတ်မှု အစီအမံ။
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(လိုအပ်ပါက)

၆။ လက်ခံရန်သင့်-မသင့် [6] - အောက်ဖော်ပြပါအချက်များအပေါ် မူတည်၍ စိစစ်မည်ဖြစ်ပါသည်-

**ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာန**

– အဆိုပြုချက်တွင်တင်ပြထားသည့် တင်သွင်း/ တင်ပို့မည့် ကုန်ပစ္စည်းများသည် ရင်းနှီးမြှုပ်နှံမှုပြုမည့်လုပ်ငန်းနှင့် ငွေပမာဏ အတွင်း အကျုံးဝင်မှု ရှိ/ မရှိ။
– တင်သွင်း/ တင်ပို့မည့် ကုန်ပစ္စည်းများသည် တည်ဆဲထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေး ဥပဒေနှင့် အခြားဆက်နွယ်နေသော ဥပဒေများအရ တင်သွင်း/ တင်ပို့ခြင်း ခွင့်ပြု/ မပြု။

**ပြည်တွင်းအခွန်များဦးစီးဌာန**

– Withholding Tax ဖြတ်တောက်ပေးသွင်းရေးကိစ္စရပ်များအား ညွှန်ကြားလွှာ အမှတ် (၂/၂၀၁၇) နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ-မရှိ။
– မတည်ရင်းနှီးမှု၏ ဝင်ငွေရလမ်း စိစစ်ခြင်း။
– ပူးတွဲတင်ပြသောစာချုပ်များတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ထားခြင်းရှိ-မရှိ။
– နိုင်ငံပြင်ပချုပ်ဆိုထားသော စာချုပ်များအပေါ် မြန်မာနိုင်ငံတွင် အသုံးပြုရန် စာချုပ်ရောက်ရှိပြီး သုံးလအတွင်း တံဆိပ်ခေါင်းခွန်ကို ပြန်လည်ထမ်းဆောင်ထားခြင်း ရှိ-မရှိ။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

– တင်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်အား စိစစ်ခြင်း။

**အလုပ်သမားညွှန်ကြားမှုဦးစီးဌာန**

– လုပ်ခလစာ လျာထားချက်အား စိစစ်ခြင်း။
– လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှုစိစစ်ခြင်း။

**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**

– အဆိုပြုလုပ်ငန်းနှင့် အသုံးပြုမည့် လုပ်သားဦးရေ၊ ကုန်ကြမ်း/ ကုန်ချောသုံးစွဲမှုများ ကိုက်ညီမှုရှိ-မရှိ။

**မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**

– ဌားရမ်းသည့်ဈေးနှုန်းသည် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအရ သင့်လျော်မှု ရှိ/မရှိ

- Location ၊ ပတ်ဝန်းကျင်၊ ရေရရှိနိုင်မှုနှင့် ရေရှည်သုံးစွဲ နိုင်မည့် အစီအစဉ်
- မြေငှားစာချုပ်ပါ အချက်အလက်များ
- ပိုင်ဆိုင်မှုအထောက်အထားခိုင်မာမှု၊ တရားဝင်ဖြစ်မှု ရှိ၊ မရှိ
- လမ်းပန်းဆက်သွယ်ရေးနှင့် ယာဉ်အသွားအလာချောမွေ့ အဆင်ပြေမှု ရှိ၊ မရှိ
- မြေပြင်အနေအထားနှင့် အသုံးပြုမည့် အဆောက်အဦများ သင့်လျော်မှု ရှိ၊ မရှိ

**လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

- လျှပ်စစ်ဓါတ်ပမာဏသည် လုပ်ငန်းနှင့် ကိုက်ညီမှု ရှိ/မရှိ။
- ပြည်ပမှ ဝယ်ယူတင်သွင်းမည့် လျှပ်စစ်ပစ္စည်းများသည် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပစ္စည်းများ ဟုတ်၊ မဟုတ်။
- လျှပ်စစ်ဓါတ်အား အသုံးပြုမှုပမာဏ ပုံစံ (၁) ၉ (ဆ) နှင့် စိစစ်ခြင်း။
- တစ်နှစ်အသုံးပြုမည့် လျှပ်စစ်ယူနစ်(သို့) KWH ပမာဏသည် လုပ်ငန်းသဘောသဘာဝနှင့် ကိုက်ညီမှု ရှိ၊ မရှိ။
- အသုံးပြုမည့် လျှပ်စစ်ဓာတ်အား ပမာဏသည် လုပ်ငန်းနှင့် လိုက်လျောညီထွေမှု ရှိ၊မရှိ။
- On Grid (သို့မဟုတ်) Off Grid စိစစ်ခြင်း။
- ထရန်စဖော်မာ/ ဓါတ်အားခွဲရုံ တည်ဆောက်မည့်နေရာအား Layout Drawing ဖြင့် စိစစ်ခြင်း။
- ဓာတ်အား မရရှိသည့်အချိန်တွင် Stand By Generator များ ထားရှိနိုင်ရေး စိစစ်ခြင်း။
- ပြည်ပမှတင်သွင်းမည့် လျှပ်စစ်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် အတိုင်း အတာများ သည် အဆိုပြုလုပ်ငန်းနှင့် သင့်လျော်မှု ရှိ-မရှိ။

၇။ **ဝန်ဆောင်စရိတ်** [၇] - နောက်ဆက်တွဲ (၁) ပါအတိုင်း ဖြစ်ပါသည်။

၈။ **သက်ဆိုင်ရာဌာနများ၏ သဘောထား မှတ်ချက်ရယူရန်လိုအပ်ပါက** [၈] - အောက်ပါလုပ်ငန်းများ ဖြစ်ပါက သဘောထားမှတ်ချက်များ ရယူရန်လိုအပ်ပါသည်-

ဟိုတယ်လုပ်ငန်း - ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ကယားပြည်နယ်)
- ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
- ပြည်နယ်မီးသတ်ဦးစီးဌာန

၉။ **R & SIC က အတည်ပြုမိန့်ပေးအပ်နိုင်သည့် လုပ်ငန်း** [၉] - မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၅ သန်း သို့မဟုတ် မြန်မာကျပ်ငွေ သန်း ၆၀၀၀ အထိရှိသည့် လုပ်ငန်းများကို သက်ဆိုင်ရာ R&SIC များက အတည်ပြုမိန့်ပေးအပ်နိုင်ပါသည်။ အဆိုပါ ပမာဏထက်ပိုသည့် လုပ်ငန်းများအား MIC က အတည်ပြုမိန့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၁၀။ **ခွင့်ပြုရန် သင့်-မသင့်** [၁၀] - အောက်ပါအချက်များအပေါ်မူတည်၍ စိစစ်ပါသည်-

- မြန်မာနိုင်ငံသား အစုရှယ်ယာပါဝင်မှုရာခိုင်နှုန်း

- နိုင်ငံသားအလုပ်သမားခန့်အပ်မှု (ကျွမ်းကျင်မှုမလိုသောအလုပ်) နှင့် နိုင်ငံသား အလုပ်သမားခန့်အပ်မှု (ကျွမ်းကျင်မှုလိုအပ်သောအလုပ်- အကြီး တန်း/ နည်းပညာ/ အကြံပေး/ လုပ်ငန်း ကျွမ်းကျင်)
- ပြည်ပဈေးကွက် တင်ပို့ရောင်းချမှုရာခိုင်နှုန်း
- ရင်းနှီးမြှုပ်နှံမှုပမာဏ
- လုပ်ငန်းတည်နေရာ
- ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား
- ကုမ္ပဏီ၏ အရည်အသွေး
- လုပ်ငန်း၏ နည်းပညာအဆင့်အတန်း
- CSR ဆောင်ရွက်မှု အစီအစဉ်
- သယံဇာတအခြေခံ သုံးစွဲမှုရာခိုင်နှုန်း
- မြန်မာနိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းကျန်ရှိမှု ပမာဏ
- ပတ်ဝန်းကျင်ထိခိုက်မှုနိုင်မှု အခြေအနေ
- လူမှုရေးထိခိုက်နိုင်မှု အခြေအနေ
- ပြည်တွင်းကုန်ကြမ်း အသုံးပြုမှုရာခိုင်နှုန်း
- ရင်းနှီးမြှုပ်နှံမှုသက်တမ်း

**တာဝန်ဝတ္တရားများနှင့် ကြာချိန်**

၁။ လုပ်ငန်းစဉ် ၁ သည် ရင်းနှီးမြှုပ်နှံသူကဆောင်ရွက်ရန်ဖြစ်ပါသည်။

၂။ လုပ်ငန်းစဉ် ၂ သည် ရင်းနှီးမြှုပ်နှံသူကဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ လုပ်ငန်းစဉ် ၃-၀၁ နှင့် ၃-၀၂ သည် KIC အတွင်းရေးမှူးရုံးက ဆောင်ရွက်မည်ဖြစ်ပါသည်။ (ပြည့်စုံမှုရှိ-မရှိ စစ်ဆေးခြင်းသည် အလုပ်လုပ်ရက် ၁ ရက်ကြာမြင့်ပါမည်။ လုပ်ငန်းစဉ် ၂ ကို ပြန်လည်ဆောင်ရွက်ရမည့်သူများအတွက် အလုပ်လုပ်ရက် ငါးရက်အတွင်း ပြည့်စုံမှုမရှိကြောင်း သို့မဟုတ်ငြင်းပယ်ကြောင်းKICအတွင်းရေးမှူးရုံးကအကြောင်းကြားမည်ဖြစ်ပါသည်။ လုပ်ငန်းစဉ် ၄ ကို ဆက်လက်ဆောင်ရွက်ရန် နောက်ထပ် အလုပ်လုပ်ရက် ၄ ရက်ကြာမြင့်ပါမည်။)

၄။ လုပ်ငန်းစဉ် ၄-၀၁ နှင့် ၄-၀၂ သည် KIC အတွင်းရေးမှူးရုံးက ဆောင်ရွက်မည်ဖြစ်ပါသည်။ အတည်ပြုလျှောက်ထားလွှာအား လက်ခံရန် သင့် မသင့် ကို အလုပ်လုပ်ရက် ၁၅ ရက် အတွင်း ဆုံးဖြတ်မည်ဖြစ်ပါသည်။ (လုပ်ငန်းစဉ် ၄-၀၂ အတွက် အလုပ်လုပ်ရက် ၅ ရက်အတွင်း KIC အတွင်းရေးမှူးရုံးက အကြောင်းကြားမည်ဖြစ်ပါသည်။

၅။ လုပ်ငန်းစဉ် ၅ သည် ရင်းနှီးမြှုပ်နှံသူကဆောင်ရွက်ရန်ဖြစ်ပါသည်။ DICA ကယားပြည်နယ် ဦးစီးမှူးရုံးက ငွေလက်ခံမည်ဖြစ်ပါသည်။

၆။ လုပ်ငန်းစဉ် ၆ သည် အမှုတွဲကိုင်သူ အရာရှိကတစ်ဆင့် အဆင့်ဆင့်တင်ပြ၍ KIC အတွင်းရေးမှူးက လက်မှတ်ရေးထိုး၍ သဘောထားများတောင်းခံသွားမည် ဖြစ်ပါသည်။ (ပျမ်းမျှအားဖြင့် ပုံမှန်လုပ်ငန်းများအတွက် အလုပ်လုပ်ရက် ၁၀ ရက် ကြာပါမည်။)

၇။ လုပ်ငန်းစဉ် ၇ သည် အမှုတွဲကိုင်သူအရာရှိကတစ်ဆင့် အဆင့်ဆင့်တင်ပြ၍ KIC အတွင်းရေးမှူးက လက်မှတ်ရေးထိုး၍ ရင်းနှီး မြှုပ်နှံသူထံသို့ အကြောင်းကြားမည်ဖြစ်ပါသည်။(အလုပ်လုပ်ရက် ၁ ရက်ကြာမြင့်ပါမည်။)

၈။ လုပ်ငန်းစဉ် ၈ သည် ရင်းနှီးမြှုပ်နှံသူကဆောင်ရွက်ရန်ဖြစ်ပါသည်။

၉။ လုပ်ငန်းစဉ် ၉ သည် KIC အတွင်းရေးမှူး ရုံးကဆောင်ရွက်မည်ဖြစ်ပါသည်။ (လုပ်ငန်းစဉ် ၉-၀၁ အတွက် ၁ ရက် ကြာမြင့်မည်ဖြစ်ပါသည်။ လုပ်ငန်းစဉ် ၉-၀၂ အတွက် အလုပ်လုပ်ရက် ၁၀ ရက် အတွင်း MIC သို့ ဆက်လက်တင်ပြပေးမည်ဖြစ်ပါသည်။

၁၀။ လုပ်ငန်းစဉ် ၁၀ သည် KIC အတွင်းရေးမှူး ရုံးက ဆောင်ရွက်မည်ဖြစ်ပါသည်။ (အလုပ်လုပ်ရက် ၁ ရက် ကြာမြင့်မည်ဖြစ်ပါသည်)

၁၁။ လုပ်ငန်းစဉ် ၁၁ သည် ရင်းနှီးမြှုပ်နှံသူကဆောင်ရွက်ရန်ဖြစ်ပါသည်။

၁၂။ လုပ်ငန်းစဉ် ၁၂ သည် အမှုတွဲကိုင်သူအရာရှိကအဆင့်ဆင့်တင်ပြ၍ KIC ဥက္ကဋ္ဌ လက်မှတ်ရေးထိုး၍ အတည်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။(အလုပ်လုပ်ရက် ၁၀ ရက် အတွင်း ထုတ်ပေးပါမည်။)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက်စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

### ရည်ရွယ်ချက်

ဤလုပ်ထုံးလုပ်နည်းသည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့် ထုတ်ပေးထားသည့် လုပ်ငန်းများက အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားခြင်း၊ အတည်ပြုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်မှု ရှိ-မရှိ ကြီးကြပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန် လိုအပ်သည့် အထောက်အပံ့များပေးအပ်ခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု ရှိပြီး လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းများသည့် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ရရှိထားသည့် လုပ်ငန်းများနှင့် သက်ဆိုင်စေရမည်။

### အတိုကောက်စကားလုံးများ

အတိုကောက်စကားလုံးများသည် အောက်ပါအတိုင်းအဓိပ္ပါယ်သက်ရောက်ပါသည်-

၁။ MIC = မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၂။ KIC = ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

၃။ KICSO = ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးရုံး

၄။ KIMT = ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့

၅။ SOP = စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

### လုပ်ငန်းစဉ်များ

လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်-

၁။ ရင်းနှီးမြှုပ်နှံသူက မိမိလျှောက်ထား/ တင်ပြလိုသည့် အကြောင်းအရာအား **လိုအပ်သည့်စာရွက်စာတမ်းများ** [၁] နှင့်တကွ တင်ပြလျှောက်ထားခြင်း။

၁-၀၁။ MIC သို့ တင်ပြရမည့်ကိစ္စရပ်များအတွက် [၂] KISCO မှ တစ်ဆင့် တင်ပြလျှောက်ထားခြင်း။

၁-၀၂။ MIC သို့ တင်ပြရန် မလိုအပ်သည့် ကိစ္စရပ်များအတွက် KISCO သို့ လျှောက်ထားခြင်း။

၂။ လျှောက်ထားတင်ပြမှုအတွက် **ဝန်ဆောင်စရိတ်** [၃] ပေးသွင်းခြင်း။

၃။ သက်ဆိုင်ရာဌာနများမှ သဘောထားတောင်းခံရန် လိုအပ်မှု ရှိ မရှိ အပေါ်မူတည်၍-

၃-၀၁။ အောက်ဖော်ပြပါ တင်ပြလျှောက်ထားမှုများအတွက် KICSO က သဘောထားများ တောင်းခံခြင်း-

(က) လုပ်ငန်းတည်နေရာပြောင်းလဲခြင်း/ တိုးချဲ့ခြင်းဆောင်ရွက်ရာတွင် မြေ၏မူလရည်ရွယ်ချက်နှင့် တူညီမှုမရှိပါက ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာဌာနများအား သဘောထားတောင်းခံခြင်း။

(ခ) တည်ဆောက်ရေးကာလနှင့်စပ်လျဉ်း၍ အစိုးရဌာန/ အစိုးရအဖွဲ့အစည်းနှင့် သဘောတူညီချက် တစ်စုံတစ်ရာရှိပါက ဆက်ဆိုင်ရာဌာနသို့သဘောထား တောင်းခံခြင်း။

၃-၀၂။ လုပ်ငန်းစဉ် ၄ သို့ဆက်လက်ဆောင်ရွက်ခြင်း။

၄။ **ကွင်းဆင်းစစ်ဆေးရန်လိုအပ်မှု ရှိ မရှိ** [၄] အပေါ်မူတည်၍-

၄-၀၁။ လိုအပ်ပါက KIMT က ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းစဉ် ၅ သို့ ဆက်လက်ဆောင်ရွက်ခြင်း။

၄-၀၂။ မလိုအပ်ပါက လုပ်ငန်းစဉ် ၅ သို့ဆက်လက်ဆောင်ရွက်ခြင်း။

၅။ MIC သို့ ဆက်လက်တင်ပြရန် လိုအပ်မှု ရှိ မရှိအပေါ် မူတည်၍-

၅-၀၁။ MIC သို့ တင်ပြရမည့်ကိစ္စရပ်များအတွက် စာရွက်စာတမ်းပြည့်စုံမှု ရှိ မရှိနှင့် လျှောက်ထားတင်ပြမှု မှန် မမှန် KICSO က စိစစ်၍[၅] MIC သို့ဆက်လက်တင်ပြခြင်း။

၅-၀၂။ MIC သို့ တင်ပြရမည့် ကိစ္စရပ်များမဟုတ်ပါက စာရွက်စာတမ်းပြည့်စုံမှု ရှိ မရှိနှင့် လျှောက်ထားတင်ပြမှု မှန် မမှန် KICSO က စိစစ်ပြီး KIC အစည်းအဝေးသို့တင်ပြ၍ KIC အစည်းအဝေးသို့ဆက်လက်တင်ပြခြင်း။

၆။ MIC နှင့် KIC အစည်းအဝေးက ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း-

၆-၀၁။ KIC အစည်းအဝေးက ခွင့်ပြုပါက လျှောက်ထားမှုအား ခွင့်ပြုကြောင်း ရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားခြင်း။

၆-၀၂။ MIC က လျှောက်ထားတင်ပြမှုအပေါ် လိုအပ်သောစိစစ်မှုများ ပြုလုပ်ပြီးနောက်ခွင့်ပြုကြောင်း ရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားခြင်း။

၆-၀၃။ KIC အစည်းအဝေး သို့မဟုတ် MIC က ခွင့်မပြုပါက သို့မဟုတ် KICSO ကလျှောက်ထား/ တင်ပြမှု မမှန်ကန် ဟုယူဆပါက လိုအပ်ချက်များပြင်ဆင်၍ ပြန်လည်လျှောက်ထားတင်ပြလိုလျှင် လုပ်ငန်း စဉ် ၃ သို့ ပြန်လည်ဆောင်ရွက်ခြင်း။


၇။ လျှောက်ထားတင်ပြမှုသည် အတည်ပြုမိန့်တွင် ပြင်ဆင်ရန်လိုအပ်မှု ရှိ မရှိ အပေါ်မူတည်၍-

၇-၀၁။ ပြင်ဆင်ရန်လိုအပ်ပါက အတည်ပြုမိန့်တွင် ပြင်ဆင်ရန် ရင်းနှီးမြှုပ်နှံသူက **ဝန်ဆောင်စရိတ်** [၆] ပေးသွင်းခြင်းနှင့် KICSO က ခွင့်ပြုမိန့်ပြင်ဆင်ခြင်း။

၇-၀၂။ ပြင်ဆင်ရန်မလိုအပ်ပါက လုပ်ငန်းစဉ် ၈ သို့ဆက်လက်ဆောင်ရွက်ခြင်း။

၈။ ရင်းနှီးမြှုပ်နှံသူက တင်ပြလျှောက်ထားမှုများအတိုင်း ဆက်လက်ဆောင်ရွက်ခြင်း။

## လုပ်ငန်းစဉ် Flow Chart



**အဓိပ္ပာယ်ရှင်းလင်းချက်**

၁။ **လိုအပ်သည့်စာရွက်စာတမ်းများ -**

**(က) တင်ပြ/ လျှောက်ထားမှုအားလုံးအတွက် အောက်ပါစာရွက်စာတမ်းများလိုအပ်ပါသည်-**

(၁) ကုမ္ပဏီ၏ တင်ပြစာ (နောက်ဆက်တွဲ ၂ ပါ ပုံစံအတိုင်းတင်ပြရန်)

(၂) ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာ (နောက်ဆက်တွဲ ၃ ပါ ပုံစံအတိုင်းတင်ပြရန်)

**(ခ) တင်ပြ/ လျှောက်ထားမည့် အကြောင်းအရာအပေါ်မူတည်၍ အောက်ပါစာရွက်စာတမ်းများ ထပ်မံလိုအပ်ပါသည်-**

**(၁) ဝင်ငွေခွန်ကင်းလွတ်ခွင့်လျှောက်ထားမည်ဆိုပါက-**

- လျှောက်ထားလွှာ ပုံစံ (၆)
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၂) တစ်နှစ်အတွင်းပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအတွက် အခွန်ကင်းလွတ်ခွင့် သက်သာခွင့် လျှောက်ထားခြင်းဖြစ်ပါက-**

- လျှောက်ထားလွှာ ပုံစံ (၆)
- ရင်းနှီးမြှုပ်နှံမှုအမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
- အမြတ်ရရှိခဲ့သည့်နှစ်၏ စာရင်းစစ်အစီရင်ခံစာ
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၃) ပြည်ပမှ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ဖြင့် လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်း / ကုန်ကြမ်းများတင်သွင်းခွင့် လျှောက်ထားခြင်းဖြစ်ပါက-**

- အဆိုပြုချက်ပါ စက်ပစ္စည်းစာရင်း/ ကုန်ကြမ်းစာရင်း(Norm နဲ့တကွ)
- လျှောက်ထားလွှာ ပုံစံ (၆)

**(၄) ပြည်ပမှအခွန်ပေးဆောင်၍ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်း / ကုန်ကြမ်းများတင်သွင်းခွင့်လျှောက်ထားခြင်းဖြစ်ပါက-**

- အဆိုပြုချက်ပါ ကုန်ကြမ်း/ စက်ပစ္စည်းစာရင်း/ ကုန်ကြမ်းစာရင်း
- Pro Forma Invoice

**(၅) ပြည်ပမှ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းတင်သွင်းရန် လျှောက်ထားခြင်းဖြစ်ပါက-**

- ပုံစံ(၆)ဖြင့်တင်ပြမှုအပေါ် MIC က တင်သွင်းခွင့်ပြုထားသည့် ခွင့်ပြုချက်
- အဆိုပါခွင့်ပြုချက်အရခွင့်ပြုထားသည့် စက်ပစ္စည်းစာရင်း
- **အခွန်ကင်းလွတ်ခွင့်သက်သာခွင့်ဖြင့်တင်သွင်းခြင်းဖြစ်ပါက** မူလတင်သွင်း ခွင့်ပြုစာရင်း၊ တင်သွင်းပြီးစာရင်းနှင့် တင်သွင်းရန်ကျန်စာရင်းများ နှိုင်းယှဉ်မှုဇယား

(နောက်ဆက်တွဲ ၄ ပါနမူနာအတိုင်း) (Machinery/ Equipment/ Construction Material Balance Sheet)

- **အခွန်ပေးဆောင်၍တင်သွင်းလိုခြင်းဖြစ်ပါက** ယခင်အခွန်ပေးဆောင်သွင်းခဲ့သည့် စာရင်း (နောက်ဆက်တွဲ ၄ ပါနမူနာအတိုင်း) (Machinery/ Equipment/ Construction Material Balance Sheet)
- Pro Forma Invoice
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၆) ခွင့်ပြုထားသည့် ပြည်ပမှ တင်သွင်းခွင့်ပြုသည့် လုပ်ငန်းသုံးပစ္စည်း နှင့် စက်ပစ္စည်း စာရင်းကို ပြင်ဆင်ခွင့်တင်ပြခြင်းနှင့်ပြင်ဆင်တင်သွင်းခြင်းဖြစ်ပါက-**

- ပုံစံ(၆)ဖြင့်တင်ပြမှုအပေါ် MIC က တင်သွင်းခွင့်ပြုထားသည့်ခွင့်ပြုချက်
- အဆိုပါခွင့်ပြုချက်အရ စက်ပစ္စည်းစာရင်း
- မူလတင်သွင်းခွင့်ပြုစာရင်း၊ တင်သွင်းပြီးစာရင်းနှင့် တင်သွင်းရန်ကျန်စာရင်းများ နှိုင်းယှဉ်မှုဇယား (နောက်ဆက်တွဲ ၄ ပါနမူနာအတိုင်း) (Machinery/ Equipment/ Construction Material Balance Sheet)
- Pro Forma Invoice
- မူလခွင့်ပြုစက်ပစ္စည်းစာရင်းနှင့် ပြင်ဆင်/ အစားထိုးစာရင်းအား အခွန်နှုန်းထား နှိုင်းယှဉ်တွက်ချက်ဖော်ပြမှုဇယား (နောက်ဆက်တွဲ ၅ ပါနမူနာအတိုင်း)

**(၇) ပြည်ပသို့ရာနှုန်းပြည့်တင်ပို့ခြင်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ကုန်ကြမ်း တင်သွင်းခြင်းဖြစ်ပါက-**

- ပုံစံ(၆) ဖြင့်တင်ပြမှုအပေါ် MIC က တင်သွင်းခွင့်ပြုထားသည့်ခွင့်ပြုချက်
- အဆိုပါခွင့်ပြုချက်အရ ကုန်ကြမ်းပစ္စည်းစာရင်း
- မူလတင်သွင်းခွင့်ပြုစာရင်း၊ တင်သွင်းပြီးစာရင်းနှင့် တင်သွင်းရန်ကျန်စာရင်းများ နှိုင်းယှဉ်မှုဇယား (နောက်ဆက်တွဲ ၄ ပါနမူနာအတိုင်း) (Machinery/ Equipment/ Construction Material Balance Sheet)
- Pro Forma Invoice
- သွင်းကုန်ကြေညာလွှာများ
- ယခင်တင်ပို့ထားသည့် ထုတ်ကုန်ကြေငြာလွှာများ

**(၈) CMP လုပ်ငန်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်ကနဦးကုန်ကြမ်းတင်သွင်း ခြင်းဖြစ်ပါက-**

- ပုံစံ (၆)
- မူလ အဆိုပြုချက်ပါကုန်ကြမ်းစာရင်း
- အမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
- ကုန်ကြမ်းနှိုင်းယှဉ်ဇယား (တစ်နှစ်စာနှင့် နှစ်လစာ)
- Pro Forma Invoice

– Sale Contract

**(၉) ပြည်ပသို့ရာနှုန်းပြည့်တင်ပို့ခြင်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ကနဦး ကုန်ကြမ်း တင်သွင်းခြင်းဖြစ်ပါက**

– မူလ အဆိုပြုချက်ပါကုန်ကြမ်းစာရင်း
– Pro Forma Invoice
– Sale Contract

**(၁၀) နိုင်ငံခြားသားအရေးအတွက်အား ခန့်အပ်ခြင်း/ ထပ်မံတိုးမြှင့် ခန့်အပ်ခြင်း/ အစားထိုး ခန့်အပ်ခြင်းဖြစ်ပါက-**

– ပုံစံ ၁၂ (က)
– ခန့်အပ်ခံရမည့် ပုဂ္ဂိုလ်များ၏ နိုင်ငံကူးလက်မှတ်မိတ္တူ
– ခန့်အပ်မည့်ရာထူးနှင့်စပ်လျဉ်းသည့် ဘွဲ့လက်မှတ်/ ဒီပလိုမာ/ ကျွမ်းကျင်မှု အထောက်အထား (ပြည်ပ)
– ခန့်အပ်ခံရမည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအကျဉ်း (နောက်ဆက်တွဲ ၅ ပါအတိုင်း)
– နိုင်ငံခြားသားကျွမ်းကျင်သူအလုပ်ခန့်အပ်မှုဆိုင်ရာအကျဉ်းချုပ်ဇယား (နောက်ဆက်တွဲ ၆ ပါအတိုင်း)
– အစားထိုး ခန့်အပ်ခြင်းဖြစ်ပါက မူလခန့်အပ်ထားသူ၏ နုတ်ထွက်ကြောင်း ကော်မရှင်သို့ တင်ပြထားသည့်အထောက်အထား

**(၁၁) စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်အား တင်ပြခြင်းဖြစ်ပါက-**

– လျှောက်ထားလွှာပုံစံ (၁၄)
– ED အထောက်အထား၊ ပြည်တွင်းရောင်းပြေစာ၊ ဝင်ငွေအထောက်အထား
– သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လိုင်စင် / ပါမစ်ကဲ့သို့သော လုပ်ငန်းခွင့်ပြုချက်
– မူလတင်သွင်းခွင့်ပြုစာရင်း၊ တင်သွင်းပြီးစာရင်းနှင့် တင်သွင်းရန်ကျန်စာရင်းများ နှိုင်းယှဉ်မှုဇယား (နောက်ဆက်တွဲ ၄ ပါနမူနာအတိုင်း) (Machinery/ Equipment/ Construction Material Balance Sheet)
– ရင်းနှီးမြှုပ်နှံမှုအမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
– ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၂) တည်ဆောက်ရေးကာလစတင်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်းဖြစ်ပါက-**

– ခိုင်လုံသည့်အကြောင်းအရင်းဖော်ပြချက်နှင့် အထောက်အထားစာရွက်စာတမ်းများ

**(၁၃) တည်ဆောက်ရေးကာလတိုးမြှင့်ခြင်းဖြစ်ပါက-**

– စက်ရုံတည်ဆောက်ဆဲ ဓါတ်ပုံအထောက်အထားများ
– နောက်ဆက်တွဲဇယားပါ တည်ဆောက်ပြီးစီးမှုရာခိုင်နှုန်း
– ခိုင်လုံသည့်အကြောင်းအရင်းဖော်ပြချက်နှင့် အထောက်အထားစာရွက်စာတမ်းများ

**(၁၄) လုပ်ငန်းတိုးချဲ့ခြင်း/ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း/ လျှော့ချခြင်းဖြစ်ပါက-**

- ရင်းနှီးမြှုပ်နှံမှုအမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား (ဝင်ငွေရရှိခဲ့ပါက)
- လုပ်ငန်းတိုးချဲ့ရာတွင် ပြည်ပမှစက်ပစ္စည်းတင်သွင်းမှုများပါဝင်ပါက ပြည်ပမှ စက်ပစ္စည်းတင်သွင်းခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများ
- ရင်းနှီးမြှုပ်နှံမှုပုံစံ/ မတည်ငွေရင်း/ အစုရှယ်ယာထည့်ဝင်မှုဖော်ပြချက် အကျဉ်းချုပ်ဇယား (နောက်ဆက်တွဲ-၈ )
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၅) တည်နေရာတိုးချဲ့မည်ဆိုပါက-**

- မူလမြေနေရာနှင့် ထပ်မံတိုးချဲ့မည့်မြေနေရာနှစ်ခု ဆက်စပ်အကွာဝေးပြ မြေပုံ
- မြေငှားစာချုပ် (သို့မဟုတ်) မြေငှားစာချုပ်မူကြမ်း
- မြေပိုင်ရှင်၏ မြေပိုင်ဆိုင်ကြောင်းအထောက်အထား
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၆) ရင်းနှီးမြှုပ်နှံမှုပုံစံပြောင်းလဲမှု/ အစုရှယ်ယာပြောင်းလဲခြင်း/ ကုမ္ပဏီ၏ ပုံသေပိုင်ပစ္စည်းများ လွှဲပြောင်းခြင်းတို့အား တင်ပြခြင်းဖြစ်ပါက-**

- အမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
- Share Transfer Form (လွှဲပြောင်းပြီးဖြစ်ပါက တံဆိပ်ခေါင်းကပ်ပြီးဖြစ်ရမည်)
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား
- နိုင်ငံခြားသားများပါဝင်ပါက နိုင်ငံကူးလက်မှတ်မိတ္တူ/ လွှဲပြောင်းလက်ခံရယူမည့် ကုမ္ပဏီဆိုင်ရာအချက်အလက်များ
- မူလအစုရှယ်ယာတန်ဖိုးအတိုင်း ပြောင်းလဲခြင်းမဟုတ်ပါက Capital Gains Tax ဆောင်ထားသည့် အထောက်အထား
- ရှယ်ယာ ၅၀ ရာခိုင်နှုန်းအထက်အား ရင်းနှီးမြှုပ်နှံသူနှင့် ဆက်စပ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် မဟုတ်သူထံသို့ လွှဲပြောင်းခြင်း သို့မဟုတ် အများစုပိုင်ဆိုင်မှု/ ထိန်းချုပ်မှုအား လွှဲပြောင်းခြင်းဖြစ်ပါက လျှောက်ထားလွှာပုံစံ (၈)
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၇) ထုတ်ကုန်အမျိုးအစားပြင်ဆင်ခြင်း/တိုးမြှင့်ခြင်းဖြစ်ပါက-**

- ပြင်ဆင်/ ထပ်မံတင်သွင်းလိုသည့် စက်ပစ္စည်းစာရင်း
- အခြားပြင်ဆင်ချက်များ၏ မူလနှင့်ပြင်ဆင်မှုနှိုင်းယှဉ်ဖော်ပြချက်ဇယား (ထုတ်လုပ်မှုပစ္စည်းအမျိုးအစား၊ သုံးစွဲမည့်ကုန်ကြမ်း၊ အလုပ်သမားခန့်အပ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့်ဒေသ စသည်)
- စာချုပ်ချုပ်ဆိုထားခြင်းရှိပါက စာချုပ်(မူကြမ်း)

- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၈) နိုင်ငံခြားရင်းနှီးငွေယူဆောင်လာရမည့်ကာလ ပြောင်းလဲခြင်းဖြစ်ပါက-**

- ယူဆောင်လာပြီးသည့် ငွေနှင့် နိုင်ငံခြားရင်းနှီးငွေထပ်မံယူဆောင်လာမည့် အစီအစဉ်
- ပြောင်းလဲရခြင်း၏ အကြောင်းရင်းဖော်ပြချက်
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၁၉) ဘဏ္ဍာငွေလွှဲပြောင်းခြင်းဖြစ်ပါက-**

- လျှောက်ထားလွှာပုံစံ (၁၃)
- စာရင်းစစ်အစီရင်ခံစာ
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား
- Bank Statement

**(၂၀) ချေးငွေလျှောက်ထားခြင်း/ ချေးငွေပမာဏတိုးမြှင့်ခြင်း/ ပြင်ဆင်ခြင်းများအား တင်ပြခြင်းဖြစ်ပါက-**

- ပြန်လည်ပေးဆပ်မည့်အစီအစဉ်ပါဝင်သည့် ချေးငွေစာချုပ်
- ပြောင်းလဲဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်

**(၂၁) ရင်းနှီးမြှုပ်နှံသူ၏ အမည်/ နေရပ်လိပ်စာ/ လုပ်ငန်းတည်နေရာစသည့် အချက်အလက်များ ပြင်ဆင်ခြင်းဖြစ်ပါက-**

- ရင်းနှီးမြှုပ်နှံသူအမည် ပြောင်းလဲခြင်းဖြစ်ပါက အသစ်ပြောင်းလဲမည့်သူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူ
- ရှယ်ယာလွှဲပြောင်းသူအား ပြောင်းလဲခြင်းဖြစ်ပါက Share Transfer Form

**(၂၂) လုပ်ငန်းယာယီရပ်ဆိုင်းခြင်းဖြစ်ပါက-**

- အလုပ်သမားများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား

**(၂၃) တည်ဆောက်ရေးကာလယာယီရပ်ဆိုင်းခြင်းဖြစ်ပါက-**

- အကြောင်းပြချက်နှင့် အထောက်အထား
- ပြီးစီးမှုရာခိုင်နှုန်း (ဓာတ်ပုံနှင့်တကွ)
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

**(၂၄) အတည်ပြုမိန့်ပြန်လည်အပ်နှံခြင်းဖြစ်ပါက-**

- ရင်းနှီးမြှုပ်နှံမှုအမှန်တကယ်ထည့်ဝင်ပြီးစီးမှုအထောက်အထား
- အခွန်ပေးဆောင်ပြီးစီးမှုအထောက်အထား/ အခွန်ပြေကြေကြောင်း အထောက်အထား
- ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်

၂။ MIC သို့တင်ပြရမည့်ကိစ္စရပ်များ၂- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၅၊ ၇၇နှင့် ၇၈ တို့နှင့် အကျုံးဝင်သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကိစ္စရပ်များ၊ နိုင်ငံခြားသား ကျွမ်းကျင် ပညာရှင်များ ခန့်အပ်ခြင်း၊ ထပ်မံတိုးမြှင့်ခန့်အပ်ခြင်း၊ အစားထိုးခန့်အပ်ခြင်း ကိစ္စရပ်များ၊ ဘဏ္ဍာငွေလွှဲပြောင်းခြင်း၊ ချေးငွေလျှောက်ထားခြင်း၊ ချေးငွေပမာဏ တိုးမြှင့်ခြင်း/ ပြင်ဆင်ခြင်း ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်ဆိုင်းခြင်းကိစ္စရပ်များကို MIC သို့ ဆက်လက်တင်ပြရမည်ဖြစ်ပါသည်။

၃။ ဝန်ဆောင်စရိတ် ၃ -နောက်ဆက်တွဲ ၁ ပါ အတိုင်းပေးသွင်းရန်ဖြစ်ပါသည်။

၄။ ကွင်းဆင်းစစ်ဆေးရန်လိုအပ်မှု ရှိ မရှိ ၄- အောက်ဖော်ပြပါ တင်ပြ/ လျှောက်ထားမှုများကို ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်-

(က) စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်အား တင်ပြခြင်း
(ခ) တည်ဆောက်ရေးကာလတိုးမြှင့်ခြင်း
(ဂ) လုပ်ငန်းတိုးချဲ့ခြင်း/ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း
(ဃ) တည်နေရာတိုးချဲ့ခြင်း
(င) လုပ်ငန်းယာယီရပ်ဆိုင်းခြင်း
(စ) အတည်ပြုမိန့်ပြန်လည်အပ်နှံခြင်း

၅။ လျှောက်ထား/ တင်ပြမှုအပေါ် KICSO က စိစစ်မည့်အချက်များ ၅- အောက်ဖော်ပြပါ အချက်များကိုစိစစ်မည်ဖြစ်ပါသည်-

(က) ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ။
(ခ) ပူးတွဲ တင်ပြရသည့် စာရွက်စာတမ်းများ မှန်ကန်မှု ရှိ မရှိ။
(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ မရှိ။

၆။ ဝန်ဆောင်စရိတ် ၆ - နောက်ဆက်တွဲ ၁ ပါအတိုင်း ဖြစ်ပါသည်။

## တာဝန်ဝတ္တရားများနှင့် ကြာချိန်

၁။ လုပ်ငန်းစဉ် ၁ သည် ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂။ လုပ်ငန်းစဉ် ၂ သည် ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ လုပ်ငန်းစဉ် ၃ သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးရုံးက က လက်မှတ်ရေးထိုး၍ သဘောထားများတောင်းခံသွားမည်ဖြစ်ပါသည်။

(ပျမ်းမျှအားဖြင့်ပုံမှန်လုပ်ငန်းများအတွက် အလုပ်လုပ်ရက် ၇ ရက်ခန့် ကြာမြင့်မည်ဖြစ်ပါသည်။)

၄။ လုပ်ငန်းစဉ် ၄-၀၁ သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့က ဆောင်ရွက်မည်ဖြစ်ပါသည်။

(ပျမ်းမျှအားဖြင့် လျှောက်ထား/ တင်ပြမှုအား လက်ခံရရှိပြီး အလုပ်လုပ်ရက် ၅ ရက်မှ ၇ ရက် အတွင်းတွင် ကွင်းဆင်းစစ်ဆေးပါသည်။)

၅။ လုပ်ငန်းစဉ် ၅ ကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လုပ်ငန်းစဉ် ၅-၀၁ သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးရုံးက စိစစ်မည်ဖြစ်ပါသည်။(ပျမ်းမျှအားဖြင့်ပုံမှန်လုပ်ငန်းများအတွက် အလုပ်လုပ်ရက် ၂ ရက် ခန့် ကြာမြင့်မည်ဖြစ်ပါသည်။)

(ခ) လုပ်ငန်းစဉ် ၅-၀၂ သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးရုံးက စိစစ်ပြီး KIC အစည်းအဝေးသို့ တင်ပြမည်ဖြစ်ပါသည်။ (KIC အစည်းအဝေးသည် ဥပဒေအရ တစ်လလျှင် တစ်ကြိမ် ပြုလုပ်ပါသည်။)

၆။ လုပ်ငန်းစဉ် ၆ ကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လုပ်ငန်းစဉ် ၆-၀၁ သည် အမှုတွဲကိုင်သူအရာရှိက အဆင့်ဆင့်တင်ပြ၍ KIC အတွင်းရေးမှူး ကလက်မှတ်ရေးထိုး၍ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ (အလုပ်လုပ်ရက် ၂ ရက်ကြာ မြင့်မည်ဖြစ်ပါသည်။)

(ခ) လုပ်ငန်းစဉ် ၆-၀၂ သည် MICက ရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

(ဂ) လုပ်ငန်းစဉ် ၆-၀၃ သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးရုံးက ဆောင်ရွက်မည်ဖြစ်ပါသည်။(အလုပ်လုပ်ရက် (၂) ရက်ကြာမြင့်မည်ဖြစ်ပါသည်။)

၇။ လုပ်ငန်းစဉ် ၇-၀၁ သည် ရင်းနှီးမြှုပ်နှံသူ နှင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ အတွင်းရေးမှူးရုံးက ဆောင်ရွက်ရမည်ဖြစ်ပါသည်။ (ဝန်ဆောင်စရိတ် ပေးသွင်းပြီးနောက် အလုပ်လုပ်ရက် ၁ ရက်ကြာမြင့်ပါမည်။)

၈။ လုပ်ငန်းစဉ် ၈ သည် ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ။ ကြာချိန်များသည် လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများပြည့်စုံသည့် တင်ပြ/ လျှောက်ထားမှု ဖြစ်မှသာ အကျုံးဝင်မည်ဖြစ်ပါသည်။)**

# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
# ကယားပြည်နယ်ဦးစီးမှူးရုံး
# ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းဆိုင်ရာ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ

## ရည်ရွယ်ချက်

ဤလုပ်ထုံးလုပ်နည်းသည် ကယားပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီ ၁ ခု အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအတွက် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အတွက် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ကြိုတင်ခန့်မှန်းသိမြင်နိုင်မှုများ တိုးတက်လာစေရန်၊ ဥပဒေနှင့်ညီညွတ်စေရန်နှင့်လျှောက်ထားရာတွင်လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းများသည် ကယားပြည်နယ်အတွင်း ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်လိုသည့် လုပ်ငန်းရှင်များ ပိုမိုရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အတွက်ရည်ရွယ်ပါသည်။

## အတိုကောက်စကားလုံးများ

အတိုကောက်စကားလုံးများသည် အောက်ပါအတိုင်းအဓိပ္ပါယ်သက်ရောက်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | DICA | = | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| ၂။ | KDICA | = | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး |
| ၃။ | MyCO | = | အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် |
| ၄။ | AR | = | နှစ်စဉ်အစီရင်ခံစာ |
| ၅။ | SOP | = | စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ |

## လုပ်ငန်းစဉ်များ

ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်သည့်လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

၁။ လုပ်ငန်းရှင်က လိုအပ်သော သတင်းအချက်အလက်နှင့် အကြံပြုချက်များ ရယူလိုခြင်း ရှိ မရှိ အပေါ်မူတည်၍-

၁-၀၁။ ရယူလိုပါက KDICA တွင် လိုအပ်သော သတင်းအချက်အလက်များ ရယူခြင်း။

၁-၀၂။ မရယူလိုပါက www.myco.dica.gov.mm သို့ ဝင်ရောက်ခြင်း။

၂။ CREATE AN ACCOUNT သို့ ဝင်ရောက်၍ Account ဖွင့်လှစ်ရန်လိုအပ်သောအချက်အလက်များ[၁] ဖြည့်စွက်၍ User ID နှင့် Password ရယူခြင်း။

၃။ Account ဖွင့်လှစ်ပြီးပါက User ID နှင့် Password ရိုက်ထည့်၍ Login ဝင်ရောက်ခြင်း။

၄။ ကုမ္ပဏီအမည်တူ ရှိ မရှိ COMPANY NAME AVAILABILITY SEARCH သို့ ဝင်ရောက် စစ်ဆေးခြင်း။

၅။ REGISTER A NEW COMPANY / ENTITY သို့ ဝင်ရောက်ပြီး မိမိ ဖွဲ့စည်းလိုသောကုမ္ပဏီအမျိုးအစား[J] ကိုရွေးချယ်ခြင်း။

၆။ ဖွဲ့စည်းမည့် ကုမ္ပဏီအမျိုးအစား ရွေးချယ်ပြီးပါက ကုမ္ပဏီဖွဲ့စည်းရန်လိုအပ်သောအချက်အလက်များ[၃] ကို ဖြည့်သွင်းခြင်း။

၇။ **ဝန်ဆောင်စရိတ်** [၄] ပေးသွင်းခြင်း။(Online Payment ဖြင့်သာဆောင်ရွက်ရပါမည်)

၈။ အချက်အလက်များဖြည့်သွင်းခြင်း နှင့်ဝန်ဆောင်စရိတ်များ ပေးသွင်းပြီးပါက လုပ်ငန်းရှင်က ထပ်မံအသေးစိတ် စစ်ဆေးပြီး **COMPLETE** နှိပ်၍ DICA သို့ တင်ပြခြင်း။

၉။ DICA မှ တင်ပြလာသည့် အချက်အလက်များကို စိစစ်ခြင်း-

၉-၀၁။ အချက်အလက်များ ပြည့်စုံ မှန်ကန်မှုရှိပါက DICA မှ အတည်ပြုခြင်း။

၉-၀၂။ အချက်အလက်များ ပြည့်စုံ မှန်ကန်မှု မရှိပါက DICA မှ လုပ်ငန်းရှင်သို့ Send Back ပြုလုပ်၍ အကြောင်းကြားပြီး လုပ်ငန်းရှင်က လုပ်ငန်းစဉ် ၅ ကို ပြန်လည်ဆောင်ရွက်ခြင်း။

၁၀။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ကို download ရယူခြင်း။ (မိမိ User ID & Password ဖြင့် Login ဝင်ပြီး COMPANIES I MANAGE → Company Profile → Print Certificate ကိုနှိပ်၍ download ပြုလုပ်ရမည်ဖြစ်ပါသည်)

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် ၂ လအတွင်း AR တင်ပြရန် နှင့် ၁ နှစ်လျှင် ၁ ကြိမ် AR ပုံမှန်တင်ပြရန်လိုအပ်ပါသည်။ AR တင်ပြသည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

၁။ www.myco.dica.gov.mm သို့ ဝင်ရောက်ခြင်း။

၂။ မိမိ User ID နှင့် Password ရိုက်ထည့်၍ Login ဝင်ရောက်ခြင်း။

၃။ LODGE OTHER FILINGS သို့ ဝင်ရောက်ခြင်း။

၄။ Search Box တွင် မိမိကုမ္ပဏီအမည် သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်နံပါတ် ကိုရိုက်ထည့်ပြီး မိမိကုမ္ပဏီအား Select နှိပ်၍ ရွေးချယ်ခြင်း။


၅။ FORM CATEGORY တွင် AR ကို Select နှိပ်၍ ရွေးချယ်ခြင်း။

၆။ Initial Filling ကို နှိပ်၍ လိုအပ်သော အချက်အလက်များကို ရွေးချယ်ခြင်း နှင့် ဖြည့်စွက်ခြင်း။

၇။ **ဝန်ဆောင်စရိတ်** [၄] ပေးသွင်းခြင်း။

၈။ အချက်အလက်များဖြည့်သွင်းခြင်း နှင့် ဝန်ဆောင်စရိတ်များ ပေးသွင်းပြီးပါက လုပ်ငန်းရှင်က ထပ်မံအသေးစိတ်စစ်ဆေးပြီး COMPLETE နှိပ်၍ လုပ်ငန်းစဉ်ပြီးဆုံးခြင်း။

## လုပ်ငန်းစဉ် Flow Chart



## အမိပ္ပာယ်ရှင်းလင်းချက်

၁။ Account ဖွင့်လှစ်ရန်လိုအပ်သောအချက်အလက်များ[၁] - ဆက်သွယ်ရန် ဖုန်းနံပါတ်၊ e-mail လိပ်စာ၊ နေရပ်လိပ်စာ၊ မိမိထားရှိလိုသည့် Login ID နှင့် Password နှင့် စီးပွားရေးလုပ်ငန်း အမည်(ဖြည့်သွင်းလိုပါက) များဖြစ်ပါသည်။ (အသုံးပြုမည့်အမည်အား အင်္ဂလိပ်အက္ခရာနှင့်/ သို့မဟုတ် ဂဏန်းအက္ခရာ ၆ လုံးမှ ၅၀ လုံး အတွင်း ဖြည့်သွင်းနိုင်သည်။ စကားဝှက်အား အင်္ဂလိပ်အက္ခရာ ၆ လုံးမှ ၂၀ လုံးအတွင်း ဖြည့်သွင်းနိုင်ပြီး အနည်းဆုံး အင်္ဂလိပ်အက္ခရာ ၁ လုံး နှင့် ဂဏန်းအက္ခရာ ၁ လုံးပါဝင်ရမည် ဖြစ်ပြီး အထူးပြုအက္ခရာများဖြစ်သော **!@#$%^&*()_+** စသည် ကိုလည်း အသုံးပြုနိုင်ပါသည်။)

၂။ ဖွဲ့စည်းလိုသောကုမ္ပဏီအမျိုးအစား[၂] - အောက်ပါအမျိုးအစားများဖြစ်ပါသည်-

(က) အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ

(ခ) အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့်အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ

(ဂ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ

(ဃ) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ

(င) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ (အသင်းအဖွဲ့များ)

(စ) ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီအက်ဥပဒေအရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ

(ဆ) ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီအက်ဥပဒေအရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ

(ဇ) ပြည်ပကော်ပိုရေးရှင်း

၃။ ကုမ္ပဏီဖွဲ့စည်းရန်လိုအပ်သောအချက်အလက်များ[၃] – အောက်ပါအချက်များဖြစ်ပါသည်-

(က) ပါဝင်မည့် ဒါရိုက်တာများ၏ အမည်၊ နေရပ်လိပ်စာအပြည့်အစုံ၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ e-mail လိပ်စာ။

(ခ) အစုရှယ်ယာရှင်များ၏ အမည်၊ နေရပ်လိပ်စာအပြည့်အစုံ၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ e-mail လိပ်စာ။

(ဂ) မှတ်ပုံတင်မိတ္တူ (PDF format ဖြင့် ပူးတွဲတင်ပြရပါမည်)

(ဃ) ကုမ္ပဏီရုံးခန်းလိပ်စာ

(င) အစုရှယ်ယာမတည်ငွေရင်း

(စ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ သတ်မှတ် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပုံစံကို အသုံးပြုကြောင်း သို့မဟုတ်

ကုမ္ပဏီမှ ရေးသားထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မှန်ကန်သည့် မိတ္တူ တစ်စောင်ကို PDF format ဖြင့် ပူးတွဲတင်ပြရပါမည်။) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ သတ်မှတ် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပုံစံကို https://www.myco.dica.gov.mm တွင် download ရယူ၍လေ့လာနိုင်ပါသည်။

၄။ **ဝန်ဆောင်စရိတ်** ၄ - နောက်ဆက်တွဲပါအတိုင်းဖြစ်ပါသည်။

## ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းအတွက် တာဝန်ဝတ္တရားများနှင့် ကြာချိန်

၁။ လုပ်ငန်းစဉ် ၁ မှ ၈ အထိသည် လုပ်ငန်းရှင်ကဆောင်ရွက်ရန်ဖြစ်ပါသည်။ (ပုံမှန်အားဖြင့် မိနစ် ၃၀ မှ ၁ နာရီအတွင်းပြီးဆုံးအောင်ဆောင်ရွက်နိုင်ပါသည်)

၂။ လုပ်ငန်းစဉ် ၉-၁၁ သည့် DICA မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ (ပုံမှန်အားဖြင့် ၂၄ နာရီအတွင်းပြီးမြောက်ပါသည်)

၃။ လုပ်ငန်းစဉ် ၉-၁၂ သည့် လုပ်ငန်းရှင်က ဆောင်ရွက်ရန်ဖြစ်ပါသည်။ (ပုံမှန်အားဖြင့် ၁၀ မိနစ်မှ ၁၅ မိနစ်အတွင်းပြီးဆုံးအောင်ဆောင်ရွက်နိုင်ပါသည်)

၄။ လုပ်ငန်းစဉ် ၁၀ သည် လုပ်ငန်းရှင်ကဆောင်ရွက်ရန်ဖြစ်ပါသည်။ (ပုံမှန်အားဖြင့် ၅ မိနစ်အတွင်း ပြီးဆုံးအောင်ဆောင်ရွက်နိုင်ပါသည်)

## Annual Return (AR)တင်ပြခြင်းအတွက်တာဝန်ဝတ္တရားများနှင့် ကြာချိန်

၁။ လုပ်ငန်းစဉ် ၁ မှ ၈ အထိသည် လုပ်ငန်းရှင်ကဆောင်ရွက်ရန်ဖြစ်ပါသည်။ (ပုံမှန်အားဖြင့် ၁၀ မိနစ်မှ ၁၅ မိနစ်အတွင်းပြီးဆုံးအောင်ဆောင်ရွက်နိုင်ပါသည်)

နောက်ဆက်တွဲ-၁

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် လျှောက်ထားလွှာများနှင့် ဝန်ဆောင်မှုနှုန်းထားများဇယား

| စဉ် | ဝန်ဆောင်မှု | မြန်မာကျပ် | မှတ်ချက် |
|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးလျှောက်ထားလွှာ | ၇,၅၀၀ | (အသေးစား မြန်မာ ကုမ္ပဏီအတွက် ၅,၀၀၀) |
| ၂ | အဆိုပြုချက်- စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ အောက် | ၅,၀၀၀ | |
| ၃ | အဆိုပြုချက်-စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀နှင့်၂၀,၀၀၀,၀၀၀အကြား | ၁၀၀,၀၀၀ | |
| ၄ | အဆိုပြုချက်-စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၂၀,၀၀၀,၀၀၁နှင့်၁၀၀,၀၀၀,၀၀၀အကြား | ၁၅၀,၀၀၀ | |
| ၅ | အဆိုပြုချက်-စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၀ နှင့်အထက် | ၅၀၀,၀၀၀ | |
| ၆ | အတည်ပြုလျှောက်ထားလွှာ | ၂၅,၀၀၀ | (အသေးစား မြန်မာ ကုမ္ပဏီအတွက် အခမဲ့) |
| ၇ | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်လျှောက်ထားလွှာ တင်ပြခြင်း-စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ အောက် | ၅၀,၀၀၀ | |
| ၈ | အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်လျှောက်ထားလွှာ တင်ပြခြင်း-စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ နှင့်အထက် | ၁၀၀,၀၀၀ | |
| ၉ | မြေအသုံးပြုခွင့် လျှောက်ထားလွှာတင်ပြခြင်း | ၅၀,၀၀၀ | |
| ၁၀ | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်းလျှောက် ထားလွှာ တင်ပြခြင်း- စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ အောက် | ၂၅,၀၀၀ | |
| ၁၁ | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်းလျှောက် ထားလွှာ တင်ပြခြင်း- စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ နှင့်အထက် | ၅၀,၀၀၀ | |
| ၁၂ | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်းလျှောက် ထားလွှာ တင်ပြခြင်း- စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၂၀,၀၀၀,၀၀၀ နှင့်အထက် | ၁၀၀,၀၀၀ | |
| ၁၃ | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်းလျှောက် ထားလွှာ တင်ပြခြင်း- - စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၀ အထက် | ၁၅၀,၀၀၀ | |
| ၁၄ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄၈(ခ)အရချမှတ်သောဆုံးဖြတ်ချက်အတွက် ရှင်းလင်းချက်တောင်းခံခြင်း | ၄၀,၀၀၀ | |
| ၁၅ | ခွင့်ပြုမိန့်ပြင်ဆင်ခြင်း | ၅၀,၀၀၀ | |
| ၁၆ | အတည်ပြုမိန့်ပြင်ဆင်ခြင်း | ၂၅,၀၀၀ | |
| ၁၇ | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြင်ဆင်ခြင်း | ၅၀,၀၀၀ | |
| ၁၈ | မြေအသုံးပြုခွင့် ပြင်ဆင်ခြင်း | ၅၀,၀၀၀ | |

| | | | |
|---|---|---|---|
| ၁၉ | နိုင်ငံခြားသားကျွမ်းကျင်သူများအတွက် အလုပ်လုပ်ခွင့် လျှောက်ထားခြင်း | ၂,၅၀၀ | |
| ၂၀ | ခွင့်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း | ၃၇၅,၀၀၀ | |
| ၂၁ | အတည်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း | ၂၅၀,၀၀၀ | |
| ၂၂ | ခွင့်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း | ၅၀,၀၀၀ | |
| ၂၃ | အတည်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း | ၂၅,၀၀၀ | |
| ၂၄ | ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ဆုံးဖြတ်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း | ၁၂,၅၀၀ (တစ်ရွက်လျှင်) | |
| ၂၅ | ကော်မရှင်ခွင့်ပြုချက်ပြန်ကြားစာ မိတ္တူကူးယူခြင်း | ၁၂,၅၀၀ (တစ်ရွက်လျှင်) | |
| ၂၆ | အဆိုပြုချက်/ အတည်ပြုလျှောက်ထားလွှာ မိတ္တူကူးယူခြင်း | ၂,၅၀၀ (တစ်ရွက်လျှင်) | |

**နောက်ဆက်တွဲ-၂**

---------------Company Letter Head---------------

သို့

ဥက္ကဋ္ဌ
ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ ----------------------------------------။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ - (ကုမ္ပဏီအမည်) -သည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ( - - ) ရက်စွဲပါ အတည်ပြုမိန့်အမှတ် (----/-----) အရ ---------------------------လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိထားပါသည်။

၂။ ကုမ္ပဏီသည်

(က)---------------------------------------------------------------------------

(ခ)---------------------------------------------------------------------------

(ဂ)---------------------------------------------------------------------------

စသည်တို့အား ဆောင်ရွက်လိုပါသည်။

၃။ --------------(မည်သည့်အတွက်ကြောင့်ဆောင်ရွက်လိုသည်ကိုဖော်ပြရန်)--------------------------
------------------------------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------------------------

၄။ သို့ပါ၍ - (ကုမ္ပဏီအမည်) - ၏ - (အပိုဒ်-၂ ပါအချက်များ) - တို့ကို ခွင့်ပြုပေးနိုင်ပါရန် ပူးတွဲပါအထောက်အထားများဖြင့် လေးစားစွာတင်ပြအပ်ပါသည်။

လျှောက်ထားသူလက်မှတ်

----------------

အမည် ----------------
ရာထူး ----------------

**နောက်ဆက်တွဲ-၃**

---------------Company Letter Head---------------

သို့

ဥက္ကဋ္ဌ
ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ ကိုယ်စားလှယ်လွှဲအပ်ခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍---------------------------------------------ကုမ္ပဏီသည် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ( - - ) ရက်စွဲပါ အတည်ပြုမိန့် အမှတ်(-------/------)အရ---------------------------------- လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိထားပါသည်။

၂။ လုပ်ငန်းကိစ္စအဝဝဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ကိုယ်စားလှယ်လွှဲအပ်ထားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| | | |
|---|---|---|
| အမည် | - | ------------------------------------------------- |
| ရာထူး | - | ------------------------------------------------- |
| လက်ရှိတာဝန်ထမ်းဆောင်နေသည့်ကုမ္ပဏီ | - | ------------------------------------------------- |
| မှတ်ပုံတင်အမှတ် | - | ------------------------------------------------- |
| နေရပ်လိပ်စာ | - | ------------------------------------------------- |
| | | ------------------------------------------------- |
| ဖုန်းနံပါတ် | - | ------------------------------------------------- |

၎င်း၏ ထိုးမြဲလက်မှတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)--------------- (ခ) ---------------- (ဂ)----------------

လျှောက်ထားသူလက်မှတ် ----------------
အမည် ----------------
ရာထူး ----------------

နောက်ဆက်တွဲ-၄

## မူလတင်သွင်းခွင့်ပြုစာရင်း၊ တင်သွင်းပြီးစာရင်းနှင့် တင်သွင်းရန်ကျန်စာရင်း နှိုင်းယှဉ်မှုဇယား

## (Machinery/ Equipment/ Construction Material Balance Sheet)

(အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| စဉ် | မူလခွင့်ပြုချက် | | | | | | | တင်သွင်းပြီး | | | | | | | တင်သွင်းရန်ကျန် | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမျိုးအမည် | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး | အမျိုးအစား | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး | အမျိုးအစား | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး | |
| | | % | တန်ဖိုး | | | | | | % | တန်ဖိုး | | | | | | % | တန်ဖိုး | | | | | |
| ၁။ | | | | | | | | | | | | | | | | | | | | | | |
| ၂။ | | | | | | | | | | | | | | | | | | | | | | |
| ၃။ | | | | | | | | | | | | | | | | | | | | | | |
| ၄။ | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |

***CD = Custom Duty**

နောက်ဆက်တွဲ-၅

# မူလခွင့်ပြု စက်ပစ္စည်းစာရင်းနှင့် ပြင်ဆင်/ အစားထိုးစာရင်းအား အခွန်နှုန်းထား နှိုင်းယှဉ်တွက်ချက်ဖော်ပြမှုဇယား

(အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| စဉ် | မူလခွင့်ပြုချက် | | | | | | | ပြင်ဆင်တင်ပြချက် | | | | | | | ကွာခြားချက် | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမျိုးအစား | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး (US $ သန်းပေါင်း) | အမျိုးအစား | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး (US $ သန်းပေါင်း) | အမျိုးအစား | CD | | ရေတွက်ပုံ | အရေအတွက် | နှုန်း | တန်ဖိုး (US $ သန်းပေါင်း) | |
| | | % | တန်ဖိုး | | | | | | % | တန်ဖိုး | | | | | | % | တန်ဖိုး | | | | | |
| ၁။ | | | | | | | | | | | | | | | | | | | | | | |
| ၂။ | | | | | | | | | | | | | | | | | | | | | | |
| ၃။ | | | | | | | | | | | | | | | | | | | | | | |
| ၄။ | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | | |

နောက်ဆက်တွဲ-၆

## CURRICULUM VITAE

1. NAME : ---------------------------------
2. NATIONALITY : ---------------------------------
3. DATE OF BIRTH : ---------------------------------
4. PASSPORT NO. : ---------------------------------
5. COUNTRY OF PASSPORT ISSUE/DATE : ---------------------------------
6. DATE OF PASSPORT EXPIRED : ---------------------------------
7. OCCUPATION : ---------------------------------
8. NAME OF COMPANY : ---------------------------------
9. ADDRESS OF FOREIGN : ---------------------------------
10. DATE OF ARRIVAL : ---------------------------------
11. STAY EXPIRY DATE : ---------------------------------
12. STAY EXTENSION TIMES : ---------------------------------
13. BUSINESS RELATION WITH THE APPLICANT COMPANY ORGANIZATION : ---------------------------------
14. PURPOSE OF VISIT MYANMAR IN DETAILS : ---------------------------------
15. EMPLOYMENT OF REGISTRATION WITH DEPT OF LABOUR IF ANY DURATION OF CONTRACT : ---------------------------------
16. ADDRESS IN MYANAMR : ---------------------------------
17. ADDRESS IN FOREIGN COMPANY : ---------------------------------
    ---------------------------------
18. REQUEST TIME : ---------------------------------

SIGN ---------------------

NAME ---------------------

POSITION ---------------------

COMPANY NAME ---------------------

**နောက်ဆက်တွဲ-၇**

## နိုင်ငံခြားသားကျွမ်းကျင်သူ အလုပ်ခန့်အပ်မှုဆိုင်ရာအကျဉ်းချုပ်စာရင်း

၁။ ခန့်အပ်မည့်ဝန်ထမ်းစုစုပေါင်း -

၂။ ခန့်အပ်မည့်ဝန်ထမ်းဆိုင်ရာအချက်အလက်များ-

| စဉ် | ခန့်အပ်မည့် ဝန်ထမ်း အမည် | နိုင်ငံသား | နိုင်ငံကူး လက်မှတ် အမှတ်နှင့် သက်တမ်း ကုန်ဆုံးမည့် ရက်စွဲ | (မြန်မာ နိုင်ငံသို့ ရောက်ရှိ နေပြီး ဖြစ်ပါက) ရောက်ရှိ သည့် ရက်စွဲ | ခန့်အပ်မည့် ရာထူး | ခန့်ထားမည့် ကာလ | ပညာ အရည်အချင်း |
|---|---|---|---|---|---|---|---|
| (က) | | | | | | | |
| (ခ) | | | | | | | |
| (ဂ) | | | | | | | |
| (ဃ) | | | | | | | |

၃။ ဝန်ထမ်းခန့်ထားပြီးစီးမှုနှိုင်းယှဉ်ဖော်ပြချက် -

| စဉ် | နိုင်ငံခြားသား ကျွမ်းကျင်သူ | | | မြန်မာနိုင်ငံသား ခန့်အပ်ပြီးအရေအတွက် |
|---|---|---|---|---|
| | မူလခွင့်ပြုထားသည့် အရေအတွက် | ခန့်အပ်ပြီး | ခန့်အပ်ရန်ကျန် | |
| | | | | |

၄။ ခန့်အပ်ပြီး နိုင်ငံခြားသားကျွမ်းကျင်သူဆိုင်ရာအချက်အလက်များ-

| စဉ် | ခန့်အပ်ပြီး ဝန်ထမ်းအမည် | နိုင်ငံသား | နိုင်ငံကူး လက်မှတ် အမှတ် | ခန့်အပ်ထားသည့် ရာထူး | ခန့်အပ်ထားသည့် ကာလ | ကော်မရှင် ခွင့်ပြုစာ အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| က | | | | | | | |
| ခ | | | | | | | |
| ဂ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

၅။ အစားထိုးခြင်း/ တိုးမြှင့်ခြင်းဖြစ်ပါက အကြောင်းရင်းဖော်ပြချက် -

နောက်ဆက်တွဲ-၈

## ရင်းနှီးမြှုပ်နှံမှုပုံစံ/ မတည်ငွေရင်း/ အစုရှယ်ယာထည့်ဝင်မှုဖော်ပြချက် အကျဉ်းချုပ်ဇယား

### ၁။ ရင်းနှီးမြှုပ်နှံမှုထည့်ဝင်မှုပုံစံ

(အမေရိကန်ဒေါ်လာ / ကျပ်သန်းပေါင်း)

| စဉ် | | ကော်မရှင်မှခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ | တိုးမြှင့်မည့်ပမာဏ | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|---|
| (က) | ငွေသား | | | |
| (ခ) | မြေငှားရမ်းခ | | | |
| (ဂ) | အဆောက်အအုံတန်ဖိုး | | | |
| (ဃ) | စက်ပစ္စည်းတန်ဖိုး | | | |
| (င) | ရုံးသုံးပရိဘောဂတန်ဖိုး | | | |
| | **စုစုပေါင်းတန်ဖိုး** | | | |

### ၂။ မတည်ငွေရင်းနှင့် ချေးငွေပမာဏထည့်ဝင်မှုပုံစံ

(အမေရိကန်ဒေါ်လာ / ကျပ်သန်းပေါင်း)

| | | ကော်မရှင်၏ မူလခွင့်ပြုချက် | | တိုးမြှင့်မည့် ပမာဏ | ပြောင်းလဲမှု | |
|---|---|---|---|---|---|---|
| | | ရင်းနှီးမြှုပ်နှံမှု ပမာဏ | ရာခိုင်နှုန်း | | ရင်းနှီးမြှုပ်နှံမှု ပမာဏ | ရာခိုင်နှုန်း |
| (က) | မတည်ရင်းနှီးငွေ | | | | | |
| (ခ) | ပြည်ပချေးငွေ | | | | | |
| | **စုစုပေါင်း** | | | | | |

## ၃။ အစုရှယ်ယာထည့်ဝင်မှုပုံစံ

(အမေရိကန်ဒေါ်လာ / ကျပ်သန်းပေါင်း)

| | အစုရှယ်ယာရှင်အမည် | အစုရှယ် အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | | | |
| (ခ) | | | |
| (ဂ) | | | |
| (ဃ) | | | |
| | စုစုပေါင်း | | |

နောက်ဆက်တွဲ(၉)

အခကြေးငွေ

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|---|
| ၁။ | **ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေ** | (က) အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ခြင်း လျှောက်လွှာ (ပုံစံက-၁ ) | ၁၅၀,၀၀၀ |
| | | (ခ) အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းလျှောက်လွှာ (ပုံစံက-၂) | ၂,၅၀၀,၀၀၀ |
| | | (ဂ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထား သည့် ကုမ္ပဏီ ဖွဲ့စည်းတည် ထောင်ခြင်း လျှောက်လွှာ(ပုံစံက-၃ ) | ၁၅၀,၀၀၀ |
| | | (ဃ) တာဝန် ကန့်သတ်မထားသည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်ခြင်း လျှောက်လွှာ (ပုံစံက-၄ ) | ၁၅၀,၀၀၀ |
| | | (င) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထား သည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင် သည့် အသင်းအဖွဲ့ ဖွဲ့စည်းတည်ထောင် ခြင်း လျှောက်လွှာ(ပုံစံက-၅ ) | ၅၀၀,၀၀၀ |
| | | (စ) ၁၉၅၀ပြည့်နှစ် အထူးကုမ္ပဏီများ အက် ဥပဒေအရ အစုရှယ်ယာများဖြင့်ကန့်သတ် ထားသည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းလျှောက် လွှာ (ပုံစံက-၆) | ၁၅၀,၀၀၀ |
| | | (ဆ) ၁၉၅၀ခုနှစ် အထူးကုမ္ပဏီများ အက် ဥပဒေအရအစုရှယ်ယာများဖြင့်ကန့်သတ် ထားသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းလျှောက် လွှာ (ပုံစံက-၇ ) | ၂,၅၀၀,၀၀၀ |

**အခကြေးငွေ**

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|---|
| | **ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေ** | (ဇ) ပြည်ပကော်ပိုရေးရှင်းများ မှတ်ပုံတင်ခြင်း လျှောက်လွှာ (ပုံစံက-၈ ) | ၁၅၀,၀၀၀ |
| ၂။ | **နှစ်စဉ်အစီရင်ခံစာ (ကုမ္ပဏီအားလုံးအတွက်)** | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း | ၅၀,၀၀၀ |
| ၃။ | **ကုမ္ပဏီအသေးစိတ် အချက် အလက်များ ပြောင်းလဲခြင်း** | (က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြောင်းလဲပြင်ဆင်ခြင်း (ပုံစံဂ-၁) | ၃၀,၀၀၀ |
| | | (ခ) ကုမ္ပဏီအမည်ပြောင်းလဲခြင်း (ပုံစံဂ-၂) | ၁၀၀,၀၀၀ |
| | | (ဂ) အစုရှယ်ယာမတည်ငွေရင်း သို့မဟုတ် ကုမ္ပဏီ ပါဝင်သူများ၏ မှတ်ပုံတင် စာရင်း ပြောင်းလဲခြင်း (ပုံစံဂ-၃) | ၁၀,၀၀၀ |
| | | (ဃ) မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်းကို အဓိက လုပ်ဆောင်သည့် လိပ်စာ ပြောင်းလဲ ပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြားစာ (ပုံစံဂ-၄) | ၃၀,၀၀၀ |
| | | (င) အစုရှယ်ယာများ၏ အခွင့်အရေးများ ပြောင်းလဲ သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာအကြောင်းကြားစာ (ပုံစံဂ-၈) | ၁၀,၀၀၀ |
| ၄။ | **ကုမ္ပဏီ အသေးစိတ် အချက် အလက်များပြောင်းလဲခြင်း– ဒါရိုက်တာများနှင့် အတွင်းရေး မှူးများ** | ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ၏ အချက်အလက်များ ပြောင်းလဲခြင်း(ပုံစံဃ-၁) | ၁၀,၀၀၀ |
| ၅။ | **ပြည်ပကော်ပိုရေးရှင်းများ** | (က) ပြည်ပကော်ပိုရေးရှင်း အမည်ပြောင်းလဲ ခြင်းဆိုင်ရာ အကြောင်းကြားစာ (ပုံစံ င- ၁) | ၁၀၀,၀၀၀ |

**အခကြေးငွေ**

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|---|
| | **ပြည်ပကော်ပိုရေးရှင်းများ** | (ခ)ပြည်ပကော်ပိုရေးရှင်း ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း ဆိုင်ရာ အကြောင်းကြားစာ ( ပုံစံင-၂)<br>(ဂ)ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများ သို့မဟုတ် အတွင်းရေးမှူးပြောင်းလဲခြင်း ဆိုင်ရာအကြောင်းကြားစာ ( ပုံစံင- ၃)<br>(ဃ)စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပ ကော်ပိုရေးရှင်း၏ အဓိက နေရာ လိပ်စာ ပြောင်းလဲခြင်းဆိုင်ရာ အကြောင်းကြားစာ (ပုံစံင-၄)<br>(င)နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ လိပ်စာပြောင်းလဲခြင်းဆိုင်ရာ အကြောင်း ကြားစာ (ပုံစံင- ၅)<br>(စ)ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာ အပ်နှင်းခြင်း ခံရသော အရာရှိ သို့မဟုတ် ယင်း၏ လိပ်စာပြောင်းလဲ ခြင်းဆိုင်ရာ အကြောင်းကြားစာ (ပုံစံ င- ၆)<br>(ဆ)ပြည်ပကော်ပိုရေးရှင်း၏ နှစ်စဉ်အစီရင်ခံ စာ ပေးပို့တင်ပြခြင်း အကြောင်းကြားစာ (ပုံစံင- ၇) | ၃၀,၀၀၀<br>၁၀,၀၀၀<br>၃၀,၀၀၀<br>၃၀,၀၀၀<br>၁၀,၀၀၀<br>၅၀,၀၀၀ |
| ၆။ | **ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း** | (က)အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီမှအစု အားဖြင့် တာဝန် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲရန်လျှောက်လွှာ (ပုံစံစ-၁)<br>(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထား သည့် ကုမ္ပဏီမှ အစုအားဖြင့် တာဝန် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင် သည့် ကုမ္ပဏီသို့ ပြောင်းလဲရန် လျှောက် လွှာ (ပုံစံစ-၃) | ၂,၂၅၀,၀၀၀<br>၂,၂၅၀,၀၀၀ |

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | အခကြေးငွေ တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
| --- | --- | --- | --- |
| | **ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း** | (ဂ) တာဝန်မကန့်သတ်ထားသည့် ကုမ္ပဏီမှ အစုအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲရန်လျှောက်လွှာ (ပုံစံစ- ၅) | ၂,၂၅၀,၀၀၀ |
| ၇။ | **အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများ** | (က)ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင် ခံစာပေးပို့တင်ပြခြင်း( ပုံစံဆ-၁) | ၁၀၀,၀၀၀ |
| | | (ခ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏အလား အလာညွှန်းတမ်းပေးပို့တင်ပြခြင်း (ပုံစံဆ-၂ သို့မဟုတ် ပုံစံဆ-၇) | ၂၅၀,၀၀၀ |
| | | (ဂ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏အလား အလာညွှန်းတမ်းအစား ရေးသားဖော်ပြ ချက် ပေးပို့တင်ပြခြင်း(ပုံစံဆ-၃) | ၂၅၀,၀၀၀ |
| | | (ဃ)စီးပွားရေး လုပ်ငန်းစတင်လုပ်ကိုင် ဆောင် ရွက်ကြောင်း အထောက်အထား တောင်းခံ ခြင်း (ပုံစံဆ-၄) | ၅၀,၀၀၀ |
| ၈။ | **ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း** | (က)ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းအား မှတ်ပုံတင်ခြင်း (ပုံစံဇ-၁) | ၃၀,၀၀၀ |
| | | (ခ) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းရှိသည့် ပစ္စည်းအား ရယူထား သည့် ကုမ္ပဏီမှမှတ်ပုံတင်ခြင်း(ပုံစံဇ-၂) | ၃၀,၀၀၀ |
| | | (ဂ) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းဆိုင်ရာ အချက်အလက်များကို ပြင်ဆင်သတ်မှတ်ခြင်း (ပုံစံဇ-၃) | ၃၀,၀၀၀ |
| ၉။ | **အခြားလျှောက်ထားခြင်းများ** | (က)မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၂ (က) (၁) အရ မှတ်ပုံတင် အရာရှိက ထိန်းသိမ်းထားသော မှတ်ပုံတင် စာရင်းပြင်ဆင်ရန်လျှောက်လွှာ (ပုံစံဈ-၁(က) | ၅၀,၀၀၀ |

| စဉ် | အခကြေးငွေဆိုင်ရာ အကြောင်းအရာ | အခကြေးငွေ တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|---|
| | **အခြားလျှောက်ထားခြင်းများ** | (ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၂ (က) (၃) အရ ကုမ္ပဏီက ထိန်းသိမ်းထားသောမှတ်ပုံတင်စာရင်းပြင်ဆင်ရန်လျှောက်လွှာ (ပုံစံစျ-၃(က) | ၅၀,၀၀၀ |
| ၁၀။ | **သက်သေခံလက်မှတ်များ၏ မိတ္တူမှန်များတောင်းဆိုခြင်း** | (က)မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ၈အရ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် မိတ္တူမှန်အတွက် | ၁၀,၀၀၀ |
| | | (ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၆ အရ ကုမ္ပဏီ အမည်ပြောင်းလဲပြီးနောက်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံ လက်မှတ် မိတ္တူ မှန်အတွက် | ၁၀,၀၀၀ |
| | | (ဂ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၉ အရ ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ မှတ်ပုံတင် သက်သေခံလက်မှတ် မိတ္တူမှန်အတွက် | ၁၀,၀၀၀ |
| | | (ဃ)မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၅၈ အရ ကုမ္ပဏီအမျိုးအစား ပြောင်းလဲ ပြီးနောက် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင် သက်သေခံလက်မှတ်မိတ္တူမှန်အတွက် | ၁၀,၀၀၀ |
| | | (င) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၈ အရ အများနှင့် သက်ဆိုင်သောကုမ္ပဏီအတွက် စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်ကြောင်း သက်သေခံ လက်မှတ် မိတ္တူမှန် အတွက် | ၁၀,၀၀၀ |
| | | (စ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၂၃၆ အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်သက်သေခံ လက်မှတ်မိတ္တူမှန်အတွက် | ၁၀,၀၀၀ |

**အခကြေးငွေ**

| **စဉ်** | **အခကြေးငွေဆိုင်ရာ အကြောင်းအရာ** | **တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့် အမျိုးအစား** | **အခကြေးငွေ (ကျပ်)** |
|---|---|---|---|
| ၁၁။ | **မှတ်ပုံတင်အရာရှိထံသို့ တင်ပြသည့် ပုံစံများနှင့် စာရွက် စာတမ်းများ၏ မိတ္တူများတောင်းဆိုခြင်း** | (က) မှတ်ပုံတင်အရာရှိထံသို့ တင်ပြသည့် ပူးတွဲထားသည်များအပါအဝင်ပုံစံများ မိတ္တူမှန် | ၁၀,၀၀၀ |
| | | (ခ) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိသောစာရွက်စာတမ်း တစ်ခုခု သို့မဟုတ် စာရွက်စာတမ်း တစ်ခုခု (သက်သေခံ လက်မှတ်များမပါ) မှ ကောက်နုတ်ချက် မိတ္တူတစ်စောင်ကို မှန်ကန်ကြောင်း ထောက်ခံခြင်း- | |
| | | (၁) အီလက်ထရောနစ်စနစ်ဖြင့်မှန်ကန်ကြောင်း ထောက်ခံခြင်း (စာမျက်နှာအလိုက်) | ၁,၀၀၀ |
| | | (၂) အီလက်ထရောနစ်စနစ်ဖြင့် မဟုတ်ဘဲ မှန်ကန်ကြောင်း ထောက်ခံခြင်း (စာမျက်နှာအလိုက်) | ၂,၀၀၀ |
| ၁၂။ | **ကုမ္ပဏီကောက်နုတ်ချက်အတွက် တောင်းဆိုခြင်း** | (က) မှတ်ပုံတင်အရာရှိထံ တင်ပြသည့် အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာရှင်ဆိုင်ရာအသေးစိတ် အချက်အလက်များ အပါအဝင်တည်ဆဲ ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များတွင် (မိတ္တူ ကူးနိုင်သည်ဟု) သတ်မှတ်ထားသည့်ကောက်နုတ်ချက်အတွက် | ၁၀,၀၀၀ |
| | | (ခ) မှတ်ပုံတင်အရာရှိထံ တင်ပြထားသည့် ယခင်နှင့် လက်ရှိဒါရိုက်တာများ၊ ကုမ္ပဏီ၏ ယခင်အမည်နှင့် အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာရှင်ဆိုင်ရာ အသေးစိတ် အချက်အလက်များ အပါအဝင် ကုမ္ပဏီ၏ သမိုင်းကြောင်းဆိုင်ရာ အသေးစိတ် အချက်အလက်များတွင် (မိတ္တူကူးနိုင်သည်ဟု) သတ်မှတ်ထားသည့် ကောက်နုတ် ချက်အတွက် | ၂၀,၀၀၀ |

## နောက်ကျပေးပို့ တင်ပြခြင်းအတွက်အခကြေးငွေ

| စဉ် | တင်ပြသည့်သို့မဟုတ်ပေးပို့တင်ပြသည့်အမျိုးအစား | အခကြေးငွေ (ကျပ်) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၉၇ အရ နှစ်စဉ် အစီရင်ခံစာ နောက်ကျပေးပို့တင်ပြခြင်း၊ | ၁၀၀,၀၀၀ |
| ၂။ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ၄၃၀အရ မှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းပြီးနောက် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီအားပြန်လည် ထိန်းသိမ်းခြင်း၊ | ၁၀၀,၀၀၀ |
| ၃။ | ပျက်ကွက်မှုကာလ အတိုင်းအတာအရ အခြားစာရွက်စာတမ်း တစ်ခုခု၏ နောက်ကျတင်ပြခြင်း သို့မဟုတ် နောက်ကျပေးပို့တင်ပြခြင်း (လိုအပ်သည့် စာရွက်စာတမ်း တင်ပြရမည့် သို့မဟုတ် ပေးပို့တင်ပြရမည့်ရက် ကုန်ဆုံးပြီး နောက်ပိုင်းရက်များအပေါ်တွက်ချက်ပါသည်) | |
| | (က) ရက်၉၀အထိ၊ | ၂၅,၀၀၀ |
| | (ခ) ၉၁ရက်မှရက်၁၈၀အထိ၊ | ၅၀,၀၀၀ |
| | (ဂ) ၁၈၀ရက်ထက်ကျော်လွန်။ | ၁၀၀,၀၀၀ |



# ကယားပြည်နယ်အတွင်းရှိ

## ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများ၏

## လုပ်ထုံးလုပ်နည်းများ

**ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**အဆောက်အအုံတည်ဆောက်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း လုပ်ငန်းစဉ်များ**

၁။ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်း အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြို့ပြအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

(ခ) ဟိုတယ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း

(ဂ) စက်ရုံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

(ဃ) စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

(င) အိမ်ရာစီမံကိန်း အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

၂။ အထပ်မြင့်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက်အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

(က) **မြို့နယ်အဆင့်စိစစ်ခွင့်ပြုသည့်အဆောက်အအုံ**

(၁) တစ်ထပ်မှနှစ်ထပ်ခွဲအထိ အဆောက်အအုံတည်ဆောက်ခြင်း

(ခ) **ပြည်နယ်အဆင့် စိစစ်ခွင့်ပြုသည့်အဆောက်အအုံ**

(၁) သုံးထပ်မှ ငါးထပ်အထိ အဆောက်အအုံတည်ဆောက်ခြင်း

(၂) ငါးထပ်ခွဲ မှ ရှစ်ထပ်အထိ အဆောက်အအုံတည်ဆောက်ခြင်း

(၃) ရှစ်ထပ်ခွဲ နှင့်အထက် အဆောက်အအုံတည်ဆောက်ခြင်း

**မြို့နယ်အဆင့်စိစစ်ခွင့်ပြုသည့်အဆောက်အအုံ**

၃။ စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရလျှောက်လွှာတွင်ပါဝင်သည့်အချက်အလက် များ (**တစ်ထပ်မှ နှစ်ထပ်ခွဲအထိ**)

(က) အဆောက်အအုံလျှောက်လွှာ (အမျိုးအစား၊ အတိုင်းအတာ၊ အသုံးပြုရန် ရည်ရွယ်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင်)

(ခ) ဆောက်လုပ်မည့် အဆောက်အအုံအတွက် လိုအပ်သည့် အင်ဂျင် နီယာပုံစံများ

(၁) မြေကွက်အညွှန်းပုံစံ၊ပိုင်ဆိုင်သည့်မြေနှင့် အဆောက်အအုံ ဝင်ဆံ့မှုပြ ပုံစံ (Site Location & Building Layout Plan)

(၂) အဆောက်အအုံနေရာအထားပြပုံစံ (Site Plan)

(၃) ကြမ်းခင်းပန္နက်ပုံစံ( Floor Plan)

(၄) ရှေ့ /နောက်/ ဘေးမြင်ပုံစံများ (Elevation Drawing)

(၅) ဖြတ်ပိုင်းပုံစံများ (Cross Sectional Elevation)

(၆) အသေးစိတ်ပုံစံများ (Details Drawings)

(၇) ဝင်းထရံပုံစံ နှင့် အသေးစိတ်ပစ္စည်းစာရင်း

(၈) အခြားပုံစံများ (Required Other Plans)

(၉) အဆောက်အအုံအတွက်အသေးစိတ်တိုင်းတာတွက်ချက်ထားသည့်အသုံးပြုမည့်စာရင်းနှင့် ခန့်မှန်းခြေ စာရင်းတွက်ချက်မှု ပုံစံ (Bill of Quantity & Detail Estimate)

**မှတ်ချက်။** အထက်ပါပုံစံနှင့်စာရင်းများသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လိုင်စင်ရ အင်ဂျင်နီယာ (သို့မဟုတ်) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ(RE)အင်ဂျင်နီယာလက်မှတ်ပါရေးဆွဲထားသောပုံစံနှင့် စာရင်းများဖြစ်ရမည်။

(ဂ) မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှရေးဆွဲ ထားသောမြေပိုင်ဆိုင်မှု အထောက်အထား

(၁) ဆောက်လုပ်ရန်လျာထားသည့် မြေကွက်၏ မြေကွက်အမှတ်၊ ဦးပိုင် အမှတ်၊ ဧရိယာတို့ပါဝင်သော တစ်နှစ်အတွင်း ရေးဆွဲထားသည့် မြေစာရင်း ပုံစံ (၁၀၅)

(၂) မြေရာဇဝင်၊ မြေစာရင်းပုံစံ(၁၀၆)

(၃) မြေပိုင်ဆိုင်မှု အထောက်အထားနှင့် စပ်လျဉ်းသည့် တရားဝင် စာချုပ်စာတမ်းများ၊ အခြားသက်သေခံ အထောက်အထားများ

(ဃ) စက်မှုနှင့်စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံဖြစ်ပါက ပြည်သူ့ ကျန်းမာရေး (Public Health) ဆိုင်ရာ အစီအမံများ ဆောင်ရွက် ထားရှိမှုအတွက် မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် နှင့် မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိမှုအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံ ချက်

(င) အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ဘေးပတ်ဝန်းကျင် နေအိမ်များမှ ကန့်ကွက်ရန် မရှိကြောင်းထောက်ခံချက်

(စ) အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၏ ထောက်ခံ ချက်

(ဆ) အဆောက်အအုံ ဆောက်လုပ်မှုကြောင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း နှင့် အဆောက်အအုံပတ်လည် ရေးစီး ရေလာ စနစ်အား အများပိုင်လမ်း၊ ရေမြောင်းတို့နှင့် သဟဇာတဖြစ်စေရေး တစ်ပါတည်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အိမ်ရှင်၏ကတိဝန်ခံချက်

(ဇ) အဆောက်အအုံ ဆောက်လုပ်ပြီးစီးချိန်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှစိစစ်ပြီး လူနေထိုင်မှု ခွင့်ပြုချက်ပေးနိုင်ရေး အတွက် အိမ်ရှင်၏ လူနေထိုင်ခွင့် လျှောက်လွှာ

**ပြည်နယ်အဆင့် စိစစ်ခွင့်ပြုသည့်အဆောက်အအုံ**

၄။ စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ လျှောက်လွှာတွင်ပါဝင်သည့် အချက် အလက်များ (**သုံးထပ် နှင့် အထက် အဆောက်အအုံ**)

(က) အဆောက်အအုံလျှောက်လွှာ (အမျိုးအစား၊အတိုင်းအတာ၊ အသုံးပြုရန် ရည်ရွယ်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင်)

(ခ) ဆောက်လုပ်မည့် အဆောက်အအုံအတွက် လိုအပ်သည့် အင်ဂျင်နီယာပုံစံများ

(၁) မြေကွက်အညွှန်းပုံစံ၊ ပိုင်ဆိုင်သည့်မြေနှင့် အဆောက်အအုံ ဝင်ဆံ့မှုပြပုံစံ (Site Location & Building Layout Plan)

(၂) အဆောက်အအုံနေရာ အထားပြပုံစံ (Site Plan)

(၃) ကြမ်းခင်းပန္နက်ပုံစံ( Floor Plan)

(၄) ရှေ့ /နောက်/ ဘေးမြင်ပုံစံများ (Elevation Drawing)

(၅) ဖြတ်ပိုင်းပုံစံများ (Cross Sectional Elevation)

(၆) အသေးစိတ်ပုံစံများ (Details Drawings)

(၇) ဝင်းထရံပုံစံ နှင့် အသေးစိတ်ပစ္စည်းစာရင်း

(၈) အခြားပုံစံများ (Required Other Plans)

(၉) အဆောက်အအုံအတွက် အသေးစိတ်တိုင်းတာ တွက်ချက်ထားသည့် အသုံးပြုမည့်စာရင်း နှင့် ခန့်မှန်းခြေစာရင်း တွက်ချက်မှုပုံစံ (Bill of Quantity & Detail Estimate)

(၁၀) အထက်ပါပုံစံနှင့် စာရင်းများသည် သတ်မှတ်အထပ်အလိုက် အောက်ဖော်ပြပါ အင်ဂျင်နီယာအဆင့် လက်မှတ်ပါရေးဆွဲထားသော ပုံစံနှင့်စာရင်းများ ဖြစ်ရပါမည်။

(ကက) ၃ထပ်၃၆ပေအထိအဆောက်အအုံ (သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာ ရေးကော်မတီ၏ လိုင်စင်ရ အင်ဂျင်နီယာ (သို့မဟုတ်) မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီမှ အသိအမှတ်ပြု (RE) အင်ဂျင်နီယာ)

(ခခ) ၃ထပ် ၃၆ပေ အထက်မှ ၅ ထပ် အထိ အဆောက်အအုံ (မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြု(RSE)Construction အင်ဂျင်နီယာ)

(ဂဂ) ၅ ထပ်ခွဲ မှ ၈ ထပ်အထိ အဆောက်အအုံ (မြန်မာ နိုင်ငံအင်ဂျင်နီယာကောင်စီမှအသိအမှတ်ပြု (RSE) Structure အင်ဂျင် နီယာ)

(ဃဃ) ၈ ထပ်ခွဲ နှင့် အထက် အဆောက်အအုံ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှအသိအမှတ်ပြု(PE)Construction or Structure အင်ဂျင်နီယာနှင့်အထပ်မြင့်အဆောက်အအုံများကြီးကြပ်မှုကော်မတီ(CQHP)၏ခွင့်ပြုချက်)

(ဂ) မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ရေးဆွဲထားသော မြေပိုင်ဆိုင်မှုအထောက်အထား

(၁) ဆောက်လုပ်ရန်လျာထားသည့် မြေကွက်၏ မြေကွက်အမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာတို့ပါဝင်သော တစ်နှစ်အတွင်း ရေးဆွဲထားသည့် မြေစာရင်း ပုံစံ (၁၀၅)

(၂) မြေရာဇဝင်၊ မြေစာရင်းပုံစံ(၁၀၆)

(၃) မြေပိုင်ဆိုင်မှု အထောက်အထားနှင့် စပ်လျဉ်းသည့် တရားဝင်စာချုပ် စာတမ်းများ၊ အခြားသက်သေခံ အထောက်အထားများ

(ဃ) တည်ဆောက်မည့်အဆောက်အအုံ၏ ပြည်သူ့ကျန်းမာရေး (Public Health) ဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိမှုအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိမှုအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(င) အဆောက်အအုံဆောက်လုပ်ခြင်းအတွက် ဘေးပတ်ဝန်းကျင်နေအိမ်များမှကန့်ကွက်ရန် မရှိကြောင်းထောက်ခံချက်

(စ) အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၏ ထောက်ခံ ချက်

(ဆ) အဆောက်အအုံ ဆောက်လုပ်မှုကြောင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် အဆောက်အအုံပတ်လည် ရေးစီးရေလာ စနစ်အား အများပိုင်လမ်း၊ ရေမြောင်းတို့နှင့် သဟဇာတဖြစ်စေရေး တစ်ပါတည်း ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အိမ်ရှင်၏ကတိဝန်ခံချက်

(ဇ) အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာရှိ မြေသားခံနိုင်ဝန် စမ်းသပ်စစ်ဆေးချက် (Soil Test Report)

(ဈ) ကြီးကြပ်အင်ဂျင်နီယာနှင့် အိမ်ရှင်တို့၏ နှစ်ဦးသဘောတူ လုပ်ငန်း အပ်နှံစာချုပ်

(ည) ဆောက်လုပ်မည့် အဆောက်အအုံ နှင့် မြို့တွင်းလျှပ်စစ်ဓါတ်အား လိုင်းများနှင့် လွတ်ကင်းမှု၊ လျှပ်စစ် အန္တရာယ်မရှိကြောင်း မြို့နယ် လျှပ်စစ်ဌာန၏ ထောက်ခံချက်

(ဋ) မူလရှိပြီး အဆောက်အအုံပေါ်တွင် အထပ်တိုးမြင့် ဆောက်လုပ် လိုသည့် အဆောက်အအုံများအတွက် မူလခွင့်ပြုပြီး Foundation အုတ်မြစ်များ နှင့် Column တိုင်များမှ ခံနိုင်ဝန်ရှိကြောင်း အထပ် အမြင့် အလိုက်အဆင့် သတ်မှတ်ထားသော အင်ဂျင်နီယာမှ ထောက်ခံချက်

(ဌ) အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရာတွင်မလိုလားအပ်သော မတော်တဆမှုများ မဖြစ်ပေါ်စေရန် ဘေးအကာအရံ Safety Net များ စနစ်တကျ ကာရံဆောင်ရွက်မည် ဖြစ်ကြောင်းအိမ်ရှင်၏ ကတိဝန်ခံချက်

(ဍ) အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရာတွင် Foundation အုတ်မြစ်အတွက် မြေသားကျင်းတူးခြင်းနှင့် ပိုင် (Pile) ရိုက်ခြင်းလုပ်ငန်းများကြောင့် ဘေးပတ်ဝန်းကျင် နေအိမ်များ၏ ခိုင်ခန့်မှုကို မထိခိုက်စေရေးအတွက် လုံလောက်သော အကာအရံများ ကြိုတင် စီမံဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း အိမ်ရှင်၏ ကတိဝန်ခံချက်

(ဃ) အဆောက်အအုံ ဆောက်လုပ်ပြီးစီးချိန်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှ စိစစ်ပြီး လူနေထိုင်မှု ခွင့်ပြုချက်ပေးနိုင်ရေးအတွက် အိမ်ရှင်၏ လူနေထိုင်ခွင့် လျှောက်လွှာ။

၅။ **မြို့ပြအဆောက်အအုံ** တည်ဆောက်ခြင်းလုပ်ငန်း လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်းနည်းဥပဒေအရ တည်ဆောက်လိုသည့် အထက်အမြင့်အလိုက်သတ်မှတ်ထားသည့်လျှောက်လွှာတွင်ပါဝင်သည့်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) အထပ်မြင့် အဆောက်အအုံ တည်ဆောက်မှုအတွက် လုံခြုံရေးအရ ထိခိုက်မှု မရှိကြောင်း အကျဉ်းစီးဌာန၏ ထောက်ခံချက်ပါရှိရမည် (လိုအပ်လျှင်)

(ဂ) အထပ်မြင့် အဆောက်အအုံ တည်ဆောက်ခြင်းအတွက် လေကြောင်း အန္တရာယ်လွတ်ကင်းမှုရှိကြောင်း လေကြောင်းဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဃ) အထပ်မြင့်အဆောက်အအုံ တည်ဆောက်ခြင်းအတွက် သာသနိက အဆောက်အအုံ၊ တန်ခိုးကြီး ဘုရားပုထိုးစေတီများနှင့် အမြင့်သတ်မှတ်ချက်အရ လွတ်ကင်းခွင့်ပြုနိုင်ကြောင်းသာသနာရေးဦစီးဌာန၏ သဘောထားမှတ်ချက်ပါရှိရမည်။

၆။ **ဟိုတယ်အဆောက်အအုံ** တည်ဆောက်ခြင်းလုပ်ငန်းလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်းနည်းဥပဒေအရ တည်ဆောက်လိုသည့်အထက်အမြင့်အလိုက် သတ်မှတ်ထားသည့် လျှောက်လွှာတွင်ပါဝင်သည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) ဟိုတယ်လုပ်ငန်း ဆောင်ရွက်လိုမှု အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ သဘောထားထောက်ခံချက်ပါရှိရမည်။

(ဂ) ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင် ထွက်ရှိမည့် မိလ္လာနှင့်ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့်အစီအစဉ်(Sewerage Management Plan) တင်ပြရမည်။

(ဃ) ဟိုတယ်အဆောက်အအုံဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက် ထားရှိမှုစနစ် (Drainage System) တင်ပြရမည်။

(င) ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင်ထွက်ရှိမည့်အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းစွန့်ပစ်မှုအစီအစဉ် (Solid Waste Management Plan) တင်ပြရမည်။

၇။ **စက်ရုံအဆောက်အအုံ** တည်ဆောက်ခြင်း လုပ်ငန်းလျှောက်ထားမှု နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ-

(က) စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်းနည်းဥပဒေအရ တည်ဆောက်လိုသည့်အထပ်အမြင့်အလိုက်သတ်မှတ် ထားသည့် လျှောက်လွှာတွင်ပါဝင်သည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) တည်ဆောက်မည့် အဆောက်အအုံအား အသုံးပြုမည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းတို့၏ ထောက်ခံချက်ပါရှိရမည်။ (ပြည်နယ်အဆင့် စက်မှု ကြီးကြပ်၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီ/ ကော်မရှင်နှင့် အခြားလိုအပ်သည့်ဌာန)

(ဂ) လုပ်ငန်းဆောင်ရွက်ရာတွင်ထွက်ရှိမည့် မိလ္လာနှင့်ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့် အစီအစဉ် (Sewerage Management Plan) တင်ပြရမည်။

(ဃ) အဆောက်အအုံဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေး စီမံဆောင်ရွက်ထားရှိမှုစနစ် (Drainage System) တင်ပြရမည်။

(င) လုပ်ငန်းဆောင်ရွက်ရာတွင်ထွက်ရှိမည့်အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများသိမ်းဆည်းစွန့်ပစ်မှု အစီအစဉ် (Solid Waste Management Plan) တင်ပြရမည်။

(စ) စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ်(Environmental Management Plan-EMP) တင်ပြရမည်။

(ဆ) စက်ရုံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) တင်ပြရမည်။

(ဇ) စက်ရုံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA) တင်ပြရမည်။

၈။ **စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံ** တည်ဆောက်ခြင်း လုပ်ငန်းလျှောက် ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ (ပုဂ္ဂလိကပိုင်စာသင် ကျောင်း/ဆေးရုံ)

(က) စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ တည်ဆောက်လိုသည့် အထက်အမြင့် အလိုက်သတ်မှတ်ထားသည့်လျှောက်လွှာတွင်ပါဝင်သည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) တည်ဆောက်မည့်အဆောက်အအုံအား အသုံးပြုမည့်လုပ်ငန်းနှင့် သက်ဆိုင်သည့်ဌာနအဖွဲ့အစည်းတို့၏ ထောက်ခံချက်ပါရှိရပါမည်။(ပြည်နယ်အဆင့်ကျန်းမာရေး၊ ပညာရေးနှင့်အခြားလိုအပ်သည့် ဌာန)

(ဂ) လုပ်ငန်းဆောင်ရွက်ရာတွင်ထွက်ရှိမည့်အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများသိမ်းဆည်းစွန့်ပစ်မှု အစီအစဉ်(Solid Waste Management Plan) တင်ပြရမည်။

(ဃ) အဆောက်အအုံဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေး စီမံဆောင်ရွက်ထားရှိမှု စနစ် (Drainage System) တင်ပြရမည်။

(င) လုပ်ငန်းဆောင်ရွက်ရာတွင် ထွက်ရှိမည့် မိလ္လာနှင့်ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့် အစီအစဉ် (Sewerage Management Plan) တင်ပြရမည်။

(စ) စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) တင်ပြရမည်။

(ဆ) စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) တင်ပြရမည်။

(ဇ) စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများ တည်ဆောင်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)တင်ပြရမည်။

၉။ **စီမံကိန်းအဆောက်အအုံ** တည်ဆောက်ခြင်းလုပ်ငန်းလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်းနည်းဥပဒေအရ တည်ဆောက်လိုသည့် အထပ်အမြင့် အလိုက်သတ်မှတ်ထားသည့် လျှောက်လွှာတွင်ပါဝင်သည့်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) အိမ်ရာစီမံကိန်းအဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်းအတွက် သက်ဆိုင်သည့် ဌာန အဖွဲ့အစည်းတို့၏ ထောက်ခံချက် ပါရှိရပါမည်။ (ပြည်နယ်အဆင့် ကျန်းမာရေး၊ ပညာရေးနှင့်အခြားလိုအပ်သည့်ဌာန)

(ဂ) အိမ်ရာစီမံကိန်းဧရိယာမှ ထွက်ရှိမည့် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများသိမ်းဆည်း စွန့်ပစ်မှု အစီအစဉ်(Solid Waste Management Plan) တင်ပြရမည်။

(ဃ) အိမ်ရာအဆောက်အအုံဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေး စီမံဆောင်ရွက် ထားရှိမှုစနစ် (Drainage System) တင်ပြရမည်။

(င) အိမ်ရာစီမံကိန်းဧရိယာမှထွက်ရှိမည့် မိလ္လာနှင့် ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့်အစီအစဉ် (Sewerage Management Plan) တင်ပြရမည်။

(စ) အိမ်ရာစီမံကိန်းအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) တင်ပြရမည်။

**စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းစဉ်များ**

၁၀။ အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိသည့် အိမ်ပိုင်ရှင်မှ ပုဒ်မ ၄(ခ) အရ မြို့စည်ပင်သာယာဧရိယာ နယ်နိမိတ် အတွင်း တည်ဆောက်လျှင် အဆောက်အအုံ ဆောက်လုပ်မှု တန်ဖိုးငွေ၏ (၁%) ကိုလည်းကောင်း၊ ပုဒ်မ ၁၄(ပ) အရဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ် ကြေငြာပြီးဖြစ်သော ဧရိယာတွင် တည်ဆောက်လျှင် (၀.၅%) ကိုလည်းကောင်း၊ ဌာနဆိုင်ရာအဆောက်အအုံဖြစ်ပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြု

ညွှန်ကြားချက်အရ (၀.၂၅%) ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဝင်ငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်ရမည်ဖြစ် ပါသည်။

၁၁။ ခွင့်ပြုချက်ရရှိပြီး အဆောက်အအုံ စတင်ဆောက်လုပ်သည့်အချိန်မှစ၍ အဆောက်အအုံဆောက်လုပ်ပြီးစီး၍ လူနေထိုင်အသုံးပြုခွင့်အား ခွင့်ပြုချက် မပေးခင်အချိန်ထိ သက်ဆိုင်ရာ မြို့နယ်/မြို့စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအား စစ်ဆေးရန်ဖွဲ့စည်းပေးထားသော အဖွဲ့မှလည်းကောင်း၊ အဖွဲ့အမှူးဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့မှလည်းကောင်း၊ သတ်မှတ်ပေးထားသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နယ်မြေ တာဝန်ခံအင်ဂျင်နီယာမှလည်းကောင်း၊ ခွင့်ပြုချက်ပါ အရေအတွက် ၊ အတိုင်းအတာ၊ သတ်မှတ်ပုံစံနှင့် လုပ်ငန်းသုံးပစ္စည်းအရည်အသွေးတို့အား အခါအားလျော်စွာ စစ်ဆေး၍လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အဆောက်အအုံခွင့်ပြုမိန့်ထုတ်ပေးရန်ကာလနှင့်ကန့်သတ်ချက်များ**

၁၂။ အဆောက်အအုံဆောက်လုပ်လိုခွင့်အတွက် တောင်းဆိုသည့် စာရွက် စာတမ်းများ၊ ပုံစံများ၊ အာမခံချက်များ၊ စာချုပ်များ၊ သီးခြားဖော်ပြချက်များနှင့် အကြောင်းအရာများကို ပြည့်စုံစွာဖြင့်ကော်မတီထံသို့ ထပ်မံပေးပို့ပြီးသည့်နေ့မှစ၍ ရက်သတ္တပတ်(၄)ပတ်အတွင်း ကော်မတီမှ ခွင့်ပြုကြောင်းဖြစ်စေ၊ ငြင်းပယ်ခြင်းဖြစ်စေ အကြောင်းကြားစာမရရှိလျှင် အဆောက်အအုံဆောက်လုပ်လိုသူသည် ကော်မတီသို့ ခွင့်ပြုချက်ရရှိရေးအတွက် စာဖြင့် ထပ်မံတင်ပြနိုင်ခွင့်ရှိသည်။ သို့သော်ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းမပြုရ။ ခွင့်ပြုမိန့် ရရှိပြီးပါက အဆောက်အအုံဆောက်လုပ်ခြင်းကိုနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပါသည်။

၁၃။ ကော်မတီသည် မြေပိုင်ဆိုင်မှုအငြင်းပွားပြီးကန့်ကွက်လာပါက သက်ဆိုင်ရာ တရားရုံးတွင်ဖြေရှင်းဆုံးဖြတ်ပြီးမှသာ အဆောက်အအုံဆောက်လုပ်ခွင့်ကို စိစစ်ဆုံးဖြတ်မည်ဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း**
**လုပ်ငန်းဆောင်ရွက်ရာတွင်လိုက်နာရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်**

၁။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းသည်နှစ်နိုင်ငံနယ်စပ်နှင့် နီးကပ်စွာတည်ရှိပါသည်။ စခန်းတွင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (OSS) အင်အား (၂၄) ယောက်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ဌာနအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ရာ၌စနစ်တကျနှင့် မှန်ကန်မြန်ဆန်မှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ပူးပေါင်း စစ်ဆေးရေးအဖွဲ့များ၏ လုပ်ငန်းများဆောင်ရွက်ရာ၌ SOP(Standard Operating Procedure)ပါအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**လိုအပ်သည့် စာရွက်စာတမ်းများ**

၂။ (က) ကုန်သွယ်ရေးဦးစီးဌာန
- (၁) Profroma Invoice
- (၂) ထုတ်ကုန်/သွင်းကုန် မှတ်ပုံတင်လက်မှတ်
- (၃) Letter Head ပါ လျှောက်လွှာ
- (၄) ခြောက်ရာတန် တံဆိပ်ခေါင်း
- (၅) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်(လိုအပ်ပါက)

(ခ) အကောက်ခွန်ဦးစီးဌာန
- (၁) လိုင်စင်မူရင်း/မိတ္တူ (လိုအပ်လျှင်)
- (၂) Invoice
- (၃) Packing List
- (၄) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်(လိုအပ်ပါက)
- (၅) အရောင်းအဝယ်စာချုပ်

(ဂ) သက်ဆိုင်ရာ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ပုံ၊ ကုန်ကျစရိတ်နှင့် ပျမ်းမျှ ကြာချိန်တို့ကို ပူးတွဲ(၁)၊ (၂) တို့ဖြင့် တင်ပြအပ်ပါသည်။

**စစ်ဆေးမှုနည်းလမ်းများ**

၃။ ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင်ဖြတ်သန်းသွားလာလျက်ရှိသည့် ယာဉ်များအား စစ်ဆေးရာတွင် လမ်းကြောင်းပိတ်ဆို့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့် မှု မဖြစ်စေရေး၊ အလေးအနက်ထား၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မျက်မြင်စစ်ဆေးခြင်း (INSPECTION)

(ခ) ကျပန်းရွေးချယ်စစ်ဆေးခြင်း (RANDOM AND SPOT CHECK)

(ဂ) အသေးစိတ်စစ်ဆေးခြင်း ( DETAIL EXAMINATION )

**ပို့ကုန်/သွင်းကုန်စစ်ဆေးခြင်းလုပ်ငန်းစဉ်**

၄။ (က) သွင်းကုန်နှင့်ပတ်သက်၍စစ်ဆေးခြင်း

(၁) စစ်ဆေးရေးစခန်းသို့ဝင်ရောက်လာသော ကုန်တင်ယာဉ်များ နှင့် ပတ်သက်၍ စခန်းသို့ အစစ်ဆေးခံရန်ဝင်ရောက်လာပါက ယာဉ်မောင်း/ယာဉ် ကိုယ်စားလှယ်အား ကုန်ပစ္စည်းစစ်ဆေး တွေ့ရှိချက်မှတ်တမ်း၊ သွင်းကုန်လိုင်စင်နှင့် အကောက်ခွန် ပေးဆောင်ထားသည့် သွင်းကုန်ကြေငြာလွှာ (CUSDEC-1) တို့အားအကောက်ခွန်စိစစ်မှုပြုနိုင်ရန်အတွက်တင်ပြစေခြင်း။

(၂) စစ်ဆေးရေးစခန်းသွင်း ကုန်စစ်ဆေးရေးတာဝန်ခံမှ ယာဉ် အမှတ်၊ ယာဉ်အမျိုးအစား၊ ခရီးစဉ်၊ ယာဉ်မောင်းအမည်၊ အကောက်ခွန် သွင်းကုန်ကြေငြာလွှာ အမှတ်နှင့် ရက်စွဲ၊ ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အလေးချိန်၊ ဝင်ချိန် နှင့် ထွက်ချိန်တို့ကို မှန်ကန်မှုရှိ/မရှိ ယာဉ်မောင်း/ယာဉ် ကိုယ်စားလှယ် တင်ပြသည့် စာရွက်စာတမ်း အထောက် အထားများနှင့် စိစစ်စာရင်းသွင်းခြင်း။

(၃) ယာဉ်မောင်း/ယာဉ်ကိုယ်စားလှယ်အား စစ်ဆေးရေးစခန်းမှ စစ်ဆေးတွေ့ ရှိချက်မှတ်တမ်းတွင်ဝန်ခံကတိဖြင့် လက်မှတ် ရေးထိုးစေခြင်း။

(၄) အကောက်ခွန်ဦးစီးဌာနတာဝန်ခံအရာရှိမှ ယာဉ်ပေါ်ပါပစ္စည်း များနှင့် သွင်းကုန်ကြေငြာချက် မှန်ကန်မှုရှိ/ မရှိစိစစ်ရန် ဒု-အကောက်ခွန်မှူး တစ်ဦးအား တာဝန်ချထားခြင်း။

(၅) တာဝန်ချထားခြင်းခံရသည့် အရာရှိမှ စစ်ဆေးရေး လမ်းညွှန်ချက်နှင့်အတူ စစ်ဆေးပြီး တွေ့ရှိချက်အား တာဝန်ခံအရာရှိထံပြန်လည်သတင်းပို့ခြင်း။

(၆) စစ်ဆေးရေး တာဝန်ချထားခြင်းခံရသည့် အရာရှိသည် ကုန်စည်များအား စစ်ဆေးရုံသာမက ယာဉ်၏ သိုဝှက်ထားနိုင်သည့် အစိတ်အပိုင်းများကိုပါ တစ်ပြိုင်တည်းစစ်ဆေးခြင်း။

(ခ) ပို့ကုန်နှင့်ပတ်သက်၍စစ်ဆေးခြင်း

(၁) ကုန်ပစ္စည်းစစ်ဆေးတွေ့ရှိချက် မှတ်ပုံတင်အား ယာဉ်မောင်း/ ယာဉ်ကိုယ်စားလှယ်မှ ပို့ကုန်စစ်ဆေးရေးတာဝန်ခံအကောက်ခွန်မှူးထံ လာရောက်တင်ပြစေခြင်း။

(၂) ပုံမှန်ကုန်သွယ်စနစ်ဖြင့် အစိုးရဌာနများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သောကုန်သွယ်မှုကိစ္စများတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှခွင့်ပြုချက်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ငွေသွင်းပြီးကြောင်း ဘဏ်ငွေရပြေစာ(BANK RECEIPT) နှင့် အကောက်ခွန် ရုံးချုပ်မှ ထုတ်ပေးထားသော

ထုတ်ကုန်ကြေညာလွှာ(CUSDEC-2)၊ ကုန်ပါစာရင်းချုပ် (MANIFEST) တို့နှင့် အတူကိုယ်စားလှယ်မှလာရောက်သတင်းပို့စေခြင်း။

(၃) တာဝန်ခံအရာရှိမှစစ်ဆေးရေးအရာရှိဒု-အကောက်ခွန်မှူးအား တာဝန်ချထားပြီး စစ်ဆေးစေခြင်း။

(၄) စစ်ဆေးရေး တာဝန်ကျအရာရှိမှ စစ်ဆေးတွေ့ရှိချက် မှတ်တမ်းတွင် ကြေ်ငြာ ထားချက်နှင့် ယာဉ်ပါကုန်ပစ္စည်းများ မှန်ကန်မှုရှိ/ မရှိစစ်ဆေးခြင်း။

(၅) စစ်ဆေးရေးအရာရှိသည် ပြည်ပသို့ တင်ပို့ခွင့်မပြုသည့် ကုန်စည်များပါရှိ လာခြင်း ရှိ/မရှိစစ်ဆေးခြင်း။

(၆) စစ်ဆေးရေးအရာရှိမှ စစ်ဆေးတွေ့ရှိချက်အား ပို့ကုန်စစ်ဆေးရေး တာဝန်ခံ အရာရှိထံပြန်လည်သတင်းပို့ခြင်း။

(၇) ပုပ်သိုးပျက်ဆီးလွယ် ပစ္စည်းများအား မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်းတွင် အဖွဲ့စုံဖြင့်ဖျက်ဆီးရမည်။

(၈) လေလံတင်ရောင်းချရမည့် ပစ္စည်းများအား လေလံကြမ်းခင်းဈေး သတ်မှတ် ခြင်း၊ လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်ရမည်။

## မယ်စဲ့ကုန်သွယ်ရေးစခန်းမှ သွင်းကုန်လုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်အတွက် ကုန်ကျစရိတ်နှင့်ပျှမ်းမျှကြာမြင့်ချိန်

ပူးတွဲ-၁

| စဉ် | သွင်းကုန်လုပ်ငန်းစဉ်အဆင့်ဆင့် | ဆောင်ရွက်သည့်ဌာန | ကုန်ကျစရိတ် | ကြာမြင့်ချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လိုင်စင်လျှောက်ထားခြင်း (ပုံစံကြေး၊ လိုင်စင်ကြေး၊ Online ကြေး) | ကုန်သွယ်ရေးဦးစီးဌာန | ၅၂၈၀၀ | ၁၂၀ မိနစ် | |
| ၂ | AV Form တွင် တန်ဖိုးနှင့် ကျသင့်ခွန်များတွက်ချက်ခြင်း | အကောက်ခွန်ဦးစီးဌာန | - | ၁၅ မိနစ် | |
| ၃ | AV Form စစ်ဆေးအတည်ပြုခြင်း | ။ | - | ၁၀ မိနစ် | |
| ၄ | ပေးသွင်းရမည့်ငွေ မှန်/မမှန်စစ်ဆေးခြင်း | အကောက်ခွန်ဦးစီးဌာန | - | ၁၀ မိနစ် | |
| ၅ | Register သွင်းခြင်း | ။ | - | ၅ မိနစ် | |
| ၆ | ကျသင့်ခွန်များ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းခြင်း(ဘဏ်ချလံ ၁စုံ ကြေး) | မြန်မာ့စီးပွားရေးဘဏ် | ၅၀၀ | ၁၅ မိနစ် | |
| ၇ | ID Print ထုတ်ခြင်း (ID ပုံစံရောင်းရငွေ) | အကောက်ခွန်ဦးစီးဌာန | ၅၀ | ၁၀ မိနစ် | |
| ၈ | စည်းကြပ်အရာရှိမှ IDအား စစ်ဆေးအတည်ပြုခြင်း | ။ | - | ၁၅ မိနစ် | |
| ၉ | တာဝန်ခံစည်းကြပ်အရာရှိမှ IDအား စစ်ဆေးအတည်ပြုခြင်း | ။ | - | ၁၅ မိနစ် | |
| ၁၀ | အတည်ပြုပြီးပစ္စည်းများအား ဖုံအတွင်း အစစ်ဆေးခံရန် စေလွှတ်ခြင်း | ။ | - | ၁၀ မိနစ် | |
| ၁၁ | ကုန်ပစ္စည်းများစစ်ဆေးခြင်း | ။ | - | ၁၀ မိနစ် | |
| ၁၂ | စစ်ဆေးအရာရှိမှ စစ်ဆေးအတည်ပြုခြင်း | ။ | - | ၅ မိနစ် | |
| ၁၃ | တာဝန်ခံစစ်ဆေးရေးအရာရှိမှ အတည်ပြုခြင်း | ။ | - | ၅ မိနစ် | |
| ၁၄ | အမှန်တင်သွင်းစာရင်းသွင်းခြင်း | ။ | - | ၅ မိနစ် | |
| ၁၅ | လက်ထောက်ညွှန်ကြားရေးမှူးမှ ယာဉ်ထွက်ခွာခွင့် အတည်ပြုခြင်း | ။ | - | ၁၀ မိနစ် | |
| ၁၆ | အထွေထွေကြာမြင့်ချိန် | - | - | - | |
| | **စုစုပေါင်း** | | **၅၃၃၅၀** | **၂၆၀ မိနစ်** | |

မှတ်ချက်။ နေပြည်တော်အထိ လိုင်စင်လျှောက်ထားရန်လိုအပ်သော အချို့ကုန်ပစ္စည်းများမှာ (၂)ရက်(သို့)(၃)ရက်အချိန်ကြာမြင့်ပါသည်။ မယ်စဲ့ကုန်သွယ်ရေးစခန်းအတွင်းသာ လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းများမှာ (၂)နာရီ(သို့)(၃)နာရီမျှသာကြာမြင့်ပါသည်။

## မယ်စဲ့ကုန်သွယ်ရေးစခန်းမှ ပို့ကုန်လုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်အတွက် ကုန်ကျစရိတ်နှင့် ပျှမ်းမျှကြာမြင့်ချိန်

ပူးတွဲ-၂

| စဉ် | ပို့ကုန်လုပ်ငန်းစဉ်အဆင့်ဆင့် | ဆောင်ရွက်သည့်ဌာန | ကုန်ကျစရိတ် | ကြာမြင့်ချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လိုင်စင်လျှောက်ထားခြင်း(ပုံစံကြေး၊ လိုင်စင်ကြေး၊ Online ကြေး) | ကုန်သွယ်ရေးဦးစီးဌာန | - | ၁၂၀ မိနစ် | |
| ၂ | AV Form စစ်ဆေးအတည်ပြုခြင်း | အကောက်ခွန်ဦးစီးဌာ န | - | ၁၅ မိနစ် | |
| ၃ | Register သွင်းခြင်း | ။ | - | ၅ မိနစ် | |
| ၄ | ကျသင့်ခွန်များ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းခြင်း | မြန်မာ့စီးပွားရေးဘဏ် | - | ၁၅ မိနစ် | |
| ၅ | ED Print ထုတ်ခြင်း(ED ပုံစံရောင်းရငွေ) | အကောက်ခွန်ဦးစီးဌာန | ၄၀ | ၁၀ မိနစ် | |
| ၆ | စည်းကြပ်အရာရှိမှ EDအား စစ်ဆေးအတည်ပြုခြင်း | ။ | - | ၁၅ မိနစ် | |
| ၇ | တာဝန်ခံစည်းကြပ်အရာရှိမှ EDအား စစ်ဆေးအတည်ပြုခြင်း | ။ | - | ၁၅ မိနစ် | |
| ၈ | အတည်ပြုပြီးပစ္စည်းများအား ဇုံအတွင်း အစစ်ဆေးခံရန် စေလွှတ်ခြင်း | ။ | - | ၁၀ မိနစ် | |
| ၉ | ကုန်ပစ္စည်းများစစ်ဆေးခြင်း | ။ | - | ၁၀ မိနစ် | |
| ၁၀ | စစ်ဆေးအရာရှိမှ စစ်ဆေးအတည်ပြုခြင်း | ။ | - | ၅ မိနစ် | |
| ၁၁ | တာဝန်ခံစစ်ဆေးရေးအရာရှိမှ အတည်ပြုခြင်း | ။ | - | ၅ မိနစ် | |
| ၁၂ | အမှန်တင်ပို့စာရင်းသွင်းခြင်း | ။ | - | ၅ မိနစ် | |
| ၁၃ | လက်ထောက်ညွှန်ကြားရေးမှူးမှ ယာဉ်ထွက်ခွာခွင့် အတည်ပြုခြင်း | ။ | - | ၁၀ မိနစ် | |
| ၁၄ | အထွေထွေကြာမြင့်ချိန် | - | - | - | |
| | **စုစုပေါင်း** | | **၄၀** | **၂၄၀ မိနစ်** | |

မှတ်ချက်။ နေပြည်တော်အထိ လိုင်စင်လျှောက်ထားရန်လိုအပ်သော အချို့ကုန်ပစ္စည်းများမှာ (၂)ရက်(သို့)(၃)ရက်အချိန်ကြာမြင့်ပါသည်။ မယ်စဲ့ကုန်သွယ်ရေးစခန်းအတွင်းသာ လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းများမှာ (၂)နာရီ(သို့)(၃)နာရီမျှသာကြာမြင့်ပါသည်။

# ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

## ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက်

### စက်မှုမှတ်ပုံတင်ရခြင်း၏ ရည်ရွယ်ချက်

- စက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမြင့်မားတိုး တက်စေရန်၊ စက်မှုလုပ်ငန်းနှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းအသီးသီးတွင် ထုတ်လုပ်မှုတိုးတက်စေရန်၊
- ခေတ်မီနည်းပညာများကို အသုံးပြု၍ စက်မှုထုတ်ကုန်များအား ပြည်တွင်း ဈေးကွက်တွင် သာမက ပြည်ပဈေးကွက်တွင်လည်း အခြေချစေရန်၊
- အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်၊
- ပတ်ဝန်းကျင်ညစ်ညမ်းစေသော နည်းပညာအသုံးပြုမှုကို ရှောင်ရှားစေရန် သို့မဟုတ် လျှော့ချ စေရန်၊
- သယံဇာတနှင့် စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးပြုစေရန်၊

### မှတ်ပုံတင်ရမည့်ပုဂ္ဂလိကစက်မှုလုပ်ငန်းများ

***မြင်းကောင်ရေ (၃)ကောင်အားနှင့်အထက်ရှိသော အားတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လုပ်ခစား အလုပ်သမား (၁၀) ဦးနှင့် အထက်ဖြစ်စေ-***

***(က) ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူ၊***

***(ခ ) ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နေသူသည်***

***ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ရမည်။***

**ပုဂ္ဂလိကစက်မှုလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်စေ၊ အစုစပ်ဖြစ်စေ၊ ကုမ္ပဏီ တည်ထောင်၍ဖြစ်စေ၊စက်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင်အစိုးရနှင့် ဖက်စပ် လုပ်ကိုင်သည့်စက်မှုလုပ်ငန်းများမပါဝင်ပါ။

**စက်မှုလုပ်ငန်း**ဆိုသည်မှာ အားတစ်မျိုးမျိုးကို အသုံးပြု၍ အဆောက်အအုံတစ်ခုခုတွင် ကုန်ကြမ်း ပစ္စည်းမှ ကုန်ချောပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း (အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မပါဝင်)ကို ဆိုလိုသည်။

### စက်မှုလုပ်ငန်းသစ်များ မှတ်ပုံတင်ရာတွင်လိုအပ်သည့်အထောက်အထားများ

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်လုပ်ကိုင်ပါက ခွင့်ပြုမိန့် မိတ္တူ၊

(၂) စက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ၊

(၃) လုပ်ငန်းရှင်၏ လိုင်စင်ဓာတ်ပုံ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုဇယား မိတ္တူ (နိုင်ငံခြားသား ဖြစ်ပါက Passport နှင့် CV မိတ္တူ)၊

(၄) ပတ်ဝန်းကျင်တွင်နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မှုမရှိခြင်း၊

(၅) မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(၆) သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိခြင်းနှင့် ညစ်ညမ်းမှုမရှိခြင်း၊

(၇) အလုပ်သမားများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အန္တရာယ်ကျရောက် မှုမရှိစေရေး၊

(၈) တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိမရှိ၊

(၉) သက်ဆိုင်ရာလုပ်ငန်းလိုင်စင်/ထောက်ခံချက်များ

ဥပမာ-

- ရေသန့်လုပ်ငန်းဖြစ်ပါကအစားအသောက်နှင့်ဆေးဝါးစီမံခန့်ခွဲမှုဦးစီးဌာန၏FDAထောက်ခံချက်
- ဆားလုပ်ငန်းဖြစ်ပါက သတ္တုတွင်းဦးစီးဌာန၏ ဆားထုတ် လုပ်ခွင့်လိုင်စင်
- သစ်နှင့်သစ်အခြေခံလုပ်ငန်းဖြစ်ပါက သစ်တောဦးစီးဌာန ၏ Saw Mill လိုင်စင်
- ငါး/ပုစွန်အအေးခန်းလုပ်ငန်းဖြစ်ပါက ငါးလုပ်ငန်းဦးစီး ဌာနလိုင်စင်
- စည်ပင်လိုင်စင်

**မှတ်ပုံတင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရွယ်အစားသတ်မှတ်ခြင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း အရွယ်အစား(၃)မျိုး ခွဲခြားသတ်မှတ်၍ မှတ်ပုံတင်ပါသည်-

- **အငယ်စား**၊ မတည်ရင်းနှီးငွေကျပ် (၁)သန်းအထိ **သို့မဟုတ်** ကုန်ထုတ်လုပ်မှု တန်ဘိုး တစ်နှစ်လျှင်ကျပ်(၂.၅)သန်းအထိ၊ **သို့မဟုတ်** မြင်းကောင်ရေ(၂၅)ကောင်အားအထိ **သို့မဟုတ်** အလုပ်သမား(၅၀)ဦးအထိ ရှိခြင်း။
- **အလတ်စား**၊ မတည်ရင်းနှီးငွေကျပ် (၅)သန်း အထိ **သို့မဟုတ်** ကုန်ထုတ်လုပ်မှု တန်ဘိုး တစ်နှစ်လျှင်ကျပ်(၁၀)သန်းအထိ၊ **သို့မဟုတ်** မြင်းကောင်ရေ(၅၀)ကောင်အားအထိ **သို့မဟုတ်** အလုပ်သမား(၁၀၀)ဦးအထိ ရှိခြင်း။
- **အကြီးစား**၊ မတည်ရင်းနှီးငွေ ကျပ် (၅) သန်း အထက် **သို့မဟုတ်** ကုန်ထုတ်လုပ်မှု တန်ဘိုး တစ်နှစ်လျှင် ကျပ် (၁၀) သန်း အထက်၊ **သို့မဟုတ်** မြင်းကောင်ရေ (၅၀) ကောင်အား အထက် **သို့မဟုတ်** အလုပ်သမား (၁၀၀) ဦး အထက်ရှိခြင်း။

**မှတ်ပုံတင်ကြေးသတ်မှတ်ချက်များ**

မှတ်ပုံတင်ကြေးသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အရွယ်အစား | မှတ်ပုံတင်ကြေး | သက်တမ်းတိုးမြှင့်ကြေး | ဒဏ်ကြေး |
|---|---|---|---|
| အငယ်စား | ကျပ် ၁၂၀၀၀/- | ၁၀၀၀၀/- | ကျပ် ၆၀၀၀/- |
| အလတ်စား | ကျပ် ၂၅၀၀၀/- | ၂၀၀၀၀/- | ကျပ် ၁၂၅၀၀/- |
| အကြီးစား | ကျပ် ၅၀၀၀၀/- | ၄၀၀၀၀/- | ကျပ် ၂၅၀၀၀/- |

**ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ**

- လုပ်ငန်းရှင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနရုံး၊ ခရိုင်ရုံးများသို့ ကိုယ်တိုင် သို့မဟုတ် disi.gov.mm/index.php/site/login.htmllink တွင် ဝင်ရောက်၍ onlineမှ လျှောက်ထားနိုင်ပါသည်။**(ပုံစံ(က))**
- လျှောက်လွှာတွင် ဖော်ပြချက်များ မှန်ကန်မှု ရှိ/မရှိ၊ တည်ဆဲဥပဒေအရ ညီညွတ် မှု ရှိ/ မရှိကို သက်ဆိုင်ရာဌာနမှ ကွင်းဆင်း စစ်ဆေးပါ သည်။**(ပုံစံ(ခ))**
- ကွင်းဆင်းစစ်ဆေးသည့် အစီရင်ခံစာရရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာန မှူးသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ အပတ်စဉ် ကျင်းပပြုလုပ်သော ပုဂ္ဂလိက စက်မှုလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြပါသည်။
- ကြီးကြပ်အဖွဲ့၏ သဘောထား မှတ်ချက်ကို တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနရုံးမှ တဆင့် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြပါသည်။
- ကြီးကြပ်အဖွဲ့၏ထောက်ခံတင်ပြချက်များအပေါ်စိစစ်၍ ညွှန်ကြားရေးမှူးချုပ်သည် အရွယ် အစားခွဲခြား၍ မှတ်ပုံတင်ပေးပါသည်။
- အငယ်စားနှင့်အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းများဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့်တိုင်း ဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးများမှ မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသည်။ အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်းဖြစ်ပါက ညွှန်ကြား ရေးမှူးချုပ်မှ မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသည်။
- စက်မှုလုပ်ငန်းရှင်မှ မှတ်ပုံတင်ကြေးပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြသည့် အခါ တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေဦးစီးဌာနရုံးက မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးပါ သည်။
- စက်မှုလုပ်ငန်းရှင်သည် မှတ်ပုံတင်ကြေးကို တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဦးစီးဌာနရုံးထံမှ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပြီးပါက ၊**ရက်ပေါင်း(၆၀) အတွင်း** ပေးသွင်းရပါသည်။ နောက်ထပ်ရက်ပေါင်း (၃၀) အတွင်း ပေးဆောင်ပါက မှတ်ပုံတင် ကြေးအပြင် မှတ်ပုံတင်ကြေး၏ ၅၀% အား ဒဏ်ကြေး ပေးဆောင်ရပါသည်။ ဆက်လက်၍ ပေးဆောင်ရန် ပျက်ကွက်ပါက မှတ်ပုံတင်ခွင့်ပြုခြင်းပယ်ဖျက်ပါသည်။

## ကြာမြင့်ချိန်

- အချက်အလက်အထောက်အထားများပြည့်စုံလျှင် အငယ်စားနှင့် အလတ်စား လုပ်ငန်းများ အား တစ်ပတ်အတွင်းနှင့် ပတ်ဝန်းကျင်ဆန်းစစ်ချက် လိုအပ်သော လုပ်ငန်းများမှအပ အကြီးစားလုပ်ငန်း များကို နှစ်ပတ်အတွင်း ဆောင်ရွက်ပေး လျက်ရှိပါသည်။

**စက်မှုမှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း**

- လုပ်ငန်းရှင်သည် မှတ်ပုံတင်စက်မှုလုပ်ငန်းအား သက်တမ်းတိုးမြှင့်ရန် နှစ်စဉ် မှတ်ပုံတင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)အတွင်း ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ ***ပုံစံ(င)***ဖြင့် လျှောက်ထားပါသည်။
- ဖော်ပြပါ စက်မှုလုပ်ငန်းသည် သတ်မှတ်ချက်များနှင့်ညီညွတ်ပြီး၊ သက်တမ်းတိုးမြှင့် ကြေးပေး သွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စု နယ်မြေ ဦးစီးဌာနမှူးသည် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရပါသည်။
- အောက်ပါ စက်မှုလုပ်ငန်းများအတွက် သက်တမ်းတိုးမြှင့်ခွင့်ကို ဦးစီးဌာနရုံးချုပ်မှ စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနသို့တင်ပြရပါသည်-

(က) အရက်ချက်/ဘီယာလုပ်ငန်း

(ခ ) စီးကရက်လုပ်ငန်း

(ဂ) အနောက်တိုင်း/တိုင်းရင်းဆေးဝါးလုပ်ငန်း

(ဃ) ဘိလပ်မြေလုပ်ငန်း

(င) မော်တော်ယာဉ်လုပ်ငန်း

အောက်ဖော်ပြပါလုပ်ငန်းများ သက်တမ်းတိုးမြှင့်ခြင်းအတွက် ပုံမှန်သက်တမ်းတိုးလုပ်ငန်းစဉ်များ အပြင်အောက်ပါအထောက်အထားများထပ်မံလိုအပ်ပါသည် -

**(က) အရက်ချက်လုပ်ငန်းသက်တမ်းတိုးရန်လိုအပ်သည့် အထောက်အထား**

(၁) စည်ပင်လိုင်စင်/ငွေသွင်းချလံ

(၂) ယစ်မျိုးလိုင်စင် (D1)

(၃) ဓာတုဗေဒဝန်ရုံး၏ စစ်ဆေးချက်

(၄) ဓာတ်ပုံမှတ်တမ်းများ

(၅) ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုမရှိစေရေးစီမံဆောင်ရွက်ချက်

(၆) အခွန်ကြွေးကျန်မရှိကြောင်းအခွန်ဦးစီးဌာန၏ ထောက်ခံချက်

**(ခ) ဝိုင်လုပ်ငန်း**

(၁) စည်ပင်လိုင်စင်/ငွေသွင်းချလံ

(၂) ယစ်မျိုးပုံစံ (W-1)/ယစ်မျိုးခွန်ပေးသွင်းချလံ

(၃) မြို့နယ်ကျန်းမာရေးထောက်ခံချက်

(၄) ကုန်အမှတ်တံဆိပ်စာချုပ်စာတမ်း

(၅) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆောင်ရွက်မည့် လုပ်ငန်းရှင်၏ ဝန်ခံကတိ

(၆) ဓာတ်ပုံမှတ်တမ်း

(၇) အခွန်ကြွေးကျန်မရှိကြောင်းအခွန်ဦးစီးဌာန၏ ထောက်ခံချက်

**(ဂ) စီးကရက်လုပ်ငန်း**

(၁) စည်ပင်လိုင်စင်/ငွေသွင်းချလံ

(၂) ကုန်အမှတ်တံဆိပ် စာချုပ်စာတမ်း

(၃) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆောင်ရွက်မည့် လုပ်ငန်းရှင်၏ ဝန်ခံကတိ

(၄) ဓာတ်ပုံမှတ်တမ်း

(၅) အခွန်ကြွေးကျန်မရှိကြောင်းအခွန်ဦးစီးဌာန၏ ထောက်ခံချက်

**(ဃ) တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်း**

(၁) စည်ပင်လိုင်စင်/ငွေသွင်းချလံ

(၂) တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်/မှတ်ပုံတင်လက်မှတ် (သက်တမ်းကုန်ပါကသက်တမ်းတိုး လျှောက်ထားကြောင်းတင်ပြစာ)

(၃) ကုန်အမှတ်တံဆိပ် စာချုပ်စာတမ်း

(၄) အခွန်ကြွေးကျန်မရှိကြောင်းဦးစီးဌာန၏ ထောက်ခံချက်

(၅) ဓာတ်ပုံမှတ်တမ်း

- နှစ်စဉ် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ရက်ပေါင်း(၆၀)အတွင်း သက်တမ်း တိုး လျှောက်ထားပါက သက်တမ်းတိုးကြေးအပြင် သက်တမ်းတိုးကြေး၏ ၅၀ % ကို ဒဏ်ကြေး ပေးဆောင်ရပါသည်။
- ***နှစ်စဉ် ခွင့်ပြုကာလကုန်ဆုံးသည့်အထိ သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက စက်မှု မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ပါသည်။***

**ပြောင်းလဲခြင်းများဆောင်ရွက်ခြင်း**

- မှတ်ပုံတင်ပြီးပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် မိမိလုပ်ငန်းများနှင့်ပတ်သက်၍ မှတ်ပုံတင် ထားသည့် အချက်အလက်များအနက် ပြောင်းလဲခြင်းများရှိပါက သီးခြားလျှောက်လွှာများ ရေးသား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေရုံး၊ ခရိုင်ရုံးများသို့ ခွင့်ပြုချက်လျှောက်ထားရပါမည်-

| စဉ် | ပြောင်းလဲမှု အမျိုးအစား | တင်ပြရမည့် အထောက်အထားများ | ဆောင်ရွက်မှု အခကြေး ငွေနှုန်း |
|---|---|---|---|
| ၁ | လုပ်ငန်းတည်နေရာ ပြောင်းရွှေ့ခြင်း | အောက်ဖော်ပြပါအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များ-<br>• စည်ပင်သာယာရေးကော်မတီ<br>• ပြည်တွင်းအခွန်များဦးစီးဌာန<br>• မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | မှတ်ပုံတင် ကြေး၏ ၅၀% |

| | | | |
|---|---|---|---|
| | | • လူမှုဖူလုံရေးအဖွဲ့ | |
| ၂ | လုပ်ငန်း အမျိုးအမည် ပြောင်းလဲခြင်း | • ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ်<br>• လုပ်ငန်းရှင်၏ ပတ်စပို့ဓာတ်ပုံ (၃)ပုံ<br>• သက်ဆိုင်ရာလုပ်ငန်းအလိုက် ရယူထားသည့် လိုင်စင် အထောက်အထား များ<br>• ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ်<br>• လုပ်ငန်းရှင်၏ ပတ်စပို့ဓာတ်ပုံ (၃)ပုံ<br>• လုပ်ငန်းရှင်ကတင်ပြလိုသည့် အထောက်အထားများ(ရှိလျှင်)<br>• သက်ဆိုင်ရာ လုပ်ငန်း အလိုက် ရယူထားသည့်လိုင်စင်အထောက်အထား များ | မှတ်ပုံတင် ကြေး၏ ၅၀% |
| ၃ | လုပ်ငန်းအချင်းချင်း ပေါင်းစပ်ခြင်း/ ခွဲခြမ်းစိတ်ဖြာခြင်း/ လုပ်ငန်းအရွယ်အစား ပြောင်းလဲခြင်း/ စက်ပစ္စည်းတိုးချဲ့ခြင်း | • ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ်<br>• ပြောင်းလဲ လုပ်ကိုင်မည့် လုပ်ငန်းရှင်၏ပတ်စပို့ဓာတ်ပုံ (၃)ပုံ<br>• ငွေသွင်းချလံမူရင်း<br>• ပိုင်ဆိုင်မှုလွှဲပြောင်းရန်ပေါ်ပေါက်သည့် အကြောင်းအရင်းနှင့်စပ်ဆိုင်သော အထောက်အထားများ<br>• သက်ဆိုင်ရာလုပ်ငန်းအလိုက်ရယူထားသည့်လိုင်စင်အထောက်အထား များ | မှတ်ပုံတင် ကြေးအတိုင်း |
| ၄ | ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း (လုပ်ငန်းရှင်သေဆုံး/ အမွေဆက်ခံ/လွှဲပြောင်း/ ရောင်း ချ/ ပိုင်ဆိုင်မှု ပုံသဏ္ဍာန်) | • ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ်<br>• လုပ်ငန်းရှင်၏ ပတ်စပို့ဓာတ်ပုံ (၃)ပုံ<br>• သက်ဆိုင်ရာလုပ်ငန်းအလိုက် ရယူထားသည့် လိုင်စင် အထောက်အထားများ | မှတ်ပုံတင် ကြေးအတိုင်း |
| ၅ | လုပ်ငန်းအမည်ပြောင်း | • ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ် | မှတ်ပုံတင် |

| | | | |
|---|---|---|---|
| | လဲခြင်း | • လုပ်ငန်းရှင်၏ ပတ်စပို့ဓာတ်ပုံ (၃)ပုံ<br>• သက်ဆိုင်ရာလုပ်ငန်းအလိုက် ရယူထားသည့် လိုင်စင် အထောက်အထားများ | ကြေး၏ ၅၀% |

ပြောင်းလဲခြင်း လျှောက်ထားလာသော စက်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးပြီးပါက ဒေသစက်မှုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြပါသည်။

- ဦးစီးဌာနရုံးချုပ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ခွင့်ပြုပါသည်။

**လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်းနှင့် အမြဲပိတ်သိမ်းခြင်း**

- လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်းနှင့် အမြဲတမ်းပိတ်သိမ်းခြင်းတို့အတွက် ခွင့်ပြုချက်ရရှိရန် သီးခြားလျှောက်လွှာတွင် အောက်ပါထောက်ခံချက်များပူးတွဲ၍ တိုင်းဒေသကြီး/ ပြည်နယ်/ ကောင်စီနယ်မြေ ဦးစီးဌာနရုံးသို့ လျှောက်ထားရပါသည်-

  (က) စည်ပင်သာယာထောက်ခံချက်

  (ခ) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ထောက်ခံချက်

  (ဂ) လူမှုဖူလုံရေးအဖွဲ့ထောက်ခံချက်

  (ဃ) ပြည်တွင်းအခွန်များဦးစီးဌာနထောက်ခံချက်

  (င) မြန်မာ့လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးထောက်ခံချက်

- ယင်းစက်မှုလုပ်ငန်းအား ***ပုံစံ(ခ)***ဖြင့် ကွင်းဆင်းစိစစ်ပြီးပါက ဒေသစက်မှုကြီးကြပ်ရေးအဖွဲ့ အစည်း အဝေး၏ သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြပါသည်။
- ဦးစီးဌာနရုံးချုပ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ခွင့်ပြုပါ သည်။

**စက်မှုမှတ်ပုံတင်လက်မှတ်ပျောက်ဆုံးခြင်း**

- စက်မှုမှတ်ပုံတင်လက်မှတ်ပျောက်ဆုံးလျှင် မိတ္တူရရှိရန် လုပ်ငန်းရှင်သည် အောက်ပါအချက်အလက်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ကောင်စီဦးစီးဌာနမှူးများထံသို့ လျှောက် ထားရပါသည်-

  (က) ပျောက်ဆုံးခြင်း အကြောင်းအရာပါရှိသော လျှောက်လွှာ၊

  (ခ) ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊

  (ဂ) လိုင်စင်ဓါတ်ပုံ (၁) ပုံ၊

  (ဃ) ဒဏ်ကြေးအဖြစ် မှတ်ပုံတင်ကြေးနှုန်းထားအတိုင်း ပေးဆောင်သည့် ငွေသွင်းချလံ

- သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ကောင်စီဦးစီးဌာနရုံးက လျှောက်ထားချက်အား စိစစ်၍ မှန်ကန်ပါက မှတ်ပုံတင်လက်မှတ်မိတ္တူကို ထုတ်ပေးပါသည်။
- အဓိကစက်မှုလုပ်ငန်းများအတွက် မှတ်ပုံတင်မိတ္တူကို ညွှန်ကြားရေးမှူးချုပ်မှ လက်မှတ်ရေးထိုး၍ ထုတ်ပေးပါသည်။

**နိုင်ငံခြားကျွမ်းကျင်ပညာရှင်များအားခန့်ထားခြင်း**

- မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များကို ခန့်ထားလိုပါက အောက်ပါအချက်အလက်များ ပူးတွဲ၍ တိုင်းဒေသကြီး/ပြည်နယ်/ကောင်စီနယ်မြေဦးစီးဌာနရုံးသို့ လျှောက်ထားရပါသည်-
  - (က) စက်မှုလုပ်ငန်းဆိုင်ရာအချက်အလက်များ၊
  - (ခ) ကုမ္ပဏီပိုင်လုပ်ငန်းဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊
  - (ဂ) ခန့်ထားလိုသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်၏ ကိုယ်ရေးအချက် အလက်များ အသေးစိတ်၊
  - (ဃ) နိုင်ငံခြားသားကျွမ်းကျင်ပညာရှင် ခန့်ထားရန်လိုအပ်ကြောင်း ရှင်းလင်း ဖော်ပြချက်၊
  - (င) ခန့်ထားမည့်လစာနှုန်းနှင့် အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊
  - (စ) စက်မှုလုပ်ငန်းတည်ရှိရာ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊
  - (ဆ) ပြစ်မှုကင်းရှင်းကြောင်း ဝန်ခံကတိပြုချက်။
- ယင်းလျှောက်ထားချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေဦးစီးဌာန၏ စိစစ် တင်ပြချက်အား ဦးစီးဌာနရုံးချုပ်က စိစစ်သုံးသပ်၍ ဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ပြီး၊ ဝန်ကြီးဌာနမှ ခန့်ထားရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဖြစ်ပါသည်။

**နိုင်ငံခြားကျွမ်းကျင်ပညာရှင်များအား ဆက်လက်နေထိုင်ခွင့်(Stay Permit )ရရှိရန် ထောက်ခံချက်လျှောက်ထားခြင်း**

- မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်နှင့် ခန့်ထားသော နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များအား ပြည်တွင်း၌ ဆက်လက်နေထိုင်ခွင့်အတွက် ထောက်ခံချက်ထုတ်ပေး

  နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်/ ကောင်စီနယ်မြေဦးစီးဌာနသို့ အောက်ဖော်ပြပါ အချက်အလက်များ ပူးတွဲ၍ လျှောက်ထားရပါမည်-
  - (က) စက်မှုလုပ်ငန်းဆိုင်ရာအချက်အလက်များ၊
  - (ခ) ကုမ္ပဏီပိုင်လုပ်ငန်းဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Extract Form
  - (ဂ) ခန့်ထားလိုသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်၏ ကိုယ်ရေးအချက်အလက်များ အသေးစိတ်ဖော်ပြရန်၊
  - (ဃ) နိုင်ငံခြားသားကျွမ်းကျင်ပညာရှင် ခန့်ထားရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်၊

(င) ခန့်ထားမည့်လစာနှုန်းနှင့် အလုပ်ခန့်ထားခြင်းစာချုပ်၊

(စ) စက်မှုလုပ်ငန်းတည်ရှိရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ/ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီး ဌာန၏ထောက်ခံချက်၊

(ဆ) ပြစ်မှုကင်းရှင်းကြောင်းဝန်ခံကတိပြုချက်၊

(ဇ ) မြန်မာနိုင်ငံတွင် နေထိုင်သည့် အချိန်ကာလ/ နေထိုင်ခွင့်ကာလ/ သက်တမ်းတိုးအကြိမ် ပေါင်း။

ယင်းလျှောက်ထားချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်/ နယ်မြေဦးစီးဌာန၏ စိစစ်တင်ပြချက်ကို ဦးစီးဌာနရုံးချုပ်က စိစစ်သုံးသပ်၍ ဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ပြီး၊ ဝန်ကြီးဌာနမှ ဆက်လက် နေထိုင်ခွင့်ပြုရန်ထောက်ခံခြင်း သို့မဟုတ် ထောက်ခံရန်ငြင်းပယ်ခြင်းပြုမည်ဖြစ်ပါသည်။

**SME Member Card "မှတ်ပုံတင်ရန် လုပ်ဆောင်ရမည့်အဆင့်များ"**

**လျှောက်ထားရမည့် Website – www.msmewebportal.gov.mm**

အဆင့်(၁) မှတ်ပုံတင်ရန် လျှောက်ထားခြင်းခေါင်းစဉ်အောက်မှ "မှတ်ပုံတင်လျှောက်ထားရန်" Click နှိပ်ရန်၊

အဆင့်(၂) "အကောင့်အသစ်ဖွင့်ရန်" ကို Click နှိပ်၍ သုံးစွဲသူ၏ email / အမည် / လျှို့ဝှက် Code များဖြင့် Account အား မှတ်ပုံတင်ရန်၊ Account မှတ်ပုံတင်ထားပြီးဖြစ်သော သုံးစွဲသူများသည် /အမည် / လျှို့ဝှက် Code များကိုဖြည့်၍ "ဝင်ရန်"ကို Click နှိပ်ရန်၊

အဆင့်(၃) အကောင့်ဖွင့်ရာတွင် အသုံးပြုခဲ့သည့် email သို့ ဝင်ရောက်၍ "Verify" အား Click နှိပ်ရန်၊

အဆင့်(၄) လျှောက်လွှာတွင် Passport Size ဓါတ်ပုံ ( နောက်ခံအပြာရောင် ) အား Upload ပြုလုပ်ရန်၊

အဆင့်(၅) ဖြည့်စွက်ရန်လိုသည့် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ရမည်ဖြစ်ပြီး မြန်မာ ဘာသာနေရာတွင် Myanmar Font ( Unicode ) ဖြင့် ဖြည့်စွက်၍ အင်္ဂလိပ် ဘာသာ နေရာတွင် English Font ဖြင့် ဖြည့်စွက်ရန်၊

အဆင့်(၆) ဖော်ပြထားသည့်အဆင့်အလိုက် အချက်အလက်များဖြည့်သွင်း၍ အဆင့်တိုင်းတွင် Click နှိပ်ရန်ဟု ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရန်၊

အဆင့်(၇) ပူးတွဲအချက်အလက်များဟု ဖော်ပြထားသည့်နေရာတွင် ပူးတွဲအထောက်အထားများ အနေဖြင့် သက်ဆိုင်ရာဌာနမှ ရရယူထားသည့် လိုင်စင် (သို့မဟုတ်) ပါမစ် (သို့မဟုတ်) ထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများကို Upload ပြုလုပ်ရန်၊

အဆင့်(၈) အချက်အလက်များဖြည့်စွက်ရာတွင် ဖြည့်စွက်ရန်မရှိသည့်နေရာများတွင် (-) ဖြင့် ဖော်ပြရန်၊

အဆင့်(၉) အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက Submit မပြုလုပ်ခင် ပြန်လည် စိစစ်နိုင်ရန်အတွက် "Preview" ကို Click နှိပ်၍ ကြည့်ရှုစစ်ဆေးရန်၊

အဆင့်(၁၀) အချက်အလက်များပြည့်စုံမှန်ကန်ပါက ပေးပို့ရန်အတွက် "Submit" ကို Click နှိပ်ရန်၊

## "မှတ်ပုံတင်ရန် လိုက်နာရမည့် သတ်မှတ်ချက်များ"

- **SME** လုပ်ငန်းရှင်သည် အသေးစားလုပ်ငန်း (သို့) အလတ်စားလုပ်ငန်း (သို့) အသေးစားနှင့် အလတ်စားလုပ်ငန်း (၂) မျိုးလုံးကို လုပ်ကိုင်သည့် နိုင်ငံသားမှ ရာနှုန်းပြည့်ပိုင်ဆိုင်သော လုပ်ငန်းအမျိုးအစားလုပ်ဆောင်သောသူဖြစ်ရပါမည်။ ( နိုင်ငံသားဆိုင်ရာတွင် ဧည့်နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရသူပါ အကျုံးဝင်ပါသည်။)
- ဝန်ထမ်းဦးရေသတ်မှတ်ရာတွင် အမြဲတမ်းဝန်ထမ်းဦးရေ ဖြစ်ရပါမည်။ ( အချိန်ပိုင်း၊ ယာယီ နှင့် အစမ်းခန့်ဝန်ထမ်းများ မပါဝင်ပါ။ )
- အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် လုပ်ငန်းဖြစ်ပါက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ရရှိမည့် ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်း၊ ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ပေးခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့်ကျန်းမာရေးထိခိုက်မှုမရှိခြင်း၊

## "ငွေပေးသွင်းရန်အတွက် လိုအပ်သည့်အဆင့်များ"

အဆင့်(၁) ငွေပေးသွင်းနိုင်ရန်အတွက် **MPU Card** အားသက်ဆိုင်ရာဘဏ်တွင် **e-commerce "ON"** ထားသည့်ကတ်ဖြစ်ရန် လိုအပ်ခြင်း၊

အဆင့်(၂) ငွေပေးသွင်းနိုင်ရန် **email** သို့ အကြောင်းကြားစာရရှိပါက **Registration** ပြုလုပ်ခဲ့သည့် **User Name** နှင့် **Password** ဖြင့် ဝင်ရောက်၍ **User Profile** အား ဝင်ရောက်ကြည့်ရှုပြီး **User Profile** တွင် "ကတ်ထုတ်ယူနိုင်ရန်အတွက် ငွေပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း" ဖော်ပြထားပါက "**PAY MEMBER FEE**" ကို **Click** နှိပ်၍ ငွေပေးသွင်းရန်၊

အဆင့်(၃) ဖော်ပြထားသည့် **Terms and Conditions** အား ဖတ်ရှု၍ သဘောတူပါက "**Agree**" နေရာတွင် **Click** နှိပ်၍ **Continue** ကို ဆက်လက်၍ **Click** နှိပ်ရန်၊

အဆင့်(၄) **OTP Code** အား ရရှိယူနိုင်ရန်အတွက် **MPU Card No.** နှင့် **Expire Date** များအား ဖြည့်စွက်၍ "**GET OTP**"အား **Click** နှိပ်ရန်၊

အဆင့်(၅) **OTP Code** ကို **MPU Card** အား **e-commerce "ON"** ရာတွင် အသုံးပြုခဲ့သည့် **Email Address** ဖြင့် ဝင်ရောက်ကြည့်ရှု၍ ရရယူရန်၊

အဆင့်(၆) **OTP Code** ရရှိပြီးပါက သတ်မှတ်ထားသောအချိန်အတွင်း **OTP Code** ဖြည့်စွက်ရမည့် နေရာတွင် ဖြည့်စွက်၍ "**Confirm Payment**" အား **Click** နှိပ်ရန်၊ **Approve** ဖြစ်ပါက **Continue** အား ဆက်လက်၍ **Click** နှိပ်ရန်၊

**"Visa , Master , JCB နှင့် Union Pay ကတ်များဖြင့် ငွေပေးသွင်းရန်လိုအပ်သည့် အဆင့်များ"**

အဆင့်(၁) ငွေပေးသွင်းနိုင်ရန်အတွက် **Visa , Master , JCB** or **Union Pay Card** များအား သက်ဆိုင်ရာဘဏ်တွင် ပြုလုပ်ရန် လိုအပ်ခြင်း၊

အဆင့်(၂) ငွေပေးသွင်းနိုင်ရန် **email** သို့ အကြောင်းကြားစာရရှိပါက **Registration** ပြုလုပ်ခဲ့သည့် **User Name** နှင့် **Password** ဖြင့် ဝင်ရောက်၍ **User Profile** အား ဝင်ရောက်ကြည့်ရှုပြီး **User Profile** တွင် "ကတ်ထုတ်ယူနိုင်ရန်အတွက် ငွေပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း" ဖော်ပြထား ပါက "**Visa , Master , JCB , Union Pay**" ကို **Click** နှိပ်၍ ငွေပေးသွင်းရန်၊

အဆင့်(၃) ဖော်ပြထားသည့် **Terms and Conditions** အား ဖတ်ရှု၍ သဘောတူပါက **"Agree"** နေရာတွင် **Click** နှိပ်၍ **Continue** ကို ဆက်လက်၍ **Click** နှိပ်ရန်၊

အဆင့်(၄) **OTP Code** ရရယူနိုင်ရန်အတွက် **Card No., Expire Date, Card holder name** နှင့် **Security Code** များအား ဖြည့်စွက်၍ "**Confirm Payment"** အား နှိပ်ပြီး "**Pay now"** ကို **Click** နှိပ်ရန်၊

အဆင့်(၅) **OTP Code** ကို **Card** ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် **Email Address** သို့မဟုတ် ဖုန်းနံပါတ်သို့ ဝင်ရောက်ကြည့်ရှု၍ ရရယူရန်၊

အဆင့်(၆) **OTP Code** ရရှိပြီးပါက ဖြည့်စွက်ရမည့် သတ်မှတ်ကာလအတွင်း **OTP Code** ဖြည့်စွက်ရမည့်နေရာတွင် ဖြည့်စွက်၍ "**Submit"**အား **Click** နှိပ်ရန်၊

## ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

**အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

**၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွဲ့စည်းတည်ထောင်ခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ နှင့်တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်။

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည်-

(၁) သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများကိုရေးဆွဲထားရမည်။

(၂) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်း၍ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများနှင့် အညီ စီမံခန့်ခွဲရမည်။

(၃) စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရာတွင် ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့်အရည်အချင်းနှင့် ပြည့်စုံရမည်။

**၂။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်း**

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့်အဖွဲ့အစည်းသည် လုပ်ငန်းဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတဆင့် ကြီးကြပ်မှုကော်မတီသို့ သတ်မှတ်ထား သည့် လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအချက်များပါဝင်သောဖြစ်နိုင်ခြေလေ့လာချက်ကို ပူးတွဲ၍ တင်ပြရမည်-

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မည့်ဒေသ၊ ဈေးကွက်ရှိကြောင်းနှင့် သက်ဆိုင်ရာ ပြည်သူများကလည်း စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြချက်၊

(၂) ငွေရေးကြေးရေး အရင်းအမြစ်များမည်မျှလိုအပ်ကြောင်းနှင့် ယင်းတို့ကို မည်သို့ ရရှိ မည်ဖြစ်ကြောင်းဖော်ပြချက်၊

(၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ပါက ရရှိမည်ဟု မျှော်မှန်းထားသည့် အကျိုးအမြတ်နှင့် အကျိုးအမြတ်များကို စီမံခန့်ခွဲမည့်အစီအစဉ်များ

(၄) စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းနှင့်ကျွမ်းကျင်မှု၊

(၅) လုပ်ကိုင်လိုသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း အမျိုးအစားများ။

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို အောက်ပါအတိုင်းအမျိုးအစားခွဲခြား သတ်မှတ်ထားရှိရမည် -

(၁) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊

(၂) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း။၂

(ဂ) (၁) အပ်ငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်း ရရှိသည့် ရန်ပုံငွေနှင့် အသေးစားချေးငွေရယူသည့် အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရမည့် စုဆောင်းငွေများဖြင့် အသေးစား ချေးငွေများ ထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်။

(၂) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် အများပြည်သူထံမှ အပ်ငွေမဟုတ်သော အခြားနည်းဖြင့် စုစည်းရရှိသည့် ရန်ပုံငွေ၊ အသေးစား ချေးငွေရယူသည့် အခါတိုင်း အသင်းသားများက မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေနှင့် မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေများဖြင့် အသေးစားချေးငွေ များထုတ်ပေးခြင်းကိုဆောင်ရွက်ရမည်။

(ဃ) အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသော အဖွဲ့အစည်းများသည်-

(၁) ထည့်ဝင်ပြီးမတည်ငွေရင်းကို ငွေသားဖြင့်ပေးသွင်းရမည်

(၂) ထည့်ဝင်ပြီး မတည်ငွေရင်း အပြည့်အဝကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အတွင်း သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းရမည်။ အဆိုပါထည့်ဝင်ပြီး မတည်ငွေရင်းကိုကြီးကြပ်မှုကော်မတီကလုပ်ငန်းလိုင်စင်ထုတ်ပေးမှု လုပ်ငန်းများဆောင်ရွက်ပြီးမှသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(င) (၁) ကြီးကြပ်မှုကော်မတီသည် လျှောက်လွှာပုံစံပါ ဖြည့်စွက်ချက်များနှင့် ဖြစ်နိုင်ခြေလေ့လာချက်တို့ကို စိစစ်ပြီးနောက် လျှောက်လွှာလက်ခံရရှိသည့် နေ့မှ ရက်ပေါင်း(၃၀)အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ယင်းလိုင်စင်ထုတ်ပေး ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက် မထားရှိရ။

(စ) အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့် အဖွဲ့အစည်းသည် မိမိ၏ အစုရှယ်ယာပိုင်ရှင်များနှင့် ပတ်သက်၍ လည်းကောင်း၊ လုပ်ငန်း၏အခြေအနေ မှန်နှင့်စပ်လျဉ်း၍လည်းကောင်း အများပြည်သူတလွဲမှားစွာ အဓိပ္ပာယ်ကောက်ယူစေနိုင်မည့် အမည်နာမကို အသုံးပြုသည်ဟု ကြီးကြပ်မှုကော်မတီက ယူဆလျှင် လုပ်ငန်းလုပ်ကိုင် ခွင့်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

(ဆ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသည့်နေ့မှစ၍ (၁၅) ရက်အတွင်းသတ်မှတ်သည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အတွင်း

သတ်မှတ်ထားသော မြန်မာ့ စီးပွားရေးဘဏ်ရှိ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ငွေစာရင်း သို့ပေးသွင်းရမည်။

(ဇ) ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုသည့်အခါ မြန်မာနိုင်ငံ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

(ဈ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသည့် နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင် ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ။

**၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) အသေးစားချေးငွေထုတ်ပေးခြင်း။

(၂) အပ်ငွေလက်ခံခြင်း

(၃) အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း။

(၄) ပြည်တွင်းပြည်ပမှချေးငွေယူခြင်း။

(၅) အခြားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစားချေးငွေ ထုတ်ချေးရာတွင် မိမိတို့၏ လုပ်ငန်းရေရှည်တည်တံ့နိုင်ရေးကို ကာကွယ်ထိန်းသိမ်း ထားရန် အလို့ငှာ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(ဂ) အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းတွင် ကြီးကြပ်မှုကော်မတီက သဘောတူ သည့် စာရင်းစစ်ကိုခန့်ထားရမည်။

(ဃ) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်နိုင်သော အဖွဲ့အစည်းများ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင် ဆိုင်ရာ ဥပဒေနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အောက်ပါ အဖွဲ့ အစည်းများအနေ ဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ရန် လုပ်ငန်းလိုင်စင် လျှောက်ထားနိုင် သည်-

(၁) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊

(၂) အစုစပ်လုပ်ငန်း၊

(၃) ကုမ္ပဏီ၊

(၄) ဘဏ်နှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ။

(င) **မတည်ငွေရင်း**

(၁) အပ်ငွေလက်ခံခြင်းမပြုသည့်အဖွဲ့အစည်း။ ၁၀၀ .သန်း

(၂) အပ်ငွေလက်ခံသည့်အဖွဲ့အစည်း။ ၃၀၀. သန်း

(စ) **အတိုးနှုန်း**

(၁) ချေးငွေအပေါ်ကောက်ခံရမည့်အတိုးနှုန်း။ ကျပ်(၁၀၀)အတွက် တစ်လလျှင် ၂ ကျပ် ၃၀ ပြား၊ တစ်နှစ်လျှင် ၂၈ ရာခိုင်နှုန်းထက် မများရ။

(၂) စုဆောင်းငွေအပေါ်ပေးရမည့်အတိုးနှုန်း။ ကျပ်(၁၀၀)အတွက် တစ်လလျှင် ၁ ကျပ် ၂၀ ပြား၊ တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းထက်မနည်းရ။

(ဆ) **ဝန်ဆောင်မှုစရိတ်**

(၁) ရုံးခွဲများ တည်ထောင်ခြင်း၊ လုပ်ငန်းနေရာ ရွှေ့ပြောင်းခြင်း နှင့် လုပ်ငန်း ပိတ်သိမ်းခြင်းတို့အတွက် ဝန်ဆောင်မှုစရိတ် ကျပ်-၅၀၀၀၀/- (မှတ်ချက်။ မြို့နယ်အတွင်း ရွှေ့ပြောင်းခြင်းနှင့် ဝန်ဆောင်မှုစရိတ် ပေးဆောင်ရန် မလိုဟု ကြီးကြပ်မှုကော်မတီက သတ်မှတ်သော တစ်မြို့နယ်နှင့် တစ်မြို့နယ်သို့ ရွှေ့ပြောင်းခြင်းများအတွက် ဝန်ဆောင်မှုစရိတ် ပေးဆောင်ရန်မလို)

(၂) လုပ်ငန်းအမျိုးအစား(အပ်ငွေလက်ခံခြင်းမပြုသည့် အဖွဲ့အစည်း/ အပ်ငွေ လက်ခံသည့် အဖွဲ့အစည်း)ပြောင်းလဲလုပ်ကိုင်ခြင်းအတွက် ဝန်ဆောင်မှု စရိတ် ကျပ်-၅၀၀၀၀/-

(ဇ) **လိုင်စင်ကြေး**

(၁) ကနဦးလိုင်စင်ကြေး။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့်နေ့မှစ၍ ၁၅ ရက် အတွင်း ထည့်ဝင်ပြီးမတည်ငွေရင်း၏ ၀.၁ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏ ကိုပေးသွင်းရ မည်။

(၂) တိုးမြှင့်ထည့်ဝင်သည့် မတည်ငွေရင်းအပေါ်ပေးဆောင်ရမည့်လိုင်စင်ကြေး။ မိမိ ထည့်ဝင်ပြီး မတည်ငွေရင်းကို တိုးမြှင့်ပါက တိုးမြှင့်သည့် ငွေပမာဏ၏ ၀.၁ ရာခိုင်နှုန်း ကို ထပ်မံပေးသွင်းရမည်။

(၃) နှစ်စဉ်လိုင်စင်ကြေး။ နှစ်စဉ်ဘဏ္ဍာရေးနှစ်၏ ဧပြီလတွင် ထည့်ဝင်ပြီး မတည် ငွေရင်း ၏ ၀.၁ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏ ကိုပေးသွင်းရမည်။

၄။ အထက်ပါ သက်မှတ်ချက်များကို စျေးကွက် အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင် ပြောင်းလဲ သတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

## စိုက်ပျိုးရေးဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ

## မြေဩဇာထုတ်လုပ်/တင်သွင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ မြေဩဇာ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ပတ်သတ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြေဩဇာကို ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့လိုသူသည် မှတ်ပုံတင် လက်မှတ်ရရှိရန် မြေဩဇာကော်မတီသို့ လျှောက်ထားရမည်။

(ခ) လျှောက်ထားမှုသည် သတ်မှတ်ချက်များနှင့် ညီ၊ မညီကို မြေဩဇာဆိုင်ရာ နည်းပညာ ကော်မတီကစစ်ဆေးရမည်။

(ဂ) မြေဩဇာဆိုင်ရာနည်းပညာကော်မတီက ထောက်ခံတင်ပြလာသော လျှောက်လွှာများကိုမြေဩဇာ ကော်မတီက ထပ်မံစစ်ဆေး၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း (သို့မဟုတ်)ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) မြေဩဇာကို တင်သွင်း၊ တင်ပို့ရန်ပါမစ် (သို့မဟုတ်)လိုင်စင်ထုတ်ပေးရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြနိုင်မှသာ ထုတ်ပေးနိုင်သည်။

၂။ ပြည်တွင်းတွင် မြေဩဇာထုတ်လုပ်ရန်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်ပတ်သတ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မြေဩဇာထုတ်လုပ်ပုံနည်းစနစ်အဆင့်ဆင့်။ (မှတ်တမ်းဓါတ်ပုံများ ပူးတွဲတင်ပြရန်)

(ခ) အရည်အသွေးစစ်ဆေးရန်ဓါတ်ခွဲစမ်းသပ်ခြင်း။(ခွင့်ပြုမိန့်ယူခြင်း)
(မြေဩဇာနမူနာ+ပါဝင်သောအာဟာရဓါတ်အချိုးအစား+Packing)

(ဂ) မြေဩဇာမှတ်ပုံတင်လျှောက်ထားခြင်း။

(ဃ) ထုတ်လုပ်သူ၏ အရည်အသွေးဝန်ခံချက်။

(င) အိမ်တွင်းစက်လက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်(သို့) စက်မှုဝန်ကြီးဌာန၏ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။

(စ) တံဆိပ်မှတ်ပုံတင်စာချုပ်မိတ္တူ။

(ဆ) မြေဩဇာဆိုင်ရာနည်းပညာကော်မတီမှ စိစစ်ထောက်ခံခြင်း။

(ဇ) မြေဩဇာကော်မတီမှ စိစစ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း။

၃။ ပြည်ပမှ မြေဩဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ပတ်သတ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အရည်အသွေးစစ်ဆေးရန်ဓါတ်ခွဲစစ်ဆေးခြင်း။(ခွင့်ပြုမိန့်ယူခြင်း)
(မြေဩဇာနမူနာ+ပါဝင်သောအာဟာရဓါတ်အချိုးအစား+Packing)

(ခ) မြေဩဇာမှတ်ပုံတင်လျှောက်ထားခြင်း။

(ဂ) ပြည်ပကုမ္ပဏီ၏ အရည်အသွေးအာမခံချက်။

(ဃ) ပြည်တွင်းကုပမ္ပဏီ၏ အရည်အသွေးဝန်ခံချက်။

(င) Invoice, Sale Contract.

(စ) မြေဩဇာဆိုင်ရာနည်းပညာကော်မတီမှ စိစစ်ထောက်ခံခြင်း။

(ဆ) မြေဩဇာကော်မတီမှ စိစစ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း။

၄။ ပြည်ပသို့မြေဩဇာတင်ပို့ရန်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့်ပတ်သတ်၍အောက်ပါ အတိုင်းဆောင်ရွက်ရမည်-

(က) ပြည်တွင်းထုတ်မြေဩဇာကိုတင်ပို့ပါက ထုတ်လုပ်ခွင့်မှတ်ပုံတင်လက်မှတ်ရှိရန်။

(ခ) အရည်အသွေးစစ်ဆေးရန်ဓါတ်ခွဲစစ်ဆေးခြင်း။(ခွင့်ပြုမိန့်ယူခြင်း)
(မြေဩဇာနမူနာ+ပါဝင်သောအာဟာရဓါတ်အချိုးအစား+Packing)

(ဂ) ပြည်ပမှတင်သွင်းလာသော မြေဩဇာကို အခြားနိုင်ငံသို့ တင်ပို့ပါက တင်သွင်းခွင့် လက်မှတ်ရရှိရန်။

(ဃ) မြေဩဇာမှတ်ပုံတင်ခြင်း။

(င) ပြည်တွင်းကုမ္ပဏီ၏ အရည်အသွေးဝန်ခံချက်။

(စ) ပြည်ပကုမ္ပဏီ၏ အရည်အသွေးအာမခံချက်။

(ဆ) Invoice, Sale Contract.

(ဇ) မြေဩဇာဆိုင်ရာနည်းပညာကော်မတီမှ စိစစ်ထောက်ခံခြင်း။

(ဈ) မြေဩဇာကော်မတီမှ စိစစ်၍ မြေဩဇာမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း။

၅။ Foliar Fertilizer, Bio Fertilizer နှင့် Plant Growth Promoter များမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ပတ်သတ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အရည်အသွေးစစ်ဆေးရန်ဓါတ်ခွဲစစ်ဆေးခြင်း။
(မြေဩဇာနမူနာ+ပါဝင်သောအာဟာရဓါတ်အချိုးအစား+Packing)

(ခ) Yield Trial Test သီးနှံတစ်ရာသီစမ်းသပ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ထောက်ခံမှသာ မြေဩဇာမှတ်ပုံ တင်ခြင်း။

၆။ မြေဩဇာထုပ်ပိုးပစ္စည်း (Packing)ပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည်-
ပုဒ်မ-၁၆

(က) တင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) မြေဩဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေးအာမခံချက်၊

(င) မြေဩဇာတွင်ပါဝင်သည့် အပင်အာဟာရဓါတ် ရာခိုင်နှုန်း၊

(စ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ် သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သို့လျှောင်ထားရှိရမည့်နည်းစနစ်၊

(ဆ) မြန်မာဘာသာဖြင့်ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန်အချက်များ။

၇။ မြေသြဇာလုပ်ငန်းမှတ်ပုံတင်ခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | မြေသြဇာ အရေအတွက် | တစ်နှစ်နှုန်းထား (ကျပ်) | မှတ်ပုံတင် ခွင့်ပြုမည့်(နှစ်) |
|---|---|---|---|---|
| ၁ | ပြည်တွင်းထုတ်လုပ်ခြင်း | ၁မျိုး | ၂၀၀၀၀ | ၃ |
| ၂ | ပြည်ပသို့တင်ပို့ခြင်း | ၁မျိုး | ၃၀၀၀၀ | ၃ |
| ၃ | ပြည်ပမှတင်သွင်းခြင်း | ၁မျိုး | ၃၀၀၀၀ | ၃ |

၈။ မြေသြဇာလုပ်ငန်းသက်တမ်းတိုးမှတ်ပုံတင်ခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လက်မှတ်အမျိုးအစား | ခွင့်ပြုကာလ (နှစ်) | သက်တမ်းတိုး မှတ်ပုံတင်ခ(ကျပ်) |
|---|---|---|---|
| ၁ | ထုတ်လုပ်မှတ်ပုံတင်လက်မှတ် | ၃ | တစ်နှစ်အတွက် ၂၀၀၀၀ |
| ၂ | တင်ပို့မှတ်ပုံတင်လက်မှတ် | ၃ | တစ်နှစ်အတွက် ၃၀၀၀၀ |
| ၃ | တင်သွင်းမှတ်ပုံတင်လက်မှတ် | ၃ | တစ်နှစ်အတွက် ၃၀၀၀၀ |

၉။ မြေသြဇာလုပ်ငန်း လိုင်စင်ခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် | (၂)နှစ်နှုန်းထား (ကျပ်) | လိုင်စင် ခွင့်ပြုမည့်(နှစ်) |
|---|---|---|---|---|
| ၁ | မြေသြဇာသိုလှောင်ခြင်း | ၁မျိုး | ၅၀၀၀၀ | ၂ |
| ၂ | မြေသြဇာဖြန့်ဖြူးရောင်းချခြင်း (မူလပြုလုပ်) | ၁ဆိုင် | ၅၀၀၀၀ | ၂ |
| ၃ | မြေသြဇာဖြန့်ဖြူးရောင်းချခြင်း (သက်တမ်းမတိုး၍အသစ်ထပ်မံပြုလုပ်) | ၁ဆိုင် | ၈၀၀၀၀ | ၂ |

၁၀။ မြေသြဇာလုပ်ငန်း သက်တမ်းတိုးလိုင်စင်ခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | ခွင့်ပြုကာလ (နှစ်) | သက်တမ်းတိုး လိုင်စင်ခ(ကျပ်) |
|---|---|---|---|
| ၁ | မြေသြဇာသိုလှောင်ခြင်းလိုင်စင် | ၂ | နှစ်နှစ်အတွက် ၅၀၀၀၀ |
| ၂ | မြေသြဇာဖြန့်ဖြူးရောင်းချခြင်းလိုင်စင် | ၂ | နှစ်နှစ်အတွက် ၅၀၀၀၀ |

၁၁။ ပုဒ်မ-၁၃၊လိုင်စင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေဩဇာဥပဒေအရ မြေဩဇာကိုသိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်။

(ခ) မြေဩဇာတစ်မျိုးလျှင် သိုလှောင်စင်တစ်ခုပြုလုပ်ရပါမည်။

၁၂။ လိုင်စင်ပြုလုပ်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေဩဇာကိုသိုလှောင်ခြင်းလုပ်ငန်းအတွက် လိုင်စင်ကို စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) မြေဩဇာကိုတစ်နှစ်အတွင်း (၅)တန်အထက်၊ (ရွက်ဖျန်းမြေဩဇာ(Liquid)ဖြစ်ပါက ၂၀၀လီတာနှင့်အထက်၊ (Powder)ဖြစ်ပါက ၄၀၀ကီလိုဂရမ် နှင့်အထက်)ဖြန့်ဖြူး ရောင်းချပါက ဖြန့်ဖြူးရောင်းချ ခွင့်လိုင်စင်ရရှိရန်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန ထံလျှောက်ထားရမည်။

၁၃။ မြေဩဇာရောင်းချခွင့်လိုင်စင်ပြုလုပ်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လက်လီလက်ကားရောင်းချလိုင်စင်ကြေး | - | ၅၀၀၀ိ/- |
| (ခ) | လိုင်စင်သက်တမ်း | - | (၂)နှစ် |
| (ဂ) | လိုင်စင်သက်တမ်းတိုးခ | - | ၅၀၀၀ိ/- |
| (ဃ) | လိုင်စင်ထုတ်ပေးသူ | - | ညွှန်ကြားရေးမှူး၊<br>စိုက်ပျိုးရေးဦးစီးဌာန၊<br>ကယားပြည်နယ်၊<br>လွိုင်ကော်မြို့ |

၁၄။ မှတ်ပုံတင်နှင့်လိုင်စင်များ သက်တမ်းကုန်ဆုံးပြီးမှ သက်တမ်းတိုးလျှောက်ထားလာပါက ဒဏ်ကြေးနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မှတ်ပုံတင်၊ လိုင်စင်လက်မှတ်များကို သက်တမ်းကုန်ဆုံးပြီးရက်ပေါင်း(၃၀)အတွင်း သက်တမ်းတိုးမြှင့်လျှောက်ထားလာပါကဒဏ်ကြေးငွေကျပ်(တစ်သောင်း) ပေးဆောင် စေရန်။

(ခ) မှတ်ပုံတင်၊ လိုင်စင်လက်မှတ်များကို သက်တမ်းကုန်ဆုံးပြီးရက်ပေါင်း(၆၀)အတွင်း သက်တမ်းတိုးမြှင့်လျှောက်ထားလာပါက ဒဏ်ကြေးငွေကျပ်( နှစ်သောင်း)ပေးဆောင် စေရန်။

(ဂ) မှတ်ပုံတင်၊ လိုင်စင်လက်မှတ်များကို သက်တမ်းကုန်ဆုံးပြီးရက်ပေါင်း(၉၀)အတွင်း သက်တမ်း တိုးမြှင့်လျှောက်ထားလာပါက ဒဏ်ကြေးငွေကျပ်(သုံးသောင်း) ပေးဆောင် စေရန်။

(ဃ) သက်တမ်းကုန်ဆုံးပြီးရက်ပေါင်း(၉၀)အတွင်း သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း မရှိပါက မှတ်ပုံတင်ထားရှိမှုနှင့် လိုင်စင်ခွင့်ပြုထားရှိမှုသည် အလိုအလျောက် ပျက်ပြယ် ပြီးဖြစ်ရန်။

၁၅။ တင်သွင်းခွင့်ပိတ်ပင်ထားသောမြေဩဇာများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဖောက်ခွဲရေးပစ္စည်းအဖြစ် အသုံးပြုနိုင်သဖြင့် စိုက်ပျိုးရေးသုံး ဓါတ်မြေဩဇာအဖြစ် လျှောက်ထားသော Ammonium Nitrate တင်သွင်းခွင့်ကို ရပ်ဆိုင်းထားရန်။

(၁) (၁၂)မြေ (၆.၆.၂၀၁၂)၊ဆုံးဖြတ်ချက်(၉)။

(၂) (၁၆)မြေ (၄.၉.၂၀၁၄)၊ ဆုံးဖြတ်ချက်(၆)။

(ခ) SSP (Single Super Phosphate) ($P_2O_5$:16%) မြေဩဇာကို TSP (Triple Super Phosphate) ($P_2O_5$:46%) မြေဩဇာအဖြစ်အတုပြုလုပ်ရန်လွယ်ကူခြင်း၊ SSP နှင့် TSP မြေဩဇာများကို မျက်မြင်အရခွဲခြားမရခြင်းကြောင့် လယ်သမား၏ အကျိုးစီးပွား ထိခိုက် နစ်နာမှုမရှိစေရန် Single Super Phosphate Fertilizer ကိုတင်သွင်းခွင့် မပြုရန်။

**မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁၆။ အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြု လက်မှတ်လျှောက်ထားခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (N.S.C) သို့ ပုံစံ-၃ ဖြစ်လျှောက်ထားရမည်။
- အပင်မျိုးသစ် အသိအမှတ်ပြုလက်မှတ်ကို ပုံစံ-၄ဖြင့် (N.S.C) မှ ထုတ်မည်။
- မျိုးသစ်အသိအမှတ်ပြု လက်မှတ်သက်တမ်း(၁၀)နှစ်။

၁၇။ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) (N.S.C) သို့ ပုံစံ(၅)ဖြင့် လျှောက်ထားခြင်း။

(ခ) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းမှ မှတ်ပုံတင်လက်မှတ်ကို ပုံစံ-၆ဖြင့် N.S.C မှထုတ်ပေးမည်။

(ဂ) မှတ်ပုံတင်သက်တမ်း - ၃နှစ်

(ဃ) ဆက်ဖွင့်လိုပါက - သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၆၀)ကြို၍ လျှောက်ထားရမည်။ ပုံစံ(၇)ဖြင့် N.S.Cသို့ လျှောက်ထားရမည်။

၁၈။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ ပုံစံ(ဂ)ဖြင့် လျှောက်ထားရမည်။

(ခ) မျိုးစေ့လုပ်ငန်းလိုင်စင်ကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီမှ ပုံစံ-၉ဖြင့် ထုတ်ပေးမည်။

(ဂ) လိုင်စင်သက်တမ်း - ၅နှစ်

(ဃ) ဆက်လက်လုပ်ကိုင်လိုပါက - ရက်ပေါင်း(၆၀) ကြိုတင်လျှောက်ထားရမည်။
သက်တမ်းတိုးမြှင့်ခွင့်ကို ပုံစံ-၁၀ဖြင့် လျှောက်ထားရမည်။

၁၉။ မျိုးစေ့လက်လီလက်ကား ရောင်းချလိုင်စင်လျှောက်ထားခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လက်လီလက်ကား ရောင်းချလိုင်စင်ကြေး | - | (၅၀၀၀၀ိ/-) |
| (ခ) | လိုင်စင်သက်တမ်း | - | (၃) နှစ်၊ |
| (ဂ) | လိုင်စင်သက်တမ်းတိုးခ | - | (၅၀၀၀၀ိ/-) |
| (ဃ) | လိုင်စင်ထုတ်ပေးသူ | - | ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |

၂၀။ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးသော မျိုးသစ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စပါး(၁၁၁)မျိုး ၊ ဂျုံ(၁၁)မျိုး ၊ အစေ့ထုတ်ပြောင်း(၂၇)မျိုး ၊ ဖူးစားပြောင်း(၉)မျိုး ၊ နှံစားပြောင်း (၁၃)မျိုး၊ မြေပဲ(၁၄)မျိုး ၊နှမ်း(၇)မျိုး ၊ နေကြာ(၆)မျိုး ၊ ချည်မျှင်ရှည်ဝါ(၁၅)မျိုး၊ ချည်မျှင်တိုဝါ(၄)မျိုး၊ ဂုန်လျှော်(၉)မျိုး၊ ကြံ(၁၁)မျိုး၊ ပဲမျိုးစုံ (၃၆)မျိုး၊ ဥယျာဉ်ခြံ သီးနှံ(၂၄)မျိုး။

## ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း
## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ရုံး

၂၁။ ပိုးသတ်ဆေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄/ ၂၀၁၆ ဖြင့် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့ပြီး အခန်း(၁၆) ပုဒ်မ(၄၈) ခုပါဝင်ပါသည်။

၂၂။ ပိုးသတ်ဆေးဥပဒေ မူရင်းကို နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁၁/၉၀) ဖြင့် ၁၉၉၀ ပြည့်နှစ် မေလ (၁၁)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

**ပိုးသတ်ဆေးဥပဒေ၏ရည်ရွယ်ချက်**

၂၃။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင်

- **ပိုးသတ်ဆေးသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊**
- **စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်ဘေးန္တရာယ်ကင်းရှင်းရေး၊**
- **ပိုးသတ်ဆေးအကျိုးအာနိသင်ထိရောက်မှုရှိစေရေး**

၂၄။ အခန်း(၄) မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း(အခန်း-၄၊ ပုဒ်မ၊ ၁၃-၁၄မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပုဒ်မ၁၃။**

ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်းပြုလုပ်လိုသူသည်

အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထား သောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(င) ပြင်ဆင်မှတ်ပုံတင်လက်မှတ်။

**ပုဒ်မ၁၄။**

ပုဒ်မ၁၃ပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေးသို့မဟုတ် အဆိပ်ရှိပစ္စည်း၏နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့် အတူသတ်မှတ်ထုထည် သို့မဟုတ်သတ်မှတ်အလေးချိန်တို့ကိုမှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) ဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါကမှတ်ပုံတင်ခကိုသတ်မှတ်ချက်နှင့်အညီပေးဆောင်ရမည်။

၂၅။ အခန်း(၅)လိုင်စင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း(အခန်း-၅-ပုဒ်မ ၁၇)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပုဒ်မ၁၇။

လိုင်စင်လျှောက်ထားသူသည်-

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကိုပြည်တွင်းတွင်ပိုးသတ်ဆေးအဖြစ်ဖော်စပ်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက်ဦးစီးဌာနသို့သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကိုပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်လိုအပ်သည့် ပြည်ပပို့ကုန်များ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်းလုပ်ငန်း၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့်လူနေအိမ်ဝန်းကျင်များ ၊ သိုလှောင်သည့်နေရာ ၊ သယ်ဆောင်ယာဉ်နှင့် ကုန်တင်သင်္ဘောများတွင် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ(က)၊(ခ)၊(ဂ)တို့အရလျှောက်ထားခြင်းမှအပပိုးသတ်ဆေးကိုလက်လီလက်ကား

ရောင်းချလိုပါကသက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(င) ပုဒ်မခွဲ(က)၊(ခ)၊(ဂ)နှင့် (ဃ)တို့အရ လျှောက်ထားရာတွင်သတ်မှတ်ထားသောလိုင်စင်ခကိုပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့အရလျှောက်ထားရာ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရရှိပြီးသူဖြစ်ရမည်။

၂၆။ ပိုးသတ်ဆေးမှတ်ပုံတင်ခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပိုးသတ်ဆေးဥပဒေပုဒ်မ၁၄၊ ပုဒ်မခွဲ(ဂ)အရ ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုချက်ရရှိသူသည်-

| စဉ် | ပိုးသတ်ဆေးမှတ်ပုံတင် အမျိုးအစား | နှုန်းထား(ကျပ်) | သက်တမ်း |
|---|---|---|---|
| ၁ | စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင် | ၁,၀၀၀,၀၀၀ | ၂နှစ် ကာလ |
| ၂ | ယာယီသုံးစွဲခွင့်မှတ်ပုံတင် | ၂,၀၀၀,၀၀၀ | ၅နှစ် ကာလ |
| ၃ | အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင် | ၅,၀၀၀,၀၀၀ | ၁၀နှစ် ကာလ |
| ၄ | အထူးသုံးစွဲခွင့်မှတ်ပုံတင် | ၁,၀၀၀,၀၀၀ | ၁နှစ် ကာလ |
| ၅ | ပြင်ဆင်မှတ်ပုံတင် | ၁,၀၀၀,၀၀၀ | ၅နှစ် ကာလ |

၂၇။ ပိုးသတ်ဆေးလိုင်စင်ခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပိုးသတ်ဆေးဥပဒေပုဒ်မ၁၇၊ပုဒ်မခွဲ(င)အရ လိုင်စင်လျှောက်ထားသူသည်-

| စဉ် | လိုင်စင်အမျိုးအစား | နှုန်းထား(ကျပ်) | သက်တမ်း |
|---|---|---|---|
| ၁ | ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင် | ၁,၀၀၀,၀၀၀ | ၃နှစ် |
| ၂ | ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးခွင့်လိုင်စင် | ၁,၀၀၀,၀၀၀ | ၃နှစ် |
| ၃ | ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင် | ၃၀၀,၀၀၀ | ၃နှစ် |
| ၄ | ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင် | ၃၀၀,၀၀၀ | ၃နှစ် |

၂၈။ လိုင်စင်ခွင့်ပြုသည့် ပုဂ္ဂိုလ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | ခွင့်ပြုသူ | သက်တမ်း |
|---|---|---|---|
| ၁ | ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃နှစ် |
| ၂ | ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးခွင့်လိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃နှစ် |
| ၃ | ပိုးသတ်မှိုင်းတိုက်ခြင်းလိုင်စင် | ညွှန်ကြားရေးမှူးချုပ် | ၃နှစ် |
| ၄ | ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင် | ခရိုင်ဦးစီးမှူး | ၃နှစ် |

၂၉။ ပိုးသတ်ဆေးလက်လီလက်ကား ရောင်ချခွင့်လိုင်စင် သက်တမ်းတိုးရန်နှင့် ပတ်သက်၍ အောက်ပါ အတိုင်းဆောင်ရွက်ရမည်-

၁လမှ ၃လအထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၁၀၀၀၀ ကျပ်

၃လမှ ၆လအထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၂၀၀၀၀ ကျပ်

၆လမှ ၉လအထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၃၀၀၀၀ ကျပ်

၉လမှ ၁နှစ်အထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၅၀၀၀၀ ကျပ်

၁နှစ်အထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၁၀၀၀၀၀ ကျပ်

၃၀။ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်(CPA)သက်တမ်းတိုးရန်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

၆လမှ၉လအထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၁၀၀၀၀ ကျပ်

၉လမှ၁နှစ်အထိ နောက်ကျပါက ဒဏ်ကြေးငွေ - ၂၀၀၀၀ ကျပ်

၁နှစ်အထက် နောက်ကျပါက ဒဏ်ကြေးငွေ - ၃၀၀၀၀ ကျပ်

မှတ်ချက် - ၃နှစ်ထက် ကျော်လွန်ပါက သင်တန်းထပ်မံတက်ရောက်ရမည်။

**၃၁။ အခန်း(၁၂) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း (အခန်း၁၂-ပုဒ်မ၂၇) မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပုဒ်မ၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ၂၄ပါပြဋ္ဌာန်းချက်များနှင့် စပ်လျဥ်း၍ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောလိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီးဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ဖျက်ဆီးခြင်း။

ပုဒ်မ၂၈။ ခရိုင်ဦးစီးမှူးသည်ပုဒ်မ၂၅ပါ လိုင်စင်ပြဋ္ဌာန်းချက်များနှင့် စပ်လျဥ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအားအောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လိုင်စင်ကိုရုပ်သိမ်းခြင်းသို့မဟုတ် ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီးဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ဖျက်ဆီးခြင်း။

၃၂။ အခန်း(၁၃) အယူခံခြင်း(အခန်း-၁၃၊ ပုဒ်မ-၂၉၊၃၀)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုဒ်မ၂၉။ ပုဒ်မ ၂၈ အရ ခရိုင်ဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါကယင်းအမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း၃၀အတွင် ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

ပုဒ်မ၃၀။ (က) ပုဒ်မ၂၇ အရလည်းကောင်း၊ပုဒ်မ၂၉အရလည်းကောင်း ညွှန်ကြားရေးမှူးချုပ်ကချမှတ်သည့်အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း၃၀ အတွင်းဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၃။ ပတ်ဝန်းကျင်နှင့်လူသားများအတွက် အန္တရာယ်ကင်းစေရန် ဥပဒေအရ သုံးစွဲခြင်းကို ပိတ်ပင်ထားသော ပိုးသတ်ဆေး(Banned Pesticide )မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| NO | Active Ingtredient | Reason |
|---|---|---|
| 1 | Aldrin | POP List |
| 2 | Aldicarb | PIC List |
| 3 | Alachlor | PIC List |
| 4 | Alpha Hexachlorocyclohexane | POP List |
| 5 | Arsenic Compound | - |
| 6 | Beta-Hexachlorocyclohexane(BHC) | POP List |
| 7 | Binapacryl | PIC List |
| 8 | Captafol | PIC List |
| 9 | Chlordimeform | PIC List |
| 10 | Chlordane | POP List |
| 11 | Chlordecone | POP List |
| 12 | Chlorobenzilate | PIC List |

| NO | Active Ingtredient | Reason |
|---|---|---|
| 13 | Cyhexatin | PIC List |
| 14 | Dieldrin | POP List |
| 15 | Dinoseb | PIC List |
| 16 | DNOC | PIC List |
| 17 | Ethylene Dibromide(EDB) | PIC List |
| 18 | Ethylene Dichloride | PIC List |
| 19 | Endosulfan | POP List |
| 20 | Endrin | POP List |
| 21 | EPN | - |
| 22 | Ethylene Oxide | PIC List |
| 23 | Fluoroacetamide | PIC List |
| 24 | Hexachlorobenzene (HCB) | POP List |
| 25 | Heptachlor | POP List |
| 26 | Lindane (Gama Hexachlorocyclohexane) | POP List |

| | | |
|---|---|---|
| 27 | Methomyl | - |
| 28 | Mercury Compounds | PIC List |
| 29 | Methamidophos | PIC List |
| 30 | Methyl Parathion | PIC List |
| 31 | Monocrotophos | PIC List |
| 32 | Mirex | POP List |
| 33 | Parathion Ethyl | PIC List |
| 34 | Pentachlorophenol (PCP) | PIC List |
| 35 | Phosphamidon | PIC List |
| 36 | Strobane (Polychloroterpenes) | - |
| 37 | 2,4,5-T and 2,4,5-TP | PIC List |
| 38 | Toxaphene | POP List |
| 39 | Tributyltin | PIC List |
| 40 | Trichlorfon | PIC List |
| 41 | D.D.T(Dichloro-diphenyl-trichloroethane) | - |

၃၄။ **ခရိုင်/မြို့နယ်အလိုက် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့်သီးနှံအမျိုးအစား**

| စဉ် | ခရိုင်အမည် | မြို့နယ်အမည် | အဓိကစိုက်ပျိုးဖြစ်ထွန်းသည့်သီးနှံအမျိုးအစား |
|---|---|---|---|
| ၁ | လွိုင်ကော်ခရိုင် | လွိုင်ကော် | စပါး၊အစေ့ထုတ်ပြောင်း၊မြေပဲ၊ပဲစင်းငုံ၊ကြက်သွန်ဖြူ |
| ၂ | လွိုင်ကော်ခရိုင် | ဒီးမော့ဆို | စပါး၊အစေ့ထုတ်ပြောင်း၊မြေပဲ၊ပဲစင်းငုံ၊ကြက်သွန်ဖြူ |
| ၃ | လွိုင်ကော်ခရိုင် | ဖရူဆို | အစေ့ထုတ်ပြောင်း၊မြေပဲ၊ရေတ်၊ကော်ဖီ |
| ၄ | လွိုင်ကော်ခရိုင် | ရှားတော | နှမ်း |
| ၅ | ဘော်လခဲခရိုင် | ဘောလခဲ | နှမ်း၊ပဲတီစိမ်း |
| ၆ | ဘော်လခဲခရိုင် | ဖားဆောင်း | နှမ်း |
| ၇ | ဘော်လခဲခရိုင် | မယ်စဲ့ | နှမ်း၊ပဲပုတ်၊ကြက်သွန်ဖြူ |
| ၈ | ဘော်လခဲခရိုင် | ရွာသစ် | နှမ်း |

## ကယားပြည်နယ်အတွင်းခရိုင်/မြို့နယ်အလိုက် လက်ရှိစိုက်ကြသည့် သီးနှံအမျိုးအစားနှင့်မြေကေအကျယ်အဝန်း

| စဉ် | ခရိုင်/မြို့နယ် | မိုးစပါး | | နွေစပါး | | အစေ့ထုတ်ပြောင်း | | မြေပဲ | | နှမ်း | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း |
| | **လွိုင်ကော်ခရိုင်** | **၇၆၄၉၂** | **၆၈.၆၅** | **၁၅၈၀** | **၈၈.၄၀** | **၅၉၇၀၅** | **၆၄.၉၁** | **၈၇၇၂** | **၄၅.၂၇** | **၆၀၉၄** | **၈.၆၉** |
| ၁ | လွိုင်ကော် | ၂၄၇၇၀ | ၇၃.၇၃ | ၈၇၈ | ၉၂.၀၁ | ၄၀၀၅၇ | ၆၅.၂၇ | ၁၄၅၂ | ၄၁.၇၁ | ၉၉၅ | ၁၀.၃၀ |
| ၂ | ဒီးမော့ဆို | ၃၁၇၂၃ | ၇၅.၉၄ | ၆၄၇ | ၈၃.၅၄ | ၁၃၇၃၉ | ၆၅.၆၆ | ၂၁၉၆ | ၄၅.၃၄ | ၁၆၄၂ | ၇.၃၀ |
| ၃ | ဖရူဆို | ၁၇၃၉၄ | ၅၀.၅၈ | - | - | ၅၆၀၉ | ၆၁.၃၅ | ၄၈၉၉ | ၄၆.၂၉ | ၅၆၉ | ၁၁.၁၂ |
| ၄ | ရှားတော | ၂၆၀၅ | ၅၁.၂၈ | ၅၅ | ၈၇.၉၁ | ၃၀၀ | ၄၈.၅၀ | ၂၂၅ | ၄၅.၂၅ | ၂၈၈၈ | ၈.၄၃ |
| | **ဘောလခဲခရိုင်** | **၅၈၄၀** | **၅၆.၄၈** | **-** | **-** | **၂၅၉** | **၅၅.၀၉** | **၂၁၇** | **၄၅.၆၀** | **၁၉၇၃၅** | **၁၀.၃၂** |
| ၅ | ဘောလခဲ | ၉၇ | ၅၃.၈၅ | - | - | ၁၀ | ၆၂.၆၀ | ၅၀ | ၄၅.၅၈ | ၁၀၀၇၀ | ၁၀.၇၉ |
| ၆ | ဖားဆောင်း | ၃၁၈၉ | ၅၃.၆၀ | - | - | ၆၆ | ၆၁.၁၀ | ၅၇ | ၄၅.၉၁ | ၅၃၄၇ | ၁၀.၀၆ |
| ၇ | မယ်စဲ့ | ၁၄၉၇ | ၅၈.၆၉ | - | - | ၁၃၂ | ၄၆.၉၆ | ၉၅ | ၄၆.၀၈ | ၂၃၂၃ | ၉.၅၆ |
| ၈ | ရွာသစ် | ၁၀၅၇ | ၆၂.၃၈ | - | - | ၅၁ | ၇၀.၁၀ | ၁၅ | ၄၁.၄၀ | ၁၉၉၅ | ၉.၄၅ |
| | **ပြည်နယ်ချုပ်** | **၈၂၃၃၂** | **၆၇.၇၈** | **၁၅၈၀** | **၈၈.၄၀** | **၅၉၉၆၄** | **၆၄.၈၇** | **၈၉၈၉** | **၄၅.၂၈** | **၂၅၈၂၉** | **၉.၉၃** |

## ကယားပြည်နယ်အတွင်းခရိုင်/မြို့နယ်အလိုက် လက်ရှိစိုက်ကြသည့် သီးနှံအမျိုးအစားနှင့်မြေကေအကျယ်အဝန်း (အဆက်)

| စဉ် | ခရိုင်/မြို့နယ် | ပဲတီစိမ်း | | ပဲပုတ် | | ပဲစဉ်းငုံ | | ငရုတ် | | ကော်ဖီ | | ကြက်သွန်ဖြူ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း | စိုက်ကေ | (၁)ကေ အထွက်နှုန်း |
| | **လွိုင်ကော်ခရိုင်** | **၆၈၄** | **၁၃.၆၀** | **၁၁၇၃** | **၁၃.၅၅** | **၇၀၆၂** | **၁၃.၂၈** | **၂၁၈၀** | **၁၆၄.၄၆** | **၅၅၉** | **၁၃၀.၇၄** | **၁၇၆၉** | **၁၄၈၁.၉၃** |
| ၁ | လွိုင်ကော် | ၂၈ | ၁၃.၁၁ | ၂၂၀ | ၁၃.၇၀ | ၅၈၄၇ | ၁၃.၃၅ | ၂၃၀ | ၁၄၁.၃၉ | ၃၂ | ၁၄၂.၀၀ | ၄၀၃ | ၁၄၆၄.၂၁ |
| ၂ | ဒီးမော့ဆို | ၆၃၅ | ၁၃.၆၄ | ၆၈၁ | ၁၃.၄၄ | ၁၀၆၂ | ၁၃.၂၈ | ၄၅၅ | ၁၇၅.၂၆ | ၆၆ | ၁၅၈.၄၁ | ၁၃၀၀ | ၁၄၉၀.၃၀ |
| ၃ | ဖရူဆို | ၂၁ | ၁၃.၁၀ | ၂၂၀ | ၁၃.၆၃ | ၂၈ | ၁၃.၁၁ | ၁၂၆၅ | ၁၆၈.၉၈ | ၄၆၁ | ၁၂၆.၂၅ | ၃၁ | ၁၃၉၃.၆၁ |
| ၄ | ရှားတော | - | - | ၅၂ | ၁၃.၉၆ | ၁၂၅ | ၁၀.၂၅ | ၂၃၀ | ၁၄၁.၂၅ | - | - | ၃၅ | ၁၄၅၃.၂၀ |
| | **ဘောလခဲခရိုင်** | **၇၈၅** | **၉.၉၈** | **၅၉၅** | **၁၁.၇၃** | **၂၄၁** | **၁၂.၀၄** | **၆၁၆** | **၁၃၉.၁၆** | **၁၅၀** | **၁၇၅.၅၄** | **၃၃၈** | **၁၄၈၇.၅၃** |
| ၅ | ဘောလခဲ | ၆၁၃ | ၉.၅၀ | - | - | ၅၆ | ၁၀.၂၅ | ၈၇ | ၁၂၁.၇၅ | - | - | - | - |
| ၆ | ဖားဆောင်း | ၄၇ | ၁၂.၁၃ | ၁၅၀ | ၁၃.၂၆ | ၁၀၉ | ၁၂.၆၆ | ၂၃၄ | ၁၄၈.၃၀ | ၁၀၀ | ၁၇၅.၅၄ | ၃ | ၁၄၇၃.၆၇ |
| ၇ | မယ်စဲ့ | ၄၅ | ၉.၇၁ | ၂၇၀ | ၁၀.၅၆ | ၃၁ | ၁၂.၅၈ | ၂၂၆ | ၁၃၃.၅၆ | ၅၀ | | ၃၀၀ | ၁၄၈၈.၄၀ |
| ၈ | ရှားသစ် | ၈၀ | ၁၂.၅၁ | ၁၇၅ | ၁၂.၂၂ | ၄၅ | ၁၂.၄၀ | ၆၉ | ၁၄၈.၄၅ | - | - | ၃၅ | ၁၄၈၁.၂၀ |
| | **ပြည်နယ်ချုပ်** | **၁၄၆၉** | **၁၁.၆၆** | **၁၇၆၈** | **၁၂.၉၃** | **၇၃၀၃** | **၁၃.၂၄** | **၂၇၉၆** | **၁၅၈.၈၈** | **၇၀၉** | **၁၃၄.၉၅** | **၂၁၀၇** | **၁၄၈၂.၈၃** |

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ**

**ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ရန် မြေလွတ်၊မြေရိုင်းများလျှောက်ထားလာပါကအောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-**

**မြေလွတ်၊မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းအဆင့်ဆင့်-**

(၁) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူလိုပါက နည်းဥပဒေအရ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်များ စိုက်ပျိုးရန်အတွက် လျှောက်လွှာပုံစံ(၁)

(၂) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုလိုပါက လျှောက်လွှာပုံစံ(၂)

(၃) ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် လျှောက်လွှာပုံစံ(၃)

(၄) အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သော အခြားလုပ်ငန်းများအတွက် လျှောက်လွှာပုံစံ(၄)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲများပေးပို့တင်ပြရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများမှ လျှောက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှအပ ကျန်လျှောက်ထားသည့် လုပ်ငန်းစာတွဲများအား အောက်ပါအချက် အလက်၊ အထောက်အထားများကို ပူးတွဲစိစစ်တင်ပြရမည်ဖြစ်ပါသည်-**

(က) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာမူရင်း၊

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၏ စိစစ်ဆေးချက် (ပုံစံ-၇)၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ စစ်ဆေးတွေ့ရှိချက်(ပုံစံ-၈)၊

(ဃ) လျှောက်ထားသည့်မြေတည်နေရာ၏ မြေစာရင်းပုံစံ(၁၀၅) မူရင်း(၂)ပုံ၊

(င) လျှောက်ထားသည့် မြေတည်နေရာ၏ ရပ်ကွက်/ကျေးရွာအုပ်စု ပတ်ဝန်းကျင် အညွှန်းပြမြေပုံ၊

(စ) လျှောက်ထားသည့် မြေတည်နေရာအပေါ် ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ၊

(ဆ) သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း၊

(ဈ) လျှောက်ထားသည့် မြေတည်နေရာ၏ Google Map

(ည) ပုံစံ(၄)ဖြင့် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် Layout Plan၊ လုပ်ငန်းစီမံချက်၊ လျှောက်ထားသူ၏ ဝန်ခံချက်၊

(ဋ) အစိုးရဌာနများမှ လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီကြောင်း ထောက်ခံချက် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက် ရန်ပုံငွေ ရရှိမှုအခြေအနေ အထောက်အထား၊

(ဌ) လျှောက်ထားသည့် လုပ်ငန်းသည် ဆန်စက် သို့မဟုတ် စက်သုံးဆီဆိုင်များဖြစ် ပါက လျှောက်ထားသည့် မြို့နယ်အတွင်း တရားဝင်ဆန်စက် သို့မဟုတ် စက်သုံးဆီဆိုင်တည်ရှိမှု အခြေအနေပြ မြို့နယ်မြေပုံ ၊ စသည်တို့ပြည့်စုံစွာပါရှိရ မည်ဖြစ်ပါသည်။

**မြေပုံနှင့်မှတ်တမ်းများရေးကူးခြင်း**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ မြေစာရင်း ပုံစံ-၁၀၅ နှင့် မြေစာရင်း ပုံစံ-၁၀၆ များ ရေးကူးဆောင်ရွက်ပေးရာတွင် ဌာန၏ ညွှန်ကြားချက်များ နှင့်အညီ လုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် အငြင်းပွားမှုမရှိသော သာမန်ကိစ္စရပ်များကို လျှောက်လွှာ လက်ခံရရှိသည့်မှစ၍ ကွင်းဆင်း စစ်ဆေးခြင်းများဆောင်ရွက်ပြီး၊ မြေပုံရာဇဝင်များ ပြန်လည် ထုတ်ပေးသည့်နေ့အထိ အချိန်ကာလအား အနည်းဆုံး(၁၅)ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက် ပေးလျှက်ရှိပါသည်။

## စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ
## ကယားပြည်နယ်၊လွိုင်ကော်မြို့

၁။ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်များဖြင့် အငှားဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း။

(ခ) လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချပေးခြင်း။

(ဂ) စက်မှုလယ်ယာစနစ်ကျလယ်မြေများဖော်ထုတ်ဆောင်ရွက်ပေးခြင်း။

(ဃ) မြေလွတ်၊ မြေရိုင်းစိုက်ပျိုးမြေဖော်ထုန်ဆောင်ရွက်ပေးခြင်း။

(င) တောင်သူနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။

### ဝန်ဆောင်မှုလုပ်ငန်းများ၏ နှုန်းထားများစာရင်း

| စဉ် | လုပ်ငန်းအမည် | ကေ/နာရီ | နှုန်းထား (ကျပ်) | ခွင့်ပြုဒီဇယ်ဆီ (ဂါလန်) |
|---|---|---|---|---|
| ၁ | **ထွန်ယက်ရေး** | | | |
| | ထယ်(၃-သွား၊၄-သွား၊၆-သွား၊၇-သွား) | (၁)ကေ | ၁၃၀၀၀ | ၂ |
| | ထွန်(၁၆-သွား၊၁၈-သွား၊၂၂-သွား) | (၁)ကေ | ၆၅၀၀ | ၁ |
| | ရိုတာဗေတာ | (၁)ကေ | ၁၃၀၀၀ | ၂ |
| | ရှေ့ဂေါ် (Front Dozer) | (၁)နာရီ | ၁၃၀၀၀ | ၂ |
| | ရိုးရိုးဂျုတ် (၆ပေ ၊ ၇ပေ ) | (၁)နာရီ | ၆၅၀၀ | ၁ |
| | Leveller (၈ပေ ၊ ၁၀ပေ ) | (၁)နာရီ | ၁၃၀၀၀ | ၂ |
| ၂ | **ရိတ်သိမ်းခြွေလှေ့ရေး** | | | |
| | စပါးသီးနှံရိတ်သိမ်းခြွေလှေ့ခြင်း | (၁)ကေ | ၃၅၀၀၀ | ၃ |
| | အစေ့ထုတ်ပြောင်းသီးနှံရိတ်သိမ်းခြွေလှေ့ခြင်း | (၁)ကေ | ၄၅၀၀၀ | ၃ |
| ၃ | **ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း** | | | |
| | ၆-တန်းသွား ကောက်စိုက်စက် | (၁)ကေ | ၂၅၀၀၀ | ၃ |

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များ

**'' အသေးစားစက်မှုလက်မှုလုပ်ငန်း'' ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း ၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း ၊ စုပေါင်း၍သော်လည်းကောင်း ၊ ကုန်ပစ္စည်းထုတ်လုပ်သည့် (သို့မဟုတ်) ပြုပြင်မွမ်းမံသည့် မြင်းကောင်ရေ ၀.၂၅ နှင့်အထက် ၊ ၅ ကောင်အား နှင့်အောက်အသုံးပြုသည့် အလုပ်သမား (၉) ဦးထက်မပိုသော အိမ်တွင်း စက်မှု လုပ်ငန်းနှင့် အလုပ်သမား(၃)ဦးနှင့် အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကိုဆိုသည်။**

**မျှော်မှန်းချက် (Vision)**

အသေးစားစက်မှုလက်မှုလုပ်ငန်းများ ၊ ရက်ကန်းလုပ်ငန်းများ ၊ပန်း(၁၀)မျိုး အပါအဝင် ရိုးရာလက်မှုလုပ်ငန်းများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်ရန်

**ဦးတည်ချက်(၂)ရပ်**

(၁) ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွား ဘ၀ ဖွံ့ဖြိုး တိုးတက်လာစေရန် ။

(၂) တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သမဝါယမ စီးပွားရေး လုပ်ငန်းများဖြင့်တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြုဆောင်ရွက်ပေးရန်။

**မှတ်ပုံတင်နိုင်သောလုပ်ငန်းအမျိုးအစားများ**

(၁) စားသောက်ရေးဆိုင်ရာလုပ်ငန်း

(၂) ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း

(၃) နေထိုင်ရေးဆိုင်ရာလုပ်ငန်း

(၄) လူသုံးကုန်ပစ္စည်းဆိုင်ရာလုပ်ငန်း

(၅) အိမ်သုံးကုန်ပစ္စည်းဆိုင်ရာလုပ်ငန်း

(၆) ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်း

(၇) ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်း

(၈) သတ္တုရေနံထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်း

(၉) စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း

(၁၀) စက်နှင့်စက်ပစ္စည်းဆိုင်ရာလုပ်ငန်း

(၁၁) သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း

(၁၂) လျှပ်စစ်ပစ္စည်းဆိုင်ရာလုပ်ငန်း

(၁၃) အထွေထွေစက်မှုဆိုင်ရာလုပ်ငန်း

**အစရှိသဖြင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဥပဒေနှင့်အညီ လုပ်ငန်းရှင်များအား မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ကျန်ရှိနေသေးသောအသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များလည်း ကယားပြည်နယ် ၊ လွိုင်ကော်မြို့ ၊ ဒေါတမရပ်ကွက် ၊ သူရလမ်းတွင် တည်ရှိသော အသေးစား စက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်များ လာရောက်၍ မှတ်ပုံတင်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ "မှတ်ပုံတင်ခြင်းမရှိဘဲ အသေးစား စက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်းထိ ချမှတ်ရမည်" ဟု ပြဋ္ဌာန်း ထားရှိသည့်အတွက် အမြန်ဆုံး မှတ်ပုံတင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအသိပေးအကြောင်းကြားအပ်ပါသည်။**

**မှတ်ပုံတင်ပြုလုပ်ရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ လိုအပ်ပါသည်-**

- နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန် (၃)စောင်
- ပတ်စပို့အရွယ် ဓါတ်ပုံ (၅) ပုံ
- စားသောကုန်၊ အလှကုန်နှင့် လူသုံးကုန်လုပ်ငန်းများအတွက် ဓါတ်ခွဲစမ်းသပ်မှုရလဒ် ပါရမည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးတွက် ကယားပြည်နယ်အတွင်း အသေးစားစက်မှုလက်မှုဝန်ထမ်းများမှ ကွင်းဆင်းစည်းရုံးဆောင်ရွက်ပေးနေပါသည်။**

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

ကျွဲ၊ နွား၊ သိုးဆိတ် (အရှင်)များ ပြည်တွင်း ဝယ်ယူသယ်ဆောင်ခြင်းနှင့် ပြည်ပသို့တင်ပို့ရန်ဝယ်ယူသယ်ဆောင်ခွင့်တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တွင် ပြည်တွင်း ဝယ်ယူသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ လိပ်မူလျှောက်ထားစေခြင်း

(ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ တိုင်းဒေသကြီး/ပြည်နယ်မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားခြင်း

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မှ လျှောက်ထားသူ၏ ရွှေ့ပြောင်းမည့်နေရာဒေသရှိ မွေးမြူရေးခြံ/ယာယီစုဆောင်းခြံများကိုစစ်ဆေးခြင်း

(ဃ) စစ်ဆေးတွေ့ရှိချက်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်) သို့ အစီရင်ခံတင်ပြခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ပေးခြင်း

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက ကျန်းမာရေး စစ်ဆေးပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ အတည်ပြု အမှတ်အသားပြုလုပ်ပေးခြင်းနှင့် သယ်ဆောင်ခွင့် အထောက်အထားထုတ်ပေးခြင်း

(စ) ရွှေ့ပြောင်းမည့်နေရာသို့ ရောက်ရှိပါက သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့သတင်းပေးပို့၍ စစ်ဆေးမှုကိုခံယူခြင်းနှင် သယ်ဆောင် ခွင့်ပြုသည့် အထောက်အထားမူရင်းများကို အပ်နှံစေခြင်း

(ဆ) ကျွဲနွားအရှင်များကို မွေးမြူရန် သို့မဟုတ် ခိုင်းစေရန်အတွက်ဖြစ်ပါက ရွှေ့ပြောင်းသည့်ဒေသရှိ ကိုယ်ပိုင်မွေးမြူရေးခြံတွင် အနည်းဆုံး(၁)နှစ် မွေးမြူထားရှိစေခြင်း၊ သိုးဆိတ်အရှင်များကို မွေးမြူရန်အတွက်ဖြစ်ပါက အနည်းဆုံး (၃) လ မွေးမြူထားရှိစေခြင်း

(ဇ) ကျွဲနွားအရှင်များအား အမှန်တကယ် မွေးမြူထားခြင်း ရှိ/မရှိကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စစ်ဆေးရေးအဖွဲ့က (၃)လလျှင်(၁)ကြိမ် စစ်ဆေး၍ စစ်ဆေးပြီးကြောင်းအစီရင်ခံစာကိုမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြခြင်း

(ဈ) ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များကို ပြည်တွင်းရောင်းချရန်အတွက်ဖြစ်ပါကယာယီစုဆောင်းရပ်ထားရှိ၍ နေ့စဉ်ရောင်းချမှုကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ သတင်းပေးပို့စေခြင်း၊ရောင်းချမှုကိုမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကစစ်ဆေးမှတ်

တမ်းတင်ခြင်းနှင့် စစ်ဆေးပြီးကြောင်း အစီရင်ခံစာကို မွေးမြူရေးနှင့်ကုသ ရေးဦးစီး ဌာန(ရုံးချုပ်) သို့ တင်ပြခြင်း

(ည) ကျွဲ၊ နွား၊ သိုး ၊ဆိတ်အရှင်များကို အသားထုတ်လုပ်ရန်အတွက်ဖြစ်ပါက သားသတ်ရုံ နှင့် သားသတ်လုပ်ငန်း လုပ်ကိုင်သူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်ဖြစ်ပြီးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည်အများ ပြည်သူစားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေး စစ်ဆေးခြင်းပုံစံဖြင့် စစ်ဆေး၍ လစဉ်မှတ်တမ်း ထားရှိပြီး အသားထုတ်လုပ်ရန်အတွက် သယ်ဆောင်ခွင့် ပြုထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် များကို အမှန်တကယ်အသားထုတ်လုပ်ခြင်းရှိ/မရှိ သီးသန့် မှတ်တမ်းထားရှိ၍ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်) သို့လစဉ် သတင်းပေးပို့တင်ပြခြင်း

(ဋ) လုပ်ငန်းအမျိုးအစားအလိုက် ဝယ်ယူသယ်ဆောင်ရမည့် ကောင်ရေသတ်မှတ် ပေးခြင်း

(ဌ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ငြင်းဆန်ခြင်း၊ ကျွဲနွား၊ သိုး၊ ဆိတ်အရှင်များကို ပြည်တွင်းဝယ်ယူ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို မလိုက်နာပါက နောက်တစ်ကြိမ် ဝယ်ယူသယ်ဆောင် ခွင့်မပြုခြင်း

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တွင် ပြည်ပသို့ တင်ပို့ရန် ဝယ်ယူသယ်ဆောင်ခွင့်တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်များအတွက် ကျန်းမာရေးထောက်ခံချက်လက်မှတ် ပေါင်းချုပ်ရရှိရန် သတ်မှတ်ချက်နှင့်အညီလျှောက်ထားခြင်း

(၁) ကုမ္ပဏီ Letter Head ဖြင့် တင်ပို့မည့်နိုင်ငံ၊ တိရစ္ဆာန်အမျိုးအစားနှင့် ကောင်ရေဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်သို့ လိပ်မူ၍ ကျန်းမာရေး စစ်ဆေးပေးပါရန်ကုမ္ပဏီမှ Managing Director (သို့မဟုတ်) ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဦးမှ လျှောက်ထားသည့် လျှောက်လွှာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်

(၂) လာရောက်လျှောက်ထားသူသို့ ကုမ္ပဏီ Letter Head ဖြင့်ကိုယ်စားလှယ် လွှဲစာ

(၃) ကျွဲ၊နွားများ မွေးမြူထားရှိသည့် နေရာအတွက် မွေးမြူရေးခြံမှတ်ပုံတင် လက်မှတ်(သို့မဟုတ်)ယာယီစုဆောင်းရပ် အတည်ပြုလက်မှတ်မူရင်း

(၄) Proforma Invoice မူရင်း

(၅) Sale Contract

(၆) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် Form 6, 26

(၇) လျှောက်လွှာများအား စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားမှုများအတွက် တိုင်းဒေသကြီး/ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဦးစီးမှူးထံ(ခြံမှတ်ပုံတင်ထုတ်ပေးမှု၊ ကာကွယ်ဆေး ထိုးနှံပေးမှု၊ ကျန်းမာရေးစစ်ဆေး၍ PC -3 ထုတ်ပေးမှု ၊ ခရိုင်တွင်း သယ်ဆောင်မှု)တို့အတွက် ခရိုင်/မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန သို့ ကြီးကြပ်ရန်၊ ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန်) အကြောင်း ကြားခြင်း

(ခ) ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ခြင်း၊ စစ်ဆေးခံခြင်း၊အတည်ပြုအမှတ်အသား ထည့်သွင်းမှုခံယူခြင်း

(၁) ခရိုင်တွင်း ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ရာတွင် PC-1, PC-3, PC-7 နှင့် ကိုယ်ပိုင်နွား ဖြစ်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက် (သို့မဟုတ်) အရောင်းအဝယ်စာချုပ် (မူရင်း) ပါရှိရန် လိုအပ်ခြင်း

(၂) ကုမ္ပဏီများမှ စုဆောင်းပြီးစီး၍ ကျန်းမာရေးစစ်ဆေးမှုနှင့်အမှတ်အသား ပြုလုပ်ပေးပါရန်တင်ပြခြင်း

(၃) မြို့နယ်မှူးမှကွင်းဆင်းစစ်ဆေး၍ ကောင်းရေပြည့်စုံကြောင်း ထောက်ခံ ချက် ပါရှိပါက နားကပ်နှင့် ဆေးထုတ်ပေးခြင်း

(၄) သွေးဖောက်စစ်၊ကာကွယ်ဆေးထိုး၊ ကိုယ်အလေးချိန်တိုင်း အတည်ပြု အမှတ်အသားတပ်ဆင်ခြင်း

(ဂ) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်ပေါင်းချုပ်ထုတ်ပေးခြင်း

(၁) မြို့နယ်မှူးမှတင်ပြလာသော စစ်ဆေးဆောင်ရွက်ပြီးစီးမှုအပေါ် PC-3 ပေါင်းချုပ် မူကြမ်းပြုစုခြင်း

(၂) PC-3 ပေါင်းချုပ်မူကြမ်းအား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခွင့်ပြုမိန့် ခံယူခြင်း

(၃) ပြည်ထောင်စုဝန်ကြီးရုံးခွင့်ပြုချက်အရ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံ ချက် သဘောထားမှတ်ချက် ပေါင်းချုပ်အား ကုန်သွယ်ရေးဦးစီးဌာန/ အကောက ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ထုတ်ပေးခြင်း

(ဃ) ကုန်သွယ်ရေးဦးစီးဌာနတွင်ပို့ကုန်လိုင်စင်လျှောက်ထားခြင်း

(င) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်သယ်ဆောင်ခွင့် အထောက်အထား ထုတ်ပေးခြင်း

(စ) သယ်ဆောင်ရာလမ်းကြောင်းရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် ကြားစခန်းများတွင်စစ်ဆေးခြင်း

(၁) မန္တလေး-မူဆယ်လမ်းကြောင်း(၁၆)မိုင်စစ်ဆေးရေးစခန်း၊ရေပူစစ်ဆေးရေး စခန်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်

(၂) ရန်ကုန် - မြဝတီလမ်းကြောင်း၊ မရမ်းချောင် စစ်ဆေးရေးစခန်း၊ မြဝတီ ကုန်သွယ်ရေးဇုန်

(ဆ) Animal Quarantine Station တွင် ထားရှိခြင်း၊စစ်ဆေးခံခြင်း၊ Animal Quarantine Certificate ရယူခြင်း

(၁) Animal Quarantine Station တွင် သတ်မှတ်ရက်အတိုင်းထားရှိခြင်း

(၂) Animal Quarantine Station တွင် Ear Tag Number နှင့် နွားပုံ မှန်/မမှန် တိုက်ဆိုင်စစ်ဆေးခြင်း၊ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ကျန်းမာရေးစစ်ဆေး ပေးခြင်း

(၃) Animal Quarantine Certificate ထုတ်ပေးခြင်း

(ဇ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသော စာရွက်စာတမ်း အထောက်အထား များအား ပြန်လည်အပ်နှံခြင်း

(၁) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ် ပေါင်းချုပ်၊ သယ်ဆောင်သည့် ယာဉ်တွင်ပါရှိသည့် အကောင်အရေ အတွက်ပါ မှတ်တမ်းအား နယ်စပ်စခန်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပြန်လည် အပ်နှံခြင်း

(၂) မူဆယ်Quarantine Stationသို့ရောက်ရှိသည့်ကျွဲ၊နွားများနှင့် ယာယီစုဆောင်း ရပ်၌ စနစ်တကျစစ်ဆေး၍ နွားတစ်ကောင်ချင်း (Ear Tag) အလိုက် နံပါတ် တပ်ဆင်လျှက် ရိုက်ကူးထားသော မှတ်တမ်းဓါတ်ပုံများ ကွဲလွဲမှုရှိ/မရှိစိစစ်၍ ပြည်ထောင်စု ဝန်ကြီးရုံးသို့ပြန်လည်တင်ပြခြင်း

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်ပသို့ ကျွဲ၊နွား(အရှင်) တင်ပို့ခွင့်လိုင်စင်လျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ဦးစီးဌာနသို့ လိပ်မူထားသည့် ကုမ္ပဏီ၏ (Letter Head )ပါလျှောက်လွှာ ၊ Invoice ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန၏ထောက်ခံချက်နှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များအား စိစစ်၍ ပို့ကုန် လိုင်စင် ခွင့်ပြုပေးလျက်ရှိပါသည်-

(က) မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ် ပေါင်းချုပ်၊

(ခ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးမှ ကွဲ၊နွား ယာယီစုဆောင်းခြံတွင် ထားရှိသော ကွဲနွားအရှင်များကိုလိုအပ်သော စစ်ဆေးမှုများပြုလုပ်ပြီးစီးကြောင်း ထောက်ခံချက်နှင့် စစ်ဆေးတွေ့ရှိချက်များ၊

(ဂ) သက်ဆိုင်ရာကုမ္ပဏီမှတင်ပြသည့် သယ်ဆောင်မည့် ယာဉ်လမ်းကြောင်းနှင့် ယာဉ်နံပါတ်၊ယာဉ်မောင်းအမည်စာရင်း၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးမှ ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်သယ်ဆောင်သည့် ယာဉ်တစ်စီးချင်းတွင်ပါရှိသည့် အကောင်အရေအတွက်ပါမှတ်တမ်းပုံစံ၊

(င) သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးရုံးမှ ယာယီစုဆောင်းရက်အတည်ပြုလက်မှတ်။

## ကယားပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ Standard Operation Producers (SOPs)

| စဉ် | | လုပ်ငန်းအကြောင်းအရာ | ပုံစံအမှတ် | တိရစ္ဆာန် အမျိုးအစား | လက်ရှိနှုန်း ထား | တိရစ္ဆာန်အမျိုးအစား ပြင်ဆင်သတ်မှတ်ချက် | ပြင်ဆင်ကောက်ခံ မည့်နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | | မျိုးခြံမှတ်ပုံတင်လက်မှတ် | | | | | | |
| | | ထုတ်ပေးခြင်း | | | | | | |
| | က | ဥစား/အသားစား ကြက်/ဘဲ မျိုးခြံ | AHD/PC(7) | ကောင်ရေ | | ကောင်ရေ | | |
| | | (မှတ်ပုံတင်သက်တမ်း | | ၂၀၀-၅၀၀ | ၂၀၀ | - | | |
| | | (၁)နှစ်၊ (၁)နှစ်တစ်ကြိမ် | | ၅၀၁-၁၀၀၀ | ၅၀၀ | - | | |
| | | သက်တမ်းတိုးရန်) | | ၁၀၀၁-၂၀၀၀ | ၁၀၀၀ | ၁၀၀၀အောက် | ၅၀၀၀ | |
| | | | | ၂၀၀၁-၃၀၀၀ | ၃၀၀၀ | ၁၀၀၁-၅၀၀၀ | ၁၀၀၀၀ | |
| | | | | ၃၀၀၁-၅၀၀၀ | ၅၀၀၀ | ၅၀၀၁-၁၀၀၀၀ | ၁၅၀၀၀ | |
| | | | | ၅၀၀၁-၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၁-၅၀၀၀၀ | ၅၀၀၀၀ | |
| | | | | ၁၀၀၀၀၁-အထက် | | ၅၀၀၀၁-အထက် | ၇၀၀၀၀ | |
| | | | | | | | | |
| | ခ | ဥစားငုံးခြံ | | ကောင်ရေ | | ကောင်ရေ | | |
| | | (မှတ်ပုံတင်သက်တမ်း | | ၂၀၀-၅၀၀ | ၁၅၀ | ၅၀၀အောက် | - | |
| | | (၁)နှစ်၊ (၁)နှစ်တစ်ကြိမ် | | ၅၀၀-၁၀၀၀ | ၂၅၀ | ၁၀၀၀အောက် | ၁၀၀၀ | |
| | | သက်တမ်းတိုးရန်) | | ၁၀၀၁-၂၀၀၀ | ၅၀၀ | ၁၀၀၁-၅၀၀၀ | ၂၀၀၀ | |
| | | | | ၂၀၀၁-၃၀၀၀ | ၁၀၀၀ | ၅၀၀၁-၁၀၀၀၀ | ၃၀၀၀ | |
| | | | | ၃၀၀၁-အထက် | - | ၁၀၀၀၁-အထက် | ၁၀၀၀၀ | |
| | | | | | | | | |
| ၂ | | ဥဖောက်စက်လုပ်ငန်းမှတ်ပုံတင် | AHD/PC(7) | မျိုးဥထည့်လုံးရေ | | | | |

| စဉ် | | လုပ်ငန်းအကြောင်းအရာ | ပုံစံအမှတ် | တိရစ္ဆာန် အမျိုးအစား | လက်ရှိနှုန်း ထား | တိရစ္ဆာန်အမျိုးအစား ပြင်ဆင်သတ်မှတ်ချက် | ပြင်ဆင်ကောက်ခံ မည့်နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ခြင်း(ကြက်၊ဘဲ၊ငုံး) | | - | - | ၁၀၀၀အောက် | ၅၀၀၀ | |
| | | (တစ်ကြိမ်ဖောက်မျိုးဥလုံးရေအရ | | ၁၀၀၀-၂၀၀၀ | ၁၀၀၀ | ၁၀၀၀-၂၀၀၀ | ၁၀၀၀၀ | |
| | | ကောက်ခံရန်၊ မှတ်ပုံတင် | | ၂၀၀၁-၃၀၀၀ | ၂၀၀၀ | ၂၀၀၁-၃၀၀၀ | ၂၀၀၀၀ | |
| | | သက်တမ်း(၁)နှစ်၊ (၁)နှစ် | | ၃၀၀၁-၅၀၀၀ | ၃၀၀၀ | ၃၀၀၁-၅၀၀၀ | ၃၀၀၀၀ | |
| | | တစ်ကြိမ်သက်တမ်းတိုးရန်) | | ၅၀၀၁-၁၀၀၀၀ | ၅၀၀၀ | ၅၀၀၁-၁၀၀၀၀ | ၃၅၀၀၀ | |
| | | | | ၁၀၀၀၁-၂၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၁-၂၀၀၀၀ | ၄၀၀၀၀ | |
| | | | | ၂၀၀၀၁-အထက် | ၂၀၀၀၁ | ၂၀၀၀၁-အထက် | ၄၅၀၀၀ | |
| | | | | | | | | |
| | | | | | | | | |
| ၅ | | အသား၊ နို့၊ ဥ ထုတ်လုပ်ဖြန့်ဖြူး | | | | | | |
| | | သောမွေးမြူရေးခြံစစ်ဆေးခြင်း | | | | | | |
| | က | နို့စားကျွဲ/နွား | AHD/PC(7) | ကောင်ရေ | | ကောင်ရေ | | |
| | | မှတ်ပုံတင် | | ၅-၁၀ | ၁၀၀ | ၂၀အောက် | ၅၀၀၀ | |
| | | သက်တမ်း(၁)နှစ်၊ (၁)နှစ် | | ၁၁-၂၀ | ၂၀၀ | ၂၁-၁၀၀ | ၁၅၀၀၀ | |
| | | တစ်ကြိမ်သက်တမ်းတိုးရန်) | | ၂၁-၃၀ | ၃၀၀ | ၁၀၁-၅၀၀ | ၃၀၀၀၀ | |
| | | | | ၃၁-၅၀ | ၄၀၀ | ၅၀၁-၁၀၀၀ | ၄၀၀၀၀ | |
| | | | | ၅၁-၁၀၀ | ၅၀၀ | ၁၀၀၁-အထက် | ၅၀၀၀၀ | |
| | | | | ၁၀၁-၂၀၀ | - | - | - | |
| | | | | ၂၀၁-အထက် | - | - | - | |
| | | | | | | | | |

| စဉ် | လုပ်ငန်းအကြောင်းအရာ | ပုံစံအမှတ် | တိရစ္ဆာန် အမျိုးအစား | လက်ရှိနှုန်းထား | တိရစ္ဆာန်အမျိုးအစား ပြင်ဆင်သတ်မှတ်ချက် | ပြင်ဆင်ကောက်ခံမည့်နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ခ | ဒေသကျွဲ/နွား | AHD/PC(7) | | | ကောင်ရေ | | |
| | | | | | ၂၀အောက် | ၅၀၀၀ | |
| | | | | | ၂၁-၁၀၀ | ၅၀၀၀ | |
| | | | | | ၁၀၁-၅၀၀ | ၁၅၀၀၀ | |
| | | | | | ၅၀၁-၁၀၀၀ | ၂၀၀၀၀ | |
| | | | | | ၁၀၀၁-အထက် | ၂၅၀၀၀ | |
| | | | | | | | |
| ဂ | အသားစားကျွဲ/နွား | AHD/PC(7) | | | ကောင်ရေ | | |
| | | | | | ၂၀အောက် | ၅၀၀၀ | |
| | | | | | ၂၁-၁၀၀ | ၁၀၀၀၀ | |
| | | | | | ၁၀၁-၅၀၀ | ၁၅၀၀၀ | |
| | | | | | ၅၀၁-၁၀၀၀ | ၂၀၀၀၀ | |
| | | | | | ၁၀၀၁-အထက် | ၂၅၀၀၀ | |
| | | | | | | | |
| ဃ | ဝက်မွေးမြူရေးခြံစစ်ဆေးခြင်း | AHD/PC(7) | ကောင်ရေ | | ကောင်ရေ | | |
| | မှတ်ပုံတင်သက်တမ်း | | ၁၀-၂၀ | ၅၀ | ၂၀အောက် | ၂၀၀၀ | |
| | (၁)နှစ်၊ (၁)နှစ်တစ်ကြိမ် | | ၂၁-၅၀ | ၁၀၀ | ၂၁-၁၀၀ | ၅၀၀၀ | |
| | သက်တမ်းတိုးရန် | | ၅၁-၁၀၀ | ၂၀၀ | ၁၀၁-၅၀၀ | ၁၀၀၀၀ | |
| | | | ၁၀၁-၂၀၀ | ၃၀၀ | ၅၀၁-၁၀၀၀ | ၂၀၀၀၀ | |
| | | | ၂၀၁-၅၀၀ | ၄၀၀ | ၁၀၀၁-အထက် | ၃၀၀၀၀ | |

| စဉ် | လုပ်ငန်းအကြောင်းအရာ | ပုံစံအမှတ် | တိရစ္ဆာန် အမျိုးအစား | လက်ရှိနှုန်း ထား | တိရစ္ဆာန်အမျိုးအစား ပြင်ဆင်သတ်မှတ်ချက် | ပြင်ဆင်ကောက်ခံ မည့်နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ၅၀၁-အထက် | ၅၀၀ | - | - | |
| | | | | | | | |
| င | ဥစားကြက်၊ အသားစားကြက်၊ | AHD/PC(7) | ကောင်ရေ | | ကောင်ရေ | | |
| | ဥစားဘဲ၊ အသားစားဘဲခြံစစ်ဆေး | | ၂၀၀-၅၀၀ | ၅၀ | | | |
| | ခြင်း၊ မှတ်ပုံတင်သက်တမ်း (၁)နှစ် | | ၅၀၁-၁၀၀၀ | ၁၀၀ | ၅၀၀အောက် | ၂၀၀၀ | |
| | (၁)နှစ်တစ်ကြိမ် သက်တမ်းတိုးရန် | | ၁၀၀၁-၂၀၀၀ | ၂၀၀ | ၅၀၁-၂၀၀၀ | ၅၀၀၀ | |
| | | | ၂၀၀၁-၃၀၀၀ | ၃၀၀ | ၂၀၀-၅၀၀၀ | ၁၀၀၀၀ | |
| | | | ၃၀၀၁-၅၀၀၀ | ၄၀၀ | ၅၀၀၁-၁၀၀၀၀ | ၂၀၀၀၀ | |
| | | | ၅၀၀၁-၁၀၀၀၀ | ၅၀၀ | ၁၀၀၀၁-၂၀၀၀၀ | ၃၀၀၀၀ | |
| | | | ၁၀၀၀၁-အထက် | ၁၀၀၀ | ၂၀၀၀၁-အထက် | ၅၀၀၀၀ | |
| | | | | | | | |
| စ | ဥစားငုံးခြံစစ်ဆေးခြင်း | AHD/PC(7) | ကောင်ရေ | | ကောင်ရေ | | |
| | မှတ်ပုံတင်သက်တမ်း(၁)နှစ်၊ | | ၂၀၀-၅၀၀ | ၅၀ | | | |
| | (၁)နှစ်တစ်ကြိမ် သက်တမ်းတိုးရန် | | ၅၀၁-၁၀၀၀ | ၁၀၀ | ၅၀၀အောက် | ၅၀၀ | |
| | | | ၁၀၀၁-၂၀၀၀ | ၂၀၀ | ၅၀၁-၁၀၀၀ | ၁၀၀၀ | |
| | | | ၂၀၀၁-၃၀၀၀ | ၃၀၀ | ၁၀၀၁-၂၀၀၀ | ၁၅၀၀ | |
| | | | ၃၀၀၁-အထက် | | ၂၀၀၁-၃၀၀၀ | ၂၅၀၀ | |
| | | | | | ၃၀၀၁-၅၀၀၀ | ၅၀၀၀ | |
| | | | | | ၅၀၀၁-အထက် | ၁၀၀၀၀ | |
| | | | | | | | |

## သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

### ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်များ

(၁) ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်လိုသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်လိုကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့အချက်အလက်အပြည့်အစုံဖြင့် အဆိုပြုတင်ပြခြင်း၊

(၂) သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ / တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနသို့ စိုက်ခင်းတည်ထောင်လိုသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအား ဖိတ်ကြားတွေ့ဆုံ၍ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ ဧရိယာကန့်သတ်ချက်များ (၅၀၀၀ ဧကအထိသာ)၊ သစ်တောစိုက်ခင်းတည်ထောင်မည့် လုပ်ငန်းစဉ်များ၊ စည်းကမ်းချက်များ၊ ဆောင်ရန်၊ ရှောင်ရန်တို့အား ဆွေးနွေးရှင်းလင်းပြီး လုပ်ငန်းရှင်တို့၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် ဆန္ဒသဘောထားအပေါ် အကြံပြုဆွေးနွေးရန်နှင့် ကွင်းဆင်းစစ်ဆေးတင်ပြရန်အကြောင်းကြားခြင်း၊

(၃) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ လုပ်ငန်းရှင်၏ လျှောက်ထားဧရိယာအား သက်ဆိုင်ရာ နေပြည်တော်ကောင်စီ နယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာနသို့ ကွင်းဆင်းစစ်ဆေးစေ၍ အောက်ဖော်ပြပါဌာန သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်တင်ပြစေခြင်း-

- (က) လျှောက်ထားဧရိယာ အကျယ်အဝန်းအား ခွင့်ပြုနိုင်/မပြုနိုင်၊
- (ခ) လျှောက်ထားဧရိယာသည်စိုက်ခင်းများအလုပ်တိုက်နယ်အတွင်းကျရောက်ခြင်းရှိ/မရှိ၊
- (ဂ) သစ်ထုတ်လုပ်သည့် နယ်မြေနှင့် လွတ်ကင်းမှုရှိ/မရှိ၊
- (ဃ) ဆင်စားကျက်၊ဆင်ဘေးမဲ့တောနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် လွတ်ကင်းမှုရှိ/မရှိ၊
- (င) အရေးကြီးဆည်၊တမံများ၏ ရေဝေရေလဲဧရိယာများနှင့် လွတ်ကင်းမှုရှိ/မရှိ၊
- (စ) ကျူးကျော်လယ်/ယာများနှင့် လွတ်ကင်းခြင်းရှိ/မရှိ၊
- (ဆ) စိုက်ခင်းတည်ထောင်ခွင့်ပြုနိုင်သည့် တောနိမ့်၊ တောပျက်ဧရိယာ ဟုတ်/မဟုတ်၊
- (ဇ) စိုက်ခင်းတည်ထောင်နိုင်သည့်မြေမျက်နှာသွင်ပြင်အနေအထား ဟုတ်/မဟုတ်၊
- (ဈ) ရတနာနယ်မြေများနှင့်လွတ်ကင်းမှုရှိ/မရှိ၊
- (ည) သစ်တောမြေအတွင်းကျရောက်ခြင်းရှိ/မရှိ၊
- (ဋ) ဌာနစိုက်ခင်းများနှင့် လွတ်ကင်းမှု ရှိ/မရှိ

(၄) ခွင့်ပြုနိုင်သည့်မြေနေရာ ရရှိနိုင်ပါက လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ သစ်တောဦးစီးဌာန၏ အကြံညဏ်များရယူပြီး လုပ်ငန်းစီမံချက်ရေးဆွဲ၍ သစ်တောဦးစီးဌာနသို့ တင်ပြခြင်း။

(၅) လုပ်ငန်းရှင်မှ တင်ပြလာသည့် လုပ်ငန်းစီမံချက်အပေါ် စိစစ်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြခြင်း။

(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အတည်ပြုပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စာချုပ်(မူကြမ်း) နှင့်အမိန့်ကြော်ငြာစာ (မူကြမ်း) များ အပေါ် သဘောထားမှတ်ချက်ရယူရန် တင်ပြခြင်း။

(၇) ပြည်ထောင်စုရှေ့နေရုံး၏ သဘောထားမှတ်ချက်၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြခြင်း။

(၈) ပြည်ထောင်စုရှေ့နေရုံး၏ သဘောထားမှတ်ချက်၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ၏ သဘောတူညီချက်နှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရန်ဆောင်ရွက်ခြင်း။

(၉) အစိုးရအဖွဲ့မှ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ(၄)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း တစ်ခုချင်း အလိုက် ပုဂ္ဂလိက ကျွန်းစိုက်ခင်း စိုက်ပျိုးတည်ထောင်ခွင့် အမိန့်ကြော်ငြာစာများ ထုတ်ပြန် ကြေညာခြင်း။

(၁၀) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ခွင့်ပြုချက်ထုတ်ပြန်ကြေညာခြင်း။

(၁၁) လုပ်ငန်းစီမံချက်ပါအတိုင်း နှစ်အလိုက်ဆောင်ရွက်မည့်ကျွန်းစိုက်ခင်းများကို လုပ်ငန်းရှင်၊ ကုမ္ပဏီ၊အဖွဲ့အစည်းတို့မှ အကောင်အထည်ဖော် စိုက်ပျိုးတည်ထောင်ခြင်း။

(၁၂) လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့မှ အကောင်အထည်ဖော် စိုက်ပျိုးတည်ထောင်ခြင်း အပေါ် သစ်တောဦးစီးဌာနမှ ခွင့်ပြုဧရိယာအတွင်း တည်ထောင်ခြင်း ဟုတ်/မဟုတ်၊ ခွင့်ပြုသစ်မျိုး ဟုတ်/မဟုတ်၊ ဧရိယာ ပြည့်/မပြည့်နှင့် ရှင်သန်မှု အခြေအနေတို့အား ကွင်းဆင်း စစ်ဆေး၍ လုပ်ငန်းရှင်အား စိုက်ခင်းတည်ထောင်သည့် ဧရိယာအလိုက် တစ်ဧကလျှင် တစ်နှစ် အတွက် မြေငှားရမ်းခ ပေးသွင်းစေပြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ကျွန်းစိုက်ခင်းတည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာ တင်ပြခြင်း။

(၁၃) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ စိုက်ခင်းရှင်သန်အောင်မြင်မှုအပေါ် စိစစ်၍ လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့နှင့် စာချုပ်ချုပ်ဆိုခြင်း။

## ပုဂ္ဂလိကကျွန်းစိုက်ခင်း လျှောက်ထားရန် လျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ရက်စွဲ။ ။

အကြောင်းအရာ။ ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ရန် မြေနေရာလျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်သည် အောက်ဖော်ပြပါ သစ်တောမြေနေရာတွင် သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပုဂ္ဂလိက(--------)စိုက်ခင်း တည်ထောင်လိုပါသောကြောင့် ခွင့်ပြုပေးနိုင်ပါရန် မြေပုံနှင့်တကွ ပူးတွဲတင်ပြလျှောက်ထား အပ်ပါသည်။

(က) တိုင်းဒေသကြီး/ပြည်နယ် -
(ခ) မြို့နယ် -
(ဂ) သစ်တောမြေတည်နေရာ - (-----)ကြိုးဝိုင်း၊ အကွက်အမှတ်(---)
(ဃ) ဧရိယာ - (------)ဧက
(င) စိုက်ပျိုးမည့်သစ်မျိုး -
(စ) ဆက်သွယ်ရန်လိပ်စာ -
(ဆ) မြေပုံပူးတွဲတင်ပြအပ်ပါသည်။

၂။ လျှောက်ထားသည့်အတိုင်း ခွင့်ပြုပါက သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက် သွားမည်ဖြစ် ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်----------------------
(အမည်)-----------------------
မှတ်ပုံတင်အမှတ်---------------
လိပ်စာအပြည့်အစုံ--------------

## သတ္တုတွင်းဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ

## ခါတ်သတ္တု လုပ်ငန်းများဆောင်ရွက်ရန်အတွက်

၁။ ကယားပြည်နယ်သည် မြေဧရိယာ စတုရန်းကီလိုမီတာ ၄၅၂,၉၅၆ ကျယ်ဝန်းပြီး၊ ဓာတ်သတ္တု သယံဇာတ အသင့်အတင့် ပေါကြွယ်ဝပါသည်။ ကယားပြည်နယ်အတွင်းအများဆုံး သတ္တု သယံဇာတများမှာ ခဲမဖြူ၊ အဖြိုက်နက်နှင့်ရှီးလိုက်ရောရာ၊ ခနောက်စိမ်း၊ ခဲနှင့်ရောရာသတ္တု၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဘရိုက်တီးနှင့် သံကြွယ်ဘောက်ဆိုက် တို့ဖြစ်ပါသည်။ အသင့်အတင့် တွေ့ရှိရသော ဓာတ်သတ္တု သယံဇာတများမှာ ကြေးနီ၊ သံသတ္တုတို့ဖြစ်ပါသည်။

၂။ ဓာတ်သတ္တု စမ်းသပ်ခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများသည် အရင်းအနှီးမြောက်များ စွာဖြင့် စွန့်စားလုပ်ကိုင်ရသော ရေရှည်လုပ်ငန်း (Capital Intensive High, Long Term) ဖြစ်သည့် အပြင်၊ သဘာဝသယံဇာတများသည် တစ်ကြိမ်ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်ဖြည့်ဆည်း နိုင်စွမ်း မရှိသော အရင်းအမြစ် (Non Renewable Resource) ဖြစ်သည်နှင့်အညီ ဓာတ်သတ္တု စမ်းသပ်/ တူးဖော်ထုတ်လုပ်မည့် လူပုဂ္ဂိုလ်များအနေဖြင့် ဓာတ်သတ္တုများ စမ်းသပ်/ တူးဖော်ထုတ်လုပ်သည့် ကဏ္ဍအား အလေအလွင့်၊ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိ စေရေး၊ ဒေသခံများ၏ လူမှုဘဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားကိစ္စရပ်များ၊ လူပုဂ္ဂိုလ် တစ်ဦးခြင်းမှ လုပ်ဆောင်မည့် စီမံကိန်းအပေါ်ဒေသခံတို့၏သဘောထားများ၊တုံ့ပြန်မှုများအား အထူးအလေး ထား ထိန်းသိမ်းလိုက်နာ ဆောင်ရွက်သွားရန်နှင့် မြေပေါ် / မြေအောက်ရှိ သဘာဝသယံဇာတများ အား နောင်သားစဉ်မြေးဆက်အထိ ထုတ်ယူသုံးစွဲနိုင်ရေး ရေရှည်မျှော်မှန်း လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

၃။ ကောင်းမွန်သောသယံဇာတစီမံခန့်ခွဲမှုစနစ် တည်ဆောက်နိုင်ရေး၊ သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် ပြည်နယ်၏ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်ပြီး ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများလျော့ပါးစေရေး၊ ဓာတ်သတ္တုတူးဖော်မှုမှရရှိသော ဝင်ငွေများကိုပြည်နယ်နှင့် အနာဂတ် မျိုးဆက်များအတွက် သာတူညီမျှ အကောင်းဆုံးဖြစ်သော ရလဒ်များရရှိစေရန် လိုအပ် ပါသည်။

### ရည်ရွယ်ချက်

၄။ ဓာတ်သတ္တု လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားလာ မှုနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများအား လိုက်နာဆောင်ရွက်သွားရန်နှင့် ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေး လုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ငန်းလမ်းညွှန်ချက် စသည်တို့အားလည်း လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

## ကယားပြည်နယ်၏ ဓာတ်သတ္တုသယံဇာတ အရင်းအမြစ်များ တည်ရှိမှု

၅။ အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်-

| စဉ် | မြို့နယ်/ ဒေသ | သတ္တုအမျိုးအစား | မြေပုံညွှန်းများ | မြေဧရိယာ(စ/က) |
|---|---|---|---|---|
| (က) | ဒီးမော့ဆို/ လွိုင်ကော် | ကျောက်မီးသွေး | ၉၄ အေ/ ၁၄ နှင့် ၉၄ အီး/ ၂<br>(အေ-၇၁၃ ၈၉၂၊ ဘီ- ၇၈၀ ၈၅၀<br>စီ- ၆၉၄ ၈၁၃၊ ဒီ- ၅၄၃ ၆၉၆၊<br>အီး- ၄၉၉ ၇၃၄) | ၁၈၀.၂၁<br>(၄၄၅၂၉.၈၉)<br>ဧက |
| (ခ) | ဒီးမော့ဆို(ဒေါဝယ်မော)<br>လွိုင်ကော်(ပိန်းချစ်ကုန်းဆွတ်) | ခဲ<br>ခနောက်စိမ်း | ၉၄ အီး ၆ နှင့် ၇<br>(အေ-၈၅၀ ၆၅၀၊ ဘီ- ၀၀၀ ၆၅၀<br>စီ- ၀၀၀ ၄၆၀၊ ဒီ- ၈၅၀ ၄၆၀) | ၂၃၉.၂၀<br>(၅၉၁၀၆.၃၂)<br>ဧက |
| (ဂ) | ဖရူဆို (တော်ခူ)<br>ဖားဆောင်း(မော်ချီး) | ကျောက်မီးသွေး<br>ခဲမဖြူ<br>အဖြိုက်နက် | ၉၄ အီး/ ၄<br>(အေ-၇၂၀ ၂၃၀၊ ဘီ- ၈၂၀ ၂၃၀<br>စီ- ၈၂၀ ၀၉၀၊ ဒီ- ၇၂၀ ၀၉၀) | ၁၁၇.၅၁<br>(၂၉၀၃၆.၇၂)<br>ဧက |
| (ဃ) | ရှားတော (ဖီတော) | ခဲမဖြူ<br>အဖြိုက်နက် | ၉၄ အီး/ ၆ နှင့် ၁၀<br>(အေ-၁၂၀ ၉၂၀၊ ဘီ- ၂၀၉ ၉၂၀<br>စီ- ၂၂၈ ၈၈၇၊ ဒီ- ၂၅၀ ၈၇၀၊<br>အီး-၂၅၀ ၇၀၀၊အက်ဖ်-၁၂၀<br>၇၀၀) | ၂၃၀.၃၇<br>(၅၆၉၂၄.၄၃)<br>ဧက |
| (င) | ရှားတော (နမ့်အွန်) | ခနောက်စိမ်း | ၉၄ အီး/ ၁၄ နှင့် ၁၅<br>(အေ-၄၃၀ ၇၀၀၊ ဘီ- ၅၅၅ ၇၀၀<br>စီ- ၅၆၁ ၆၅၈၊ ဒီ- ၅၅၇ ၅၉၈၊<br>အီး-၅၁၆ ၅၅၀၊အက်ဖ်-၄၃၀<br>၅၅၀) | ၁၅၄.၈၄<br>(၃၈၂၆၀.၉၆)<br>ဧက |
| (စ) | ရှားတော (နားအွန်)<br>မယ်စဲ့<br>(ပွေပုံလောင်း) | ခနောက်စိမ်း | ၉၄ အီး/ ၁၅ နှင့် ၁၆<br>(အေ-၄၂၀ ၃၃၀၊ ဘီ- ၄၇၃ ၃၃၀<br>စီ- ၅၃၀ ၂၇၆၊ ဒီ- ၅၂၉ ၂၃၃၊<br>အီး-၅၂၀ ၁၂၉၊အက်ဖ်- ၄၃၇<br>၁၀၀<br>ဂျီ- ၄၂၀ ၁၀၀) | ၁၈၁.၅၁<br>(၄၄၈၅၁.၁၂)<br>ဧက |
| (ဆ) | မယ်စဲ့ | ခဲမဖြူ<br>အဖြိုက်နက်<br>ထုံးကျောက် | ၉၄ အီး/ ၁၀ နှင့် ၁၄<br>(အေ-၁၃၀ ၇၀၀၊ ဘီ- ၄၁၄ ၇၀၀<br>စီ- ၄၃၄ ၆၄၀၊ ဒီ- ၄၃၂ ၅၀၅၊<br>အီး-၁၆၅ ၄၀၂၊ အက်ဖ်-၁၃၀<br>၄၀၆) | ၅၆၆.၄၅<br>(၁၃၉၉၆၉.၈၀)<br>ဧက |

| | | | | |
|---|---|---|---|---|
| (ဇ) | လွိုင်ကော်<br>ရွာသစ်(ပွေပီလူး) | ခနောက်စိမ်း | ၉၄ အီး/၇၊ ၈၊ ၁၁ နှင့် ၁၂<br>(အေ-၀၅၀ ၄၅၀ ဘီ- ၁၃၀ ၄၅၀<br>စီ- ၁၃၀ ၂၀၀၊ ဒီ- ၀၅၀ ၂၀၀)၊ | ၁၆၇.၄၄<br>(၄၁၃၇၄.၄၂)<br>ဧက |
| (ဈ) | ဖာဆောင်း<br>(ခဲမဖြူချောင်း) | ခဲမဖြူ<br>အဖြိုက်နက် | ၉၄ အက်(ဖ်)/ ၅<br>(အေ-၉၀၄ ၈၂၀၊ ဘီ- ၉၁၀ ၈၂၀<br>စီ- ၉၁၀ ၈၁၅၊ ဒီ- ၉၁၅ ၈၁၅၊<br>အီး-၉၁၅ ၈၀၅၊ အက်ဖ်-၉၀၈<br>၈၀၅ | ၁.၀၅<br>(၂၅၈.၉၇)<br>ဧက |
| စုစုပေါင်း (စ/က) (ဧက) | | | | **၁၈၃၈.၅၈<br>(၄၅၄၃၁၂.၆၃)<br>ဧက** |

**ဓာတ်သတ္တုမူဝါဒများ**

၆။ ဓာတ်သတ္တုမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ္တုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရန်၊

(ခ) အစိမ်းရောင်စီးပွားရေးစနစ်ဖော်ဆောင်ရန်၊ သယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းစနစ်များအသုံးပြု၍ ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်နှင့်အညီ အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲရန်သာ ခွင့်ပြုရန်၊

(ဂ) နိုင်ငံတော်၊ လုပ်ငန်းရှင်နှင့် ဒေသခံပြည်သူများအားလုံး အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ဓာတ်သတ္တုလုပ်ငန်းများအဖြစ် ရပ်တည်နိုင်စေရန်၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်မည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆွဲဆောင်ရန်၊

(င) ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍပေါင်းစုံ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) လက်လုပ်လက်စားနှင့် အသေးစား သတ္တုတူးဖော်မှုများကို စနစ်တကျဆောင်ရွက်စေခြင်းဖြင့် တရားမဝင်တူးဖော်မှုများ လျော့နည်းပပျောက်စေရန်၊

(ဆ) နိုင်ငံတကာ၏ ဈေးကွက်အခြေအနေကို လေ့လာ၍ သတ္တုအမျိုးအစားအလိုက် သင့်လျော်သည့် စီးပွားရေး မဟာဗျူဟာများ ချမှတ်သွားရန်၊

(ဇ) သတ္တုကဏ္ဍအတွက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဈ) သယံဇာတ တူးဖော်ထုတ်လုပ်မှုကြောင့် မလိုလားအပ်သော ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရန်။

**မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးသွင်းရမည့် အခွန်အခသတ်မှတ်ချက်များ**

၇။ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **ခွင့်ပြုမိန့်ကြေး**။ ဓာတ်သတ္တုလုပ်ငန်းအမျိုးအစားအလိုက်ခွင့်ပြုမိန့် ထုတ်ပေးခြင်းအတွက် ပေးဆောင်ရသည့် အခကြေးငွေ၊

(ခ) **ပုံသေမြေငှားရမ်းခ**။ ဓာတ်သတ္တုလုပ်ငန်း အမျိုးအစားအလိုက် ခွင့်ပြုလုပ်ကွက်ဧရိယာအတွက် ပေးဆောင်ရသည့် ကျသင့်အခကြေးငွေ၊

(ဂ) **ဓာတ်သတ္တုခွန်**။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှ ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများ ရောင်းချသည့်အခါ ဓာတ်သတ္တု တန်ဖိုးအပေါ် မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၈ နှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးဆောင်ရသည့်အခွန်၊

**ဓာတ်သတ္တုလုပ်ငန်းများကို ခွင့်ပြုမိန့်ထုတ်ပေးရန် စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း**

၈။ ပြည်နယ်အစိုးရသည် ဓာတ်သတ္တုများထွက်ရှိသော ပြည်နယ်ရှိ အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ဓာတ်သတ္တုဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးနိုင်သည်။ ယင်းအဖွဲ့များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးရမည်။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့နှင့် ယင်းအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့**

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| (၁) | ဝန်ကြီး၊ ကယားပြည်နယ်အစိုးရအဖွဲ့<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး၊<br>ကယားပြည်နယ်၊လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး/ တာဝန်ခံအရာရှိ<br>ကယားပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) ဓာတ်သတ္တုခွင့်ပြုမိန့်လျှောက်ထားလာမှုများကို ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြစေခြင်း၊

(၂) ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့သည် စိစစ်တင်ပြလာသော လျှောက်ထားလာမှုများကို ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူခြင်း၊

(၃) ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားရရှိပါက သက်ဆိုင်ရာ မြို့နယ် အာဏာပိုင် အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/ မရှိ စိစစ်ဆောင်ရွက်စေခြင်း၊

(၄) ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်သတ်မှတ်ချက် အထောက်အထားများ ပြည်စုံမှန်ကန်ပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(၅) လုပ်ကိုင်ခွင့်ပြုမည့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအလိုက် သုံးစွဲခွင့်ပြုမည့် စက်ယန္တရားများ သတ်မှတ်ပေးခြင်း၊

(၆) နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာ အခွန်အခများ စည်းကြပ် ကောက်ခံခြင်း၊

(၇) လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကိုဖွဲ့စည်း၍ခွင့်ပြုထားသောဓာတ်သတ္တု ဆိုင်ရာ လုပ်ငန်းများ၏ ရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှု လုပ်ငန်းဆိုင်ရာပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးကိစ္စရပ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားရေးရာကိစ္စများကို ပုံမှန်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်စေခြင်း၊

(၈) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်း များအား ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှ လိုက်နာရန် ပျက်ကွက်ပါကလုပ်ငန်းကိုဆိုင်းငံ့စေခြင်း၊ ဒဏ်ကြေးငွေပေးဆောင်စေပြီး၊ လုပ်ငန်းဆက်လက် ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(၉) ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှ သက်တမ်းမကုန် ဆုံးမီ လုပ်ငန်းရပ်နားခွင့်ပြုရန်သို့မဟုတ် ဆက်လက်လုပ်ကိုင်နိုင်ရေးအတွက် ခွင့်ပြုမိန့် အသစ်ထုတ်ပေးရန်တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးခြင်း၊

(၁၀) ဓာတ်သတ္တု အသေးစား/ လက်လုပ်လက်စားထုတ်လုပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခြင်း၊

(၁၁) ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ပြည်နယ်သတ္တုတွင်းဦးစီးဌာနအား တာဝန်ပေးဆောင်ရွက်စေခြင်း၊

(၁၂) ပြည်နယ်အစိုးရအဖွဲ့မှ သီးခြားပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

**ခွင့်ပြုမိန့်အမျိုးအစားများ**

၉။ အောက်ပါခွင့်ပြုမိန့် (၆) မျိုးကို လျှောက်ထား/ ခွင့်ပြုပေးနိုင်ပါသည်-

(က) ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်၊

(ခ) ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊

(ဂ) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်၊

(ဃ) ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်၊

(င) ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်၊

(စ) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်၊

**ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

**၁၀။ ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ် သတ္တုများမှအပ ကျန်ဓာတ်သတ္တုများကို အသေးစား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်ချက် ဖြင့် ရှာဖွေခြင်း လုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။**

၁၁။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ / မရှိ စိစစ်ရမည် -

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း၊

၁၂။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ဓာတ်သတ္တု ရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၃) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်။

(ခ) ဓာတ်သတ္တုရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့် မြေနေရာသည် ဒေသန္တရဘူမိဗေဒဆိုင်ရာအချက်အလက်များ ရှာဖွေလေ့လာခြင်းမပြုရသေးသည့် မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရမည်။

(ဂ) ဓာတ်သတ္တုရှာဖွေရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဘူမိဗေဒအချက်အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ယှဉ်ပြိုင်မှု နည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်။

(ဃ) နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) နှင့် (ဂ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်း ချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။

င) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ခ) သို့မဟုတ် (ဂ) တို့အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်း အဆိုပြုလွှာ ရေးဆွဲတင်ပြစေရမည်။

**၁၃။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၆ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကိုစိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောထားရယူ၍ ၁ နှစ်ထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်။**

၁၄။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၁ အရ ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် -

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဍာန်ပြမြေပုံ တို့အား မြေပုံညွှန်းများ ဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် အောက်ဖော်ပြပါ ဧရိယာ ထက်မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည် -

( ၁ ) ဓာတ်သတ္တု အသေးစားလုပ်ကွက် သတ်မှတ်မြေဧရိယာအတွက် -

(ကက) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း၊ ကျောက်ဖြစ်လျှင် ၀.၀၈ စတုရန်း ကီလိုမီတာ (၂၀ ဧက)။

( ခခ ) ရွှေနှင့်အဖိုးတန်သတ္တုမှအပ အခြားသတ္တုဖြစ်လျှင် ၀.၀၄ စတုရန်း ကီလိုမီတာ (၁၀ ဧက)။

( ဂဂ ) ရွှေနှင့် အဖိုးတန်သတ္တုဖြစ်လျှင် ၀.၀၁၆ စတုရန်းကီလိုမီတာ (၄ ဧက)။

**(ရှင်းလင်းချက်။ ရွှေသတ္တုကို ထုတ်လုပ်မှုလုပ်ငန်းသာ ခွင့်ပြုပါမည်။)**

(ခ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်။

(ဂ) အတည်ပြုထားသည့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းအစီအစဉ်ကို ပူးတွဲပေးရမည်။

၁၅။ ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိထားသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဆက်လက်ရှာဖွေလိုသည့် ဧရိယာ

တစ်ခုလုံးသို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၁၁ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ပြည်နယ် လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သို့ ပုံစံ (၉) ဖြင့် လည်းကောင်း သတ်မှတ်ချက်များကို ပြည့်စုံစွာ ဖော်ပြ၍ လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့် လိုခြင်းမရှိဟု မှတ်ယူရမည်။

၁၆။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည် -

(က) လျှောက်ထားသူသည် ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ခြင်း။

(ခ) လျှောက်ထားသူ၏ အဆိုပြု ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း။

(ဂ) နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် သက်တမ်းတိုး ခွင့်ပြုမိန့်ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၁၇။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည်ဟုယူဆလျှင် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၁ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထား ရယူ၍ မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက် မပါဘဲဖြစ်စေ ၁ နှစ်ထက်မပိုသည့် သက်တမ်းကာလ တစ်ရပ်ရပ်ကို တိုးမြှင့်ပေးနိုင်သည်။

**ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၁၈။ ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုကို အသေးစားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ရန်ရည်ရွယ်ချက်ဖြင့် စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုချက်ရရှိရန် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၁၂) ဖြင့် လျှောက်ထားရမည်။

၁၉။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည် -

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဓာတ်သတ္တုဆိုင်ရာလုပ်ငန်း တစ်ရပ်ရပ် အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာမဟုတ်ခြင်း။

( ခ ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၂၀။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပုံစံ (၁၂) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်၊

(ခ) ဓာတ်သတ္တုရှာဖွေရန် ခွင့်ပြုမိန့်ရရှိထားသူက ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများကို ဥပဒေ၊ ဤနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းကိုဆက်လက်ဆောင်ရွက်လို၍လျှောက်ထားလာပါကသတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ခွင့်ပြုပေးရမည်။

(ဂ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တု ရှာဖွေခြင်း လုပ်ငန်းလုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့် မြေနေရာ ဖြစ်ပြီး ဘူမိဗေဒနှင့် ဓာတ်သတ္တုဖြစ်ထွန်းမှုဆိုင်ရာ အချက်အလက်များကို စမ်းသပ် တိုင်းတာခြင်းမပြုရသေးသည့် မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါ သတ်မှတ်ချက်များ နှင့်ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာ လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရမည်။

(ဃ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားသည့်မြေနေရာသည် ဓာတ်သတ္တု ရှာဖွေခြင်းလုပ်ငန်းလုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၇ ပါသတ်မှတ်ချက် များနှင့်ကိုက်ညီ လျှင် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်။

(င) နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်း ချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။

(စ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) တို့အရ ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြစေရမည်။

၂၁။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၂၂ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောထားရယူ၍ ၆ လထက်မပိုသော သက်တမ်းကို စည်းကမ်းချက်များ သတ်မှတ်၍ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပုံစံ (၁၅) ဖြင့် ထုတ်ပေးရမည်။

၂၂။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၂၇ အရ ဓာတ်သတ္တုစမ်းသပ် တိုင်းတာရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် -

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်ပြမြေပုံတို့အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ကေထက် မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်။

( ခ ) မူလက ခွင့်ပြုမိန့်ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်။

( ဂ ) မူလစမ်းသပ်တိုင်းတာရန် ခွင့်ပြုထားသည့်လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တု ဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလာလျှင် ယင်းပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့အစည်း၏ စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေဓာတ်သတ္တုဖြစ်ထွန်းမှုအလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်းဘေးကင်း လုံခြုံမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော အကြောင်းတရားများ အပေါ်မူတည်၍ ခွင့်ပြုနိုင်သည်။

(ဃ) အတည်ပြုထားသည့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ်ကို ပူးတွဲပေးရမည်။

၂၃။ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး သုံးလကြိုတင်၍ ဆက်လက် စမ်းသပ်တိုင်းတာလိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၂၇ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၁၈) ဖြင့်သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ် ထားသည့်အတိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်ရမည်။ ခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှုမပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

၂၄။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည် -

(က) လျှောက်ထားသူသည် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း။

( ခ ) လျှောက်ထားသူ၏ အဆိုပြု စမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း။

( ဂ ) နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၂၅။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည် ဟု ယူဆလျှင် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၂၇ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ နောက်ထပ်သက်တမ်း ၆ လ အထိတစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

**ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၂၆။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်ကို အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ ပုံစံ (၃၃) ဖြင့် လျှောက်ထားရမည်။

၂၇။ ဓာတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်ရရှိထားပြီး ဘူမိဗေဒ အစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးအပေါ် မူတည်၍ ယင်းတို့၏ ထုတ်လုပ်မှု လုပ်ငန်းအချို့ သို့မဟုတ် လုပ်ငန်းအားလုံးပေါင်းစပ်၍ အသေးစားထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်လိုပါက နည်းဥပဒေ ၇၉ နှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားနိုင်သည်။

၂၈။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားမှုအပေါ် အောက်ပါအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရမည် -

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း။

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

၂၉။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရေးအတွက် ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းများကို ပုံစံ (၃၃) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်၍ ကိုက်ညီမှုရှိပါက မှတ်ပုံတင်ရမည်။

(ခ) ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိထားသူက စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဓာတ်သတ္တု အသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လို၍ လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် စိစစ်၍ ခွင့်ပြုပေးရမည်။

(ဂ) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် လုပ်ကွက်တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားလာသည့်အခါ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း လုပ်ငန်း လုပ်ကိုင်ခဲ့သူက ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသည့် မြေနေရာ ဖြစ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်သော သတ္တုသိုက်ပမာဏ တွက်ချက်ထားသည့် ဘူမိဗေဒ

အစီရင်ခံစာအား တရားဝင်တင်ပြနိုင်ပါက နည်းဥပဒေ ၈၁ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းကို ဦးစားပေးစိစစ်ရွေးချယ်ရမည်။

(ဃ) ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်တစ်နေရာအတွက် တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားလာသည့်အခါ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူက ဆက်လက်ဆောင်ရွက်လိုခြင်းမရှိသည့် မြေနေရာ သို့မဟုတ် ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော မြေနေရာဖြစ်ပါက နည်းဥပဒေ ၈၁ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် စိစစ်ရွေးချယ်ရမည်။

( င ) နည်းဥပဒေခွဲ (ဂ) နှင့် (ဃ)တို့အရ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။

( စ ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားမှုနှင့် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) တို့အရ ရွေးချယ်ခံရသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာရေးဆွဲတင်ပြစေရမည်။

၃၀။ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်အရ ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ကွက်ဧရိယာ အတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဓာတ်သတ္တုကိုတွေ့ရှိပြီးနောက် ဥပဒေအရသော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအရသော်လည်းကောင်း လွှဲပြောင်းရယူထားသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းက ဓာတ်သတ္တု အသေးစားထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လို၍ ခွင့်ပြုမိန့် ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၃၃) ဖြင့် လျှောက်ထားပါက မူလခွင့်ပြုမိန့်ရရှိသူက လျှောက်ထားပြီး သကဲ့သို့ မှတ်ယူရမည်။

၃၁။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၈၃ အရ လျှောက်ထားချက် တွင် အောက်ပါ အချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၊ ဥက္ကဋ္ဌထံသို့ တွေ့ရှိချက် အစီရင်ခံစာ တင်ပြရမည် -

(က) အသေးစားထုတ်လုပ်ရန် အဆိုပြု အစီအစဉ်တွင် -

( ၁ ) ဓာတ်သတ္တု အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး အသုံးပြုရန် အစီအစဉ်များဖော်ပြပါရှိခြင်း။

( ၂ ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုအစီအစဉ် များ ဖော်ပြပါရှိရမည်။

( ခ ) အဆိုပြုဧရိယာသည် ထုတ်လုပ်မှုအတွက် လိုအပ်သောဧရိယာထက်မများခြင်း။

(ဂ) စမ်းသပ်တိုင်းတာရေး အစီရင်ခံစာအရ လုံလောက်သော သတ္တုသိုက် ပမာဏနှင့် စီးပွား ဖြစ်ထုတ်လုပ်နိုင်မှုရှိခြင်း။

၃၂။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၇၉ အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ပြည်နယ်လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထား ရယူ၍ ဓာတ်သတ္တုအမျိုး အစားနှင့် လုပ်ငန်းပမာဏအပေါ်မူတည်၍ ၁၀ နှစ် အထိသက်တမ်းကို စည်းကမ်းချက်များသတ်မှတ်ပြီး ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကိုပုံစံ (၃၆) ဖြင့်ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (၃၆) ဖြင့် ထုတ်ပေးသည့်အပေါ် တူးဖော်ရမည့်သတ္တုသိုက်၏ ခန့်မှန်းသက်တမ်း ကာလသည် ၁၀ နှစ်အောက် လျော့နည်း ပါက ယင်းကာလကိုသာ ခွင့်ပြုမိန့် သက်တမ်းအဖြစ် သတ်မှတ်ရမည်။

၃၃။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ဂ) အရ ဓာတ် သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် ထုတ်ပေးရာတွင် -

(က) ခွင့်ပြုလုပ်ကွက်၏ တည်နေရာပြမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဍာန်ပြမြေပုံတို့ အား မြေပုံညွှန်းများဖော်ပြလျက် ခွင့်ပြုမိန့်တစ်ခုအတွက် နည်းဥပဒေ ၁၂ ပါ ဧက ထက် မပိုသော မြေဧရိယာကို ခွင့်ပြုနိုင်သည်။

(ခ) မူလက ခွင့်ပြုမိန့် ထုတ်ပေးထားသော လုပ်ကွက်များရှိပါက ယင်းလုပ်ကွက်ဧရိယာကို ချန်လှပ်၍ ခွင့်ပြုရမည်။

(ဂ) မူလ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုထားသည့် လုပ်ကွက်နှင့်တစ်ဆက် တစ်စပ် တည်းရှိသည့် လုပ်ကွက်ပြင်ပတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များအရ ဓာတ်သတ္တု ဖြစ်ထွန်းမှုရှိကြောင်း တွေ့ရှိရပါက လွတ်ကင်းမှုရှိသော ဧရိယာအား တိုးချဲ့ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလာလျှင် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်း ၏ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ဆောင်ရွက်ခဲ့မှုအခြေအနေ ဓာတ် သတ္တု ဖြစ်ထွန်းမှု အလားအလာ၊ ဓာတ်သတ္တုသိုက်ပမာဏ၊ အရည်အသွေး၊ သတ္တုတွင်း ဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု အနေအထားနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော အကြောင်းတရားများအပေါ်မူတည်၍ ခွင့်ပြုနိုင်သည်။

၃၄။ ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက် လုပ်ကိုင် လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ဆက်လက် ဆောင်ရွက်လိုသည့် ဧရိယာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းနှင့်စပ်လျဉ်း၍ သက်တမ်းတိုးမြှင့်ပေးရန် နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့်စပ်လျဉ်း၍ ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့သို့ ပုံစံ (၃၉) ဖြင့် သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ဧရိယာသည် သတ်မှတ်ထားသည့်အတိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်ရမည်။

ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလ ကြိုတင်လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်းမရှိဟုမှတ်ယူရမည်။

၃၅။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန်လျှောက်လွှာကိုငြင်းပယ်နိုင်သည် -

(က) လျှောက်ထားသူသည် ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါစည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း။

(ခ) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုဧရိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို သင့်တင့်သောနှုန်းဖြင့် တိုးတက်အောင်လုပ်ကိုင်မှုမရှိခြင်း။

(ဂ) ထုတ်လုပ်ရန်သင့်တော်သော သတ္တုသိုက်လက်ကျန်မရှိခြင်း။

(ဃ) လျှောက်ထားသူ၏အဆိုပြုဓာတ်သတ္တုအသေးစားထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်သည် ပြည့်စုံမှုမရှိခြင်း။

(င) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၃၆။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ဓာတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရေးအတွက် ငြင်းပယ်ရန် ရည်ရွယ်ပါက ထိုသို့ငြင်းပယ်လိုသော အခြေခံအကြောင်းအချက်များကို ဖော်ပြလျက် ယင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်၊ ခိုင်လုံသော ကျိုးကြောင်းဖော်ပြချက်ဖြင့် သတ်မှတ်ရက်မတိုင်မီ ရှင်းလင်းတင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက သတ်မှတ်ရက်မတိုင်မီ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် ခိုင်လုံသောကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြခြင်း မရှိလျှင် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်ရမည်။

၃၇။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက်အကျိုးရှိမည်ဟု ယူဆလျှင် နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ မူလခွင့်ပြုမိန့်ပါစည်းကမ်းချက်များတွင်ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ပြင်ဆင်ချက်မပါဘဲဖြစ်စေ တစ်ကြိမ်လျှင်သက်တမ်း ၂နှစ်ထက်မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

**ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၃၈။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ ကျန်ဓာတ်သတ္တုများကို လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်း

လုပ်ကိုင်လိုသည့် နိုင်ငံသားသည် ခွင့်ပြုမိန့်ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၄၀) ဖြင့် လျှောက်ထားရမည်။

၃၉။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက် များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ပြည်ထောင်စု ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ၁ နှစ် သက်တမ်းသတ်မှတ်၍ ပုံစံ (၄၁) ဖြင့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည် -

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်း တစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာ မဟုတ်ခြင်း။

( ခ ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တု ကန့်သတ်နယ်မြေတွင် အကျုံးမဝင်ခြင်း။

( ဂ ) လျှောက်ထားသူမှာ ဓာတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်၌ပါရှိသော စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ခြင်း။

၄၀။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၄၃ အရ ဓာတ်သတ္တု လက်လုပ် လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် -

(က) ခွင့်ပြုသောဧရိယာသည် ခွင့်ပြုမိန့်တစ်ခုအတွက် အောက်ဖော်ပြပါဧရိယာထက် မပိုစေရ -

( ၁ ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဖြစ်လျှင် ဝ.ဝ၂ စတုရန်းကီလိုမီတာ (၅ ဧက)။

( ၂ ) ရွှေနှင့် အခြားအဖိုးတန် သတ္တုမှအပ အခြားသတ္တုနှင့် အလှဆင်ကျောက် ဖြစ် လျှင် ဝ.ဝ၁၂ စတုရန်းကီလိုမီတာ (၃ ဧက)။

( ၃ ) ရွှေနှင့် အခြားအဖိုးတန်သတ္တုဖြစ်လျှင် ဝ.ဝဝ၄ စတုရန်းကီလိုမီတာ (၁ဧက)။

( ခ ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုရာတွင် အိမ်ထောင်စုတစ်စုလျှင် လုပ်ကွက်တစ်ကွက်ထက် မပိုစေရ။

( ဂ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင် ခံစာ ရေးဆွဲတင်ပြထားပြီးဖြစ်ရမည်။

**ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၄၁။ ဓာတ်သတ္တု ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း သည် ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု၊ စက်မှု တွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့မှအပ ကျန်ဓာတ်သတ္တုများအား အသေးစားနှင့် လက်လုပ် လက်စား ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ ပုံစံ (၄၄) ဖြင့် လျှောက်ထားရမည်။

၄၂။ နည်းဥပဒေ ၁ဝဝ အရ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားရာတွင် -

(က) ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် အဆိုပြုအစီအစဉ်တွင် -

(၁) လိုအပ်သော ဓာတ်သတ္တုကုန်ကြမ်းအတွက် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့်ရရှိသူ ထံမှသာ ရရှိနိုင်သည့် အထောက်အထားပါရှိရမည်။

(၂) ဓာတ်သတ္တု အရင်းအမြစ်များအား အရည်အသွေးအားဖြင့် လည်းကောင်း၊ တန်ဖိုးအားဖြင့်လည်းကောင်းအဆင့်မြှင့်တင်မည့် နည်းစဉ်များ ဖော်ပြပါရှိရမည်။

(၃) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အစီအစဉ် များ ဖော်ပြပါရှိရမည်။

(၄) တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ မြန်မာနိုင်ငံသားများအား ခန့်ထားခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့အတွက်ပြည့်စုံစွာ ပါဝင်ရမည်။

(ခ) အဆိုပြုဧရိယာသည် မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကင်းရှင်းပြီး ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် သင့်တော်မည့်မြေဧရိယာ ဖြစ်ရမည်။

(ဂ) ဓာတ်သတ္တု ဆင့်တက်ပြုပြင်မှုလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ရန် နည်းပညာ၊ ကျွမ်းကျင်မှု၊ စွမ်းရည်နှင့် အတွေ့အကြုံရှိရမည်။

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံခန့်ခွဲသည့် တည်ဆဲဥပဒေများနှင့် ကိုက်ညီရမည်၊

(င) လျှောက်ထားသူမှာ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်၌ ပါရှိသော စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြ ထားပြီး ဖြစ်ရမည်။

(ဆ) ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ခန့်မှန်းခြေရင်းနှီးမြှုပ်နှံမှု၊ ကုန်ကျစရိတ်၊ မျှော်မှန်းသည့်ဝင်ငွေနှင့် ငွေသားစီးဆင်းမှုဖော်ပြချက်များ ပါဝင်ရမည်။

(ဇ) ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်လျှောက်လွှာကို စိစစ်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောလုပ်ငန်းများကို လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၄၃။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ခ) အရ ခွင့်ပြုမိန့် လျှောက်ထားခြင်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့မှအပ ကျန်ဓာတ်သတ္တုများအား အသေးစား ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းပမာဏအပေါ် မူတည်၍ ၅ နှစ်မှ ၁၀ နှစ်အထိလည်းကောင်း၊ လက်လုပ်လက်စား ဆင့်တက်ပြုပြင်ခြင်းကို သက်တမ်း ၁ နှစ် စီ ဖြင့်လည်းကောင်း ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (၄၇) ဖြင့် ထုတ်ပေးရမည်။

၄၄။ နည်းပဒေ ၁၀၄အရ ထုတ်ပေးသည့် ဓာတ်သတ္တုဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုးဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်မီ အနည်းဆုံး ၃ လ ကြိုတင်၍ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၅၀) ဖြင့် သတ်မှတ်ချက်များကို ပြည့်စုံစွာဖော်ပြ၍လျှောက်ထားရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ လ ကြိုတင် လျှောက်ထားမှု မပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

၄၅။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကို စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာကို ငြင်းပယ်နိုင်သည် -

(က) လျှောက်ထားသူသည် ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ခြင်း။

(ခ) လျှောက်ထားသူ၏ အဆိုပြုဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန်အစီအစဉ်သည် ပြည့်စုံမှု မရှိခြင်း။

(ဂ) နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးရန် မသင့်ဟု ယူဆခြင်း။

၄၆။ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားချက်မှာ နိုင်ငံတော်နှင့် ပြည်သူအတွက်အကျိုးရှိမည်ဟု ယူဆလျှင် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၀၄ အရ ထုတ်ပေးခဲ့သော ခွင့်ပြုမိန့်ကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်း သဘောထားရယူ၍ မူလခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် ပြင်ဆင်ချက်နှင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ ဓာတ်သတ္တု အသေးစား ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်အတွက် တစ်ကြိမ်လျှင် သက်တမ်း ၂ နှစ်ထက် မပိုစေဘဲ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

**ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း**

၄၇။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူမှအပ နိုင်ငံသား သို့မဟုတ် နိုင်ငံသား အဖွဲ့အစည်းသည် ပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုမှအပ ကျန်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ (၅၃) ဖြင့်လျှောက်ထားရမည်။

၄၈။ နည်းဥပဒေ ၁၁၀ နည်းဥပဒေခွဲ(ခ) အရ ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားရာတွင် -

(က) ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုအစီအစဉ်တွင် -

(၁) လိုအပ်သော ဓာတ်သတ္တုနှင့်စပ်လျဉ်း၍ ဓာတ်သတ္တု ထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူ သို့မဟုတ် ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရန် ခွင့်ပြုမိန့်ရရှိသူက တရားဝင်

ထုတ်လုပ်ခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ထားသည့် ဓာတ်သတ္တုဖြစ်ကြောင်း အထောက်အထားပါရှိရမည်။

(၂) သိုလှောင်ထားရှိမည့် မြေ၊ အဆောက်အဦနှင့်စပ်လျဥ်း၍ ဘေးအန္တရာယ် ကင်းရှင်း၍ သင့်တော်သည့်နေရာ ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ဓာတ်သတ္တု ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်၌ပါရှိသော စည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၄၉။ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ သည် နည်းဥပဒေ ၁၁ဝ နည်းဥပဒေခွဲ(ခ) အရ လျှောက်ထားလာသည့် ခွင့်ပြုမိန့်ကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ၃ နှစ် ထက်မပိုသော ခွင့်ပြုမိန့်သက်တမ်းအတွက် စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ (၅၆) ဖြင့် ထုတ်ပေးနိုင်သည်။

၅ဝ။ (က) နည်းဥပဒေ ၁၁၂ ၊ နည်းဥပဒေခွဲ(ဂ)အရ ထုတ်ပေးထားသည့် ဓာတ်သတ္တု ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူသည် သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ၃လ ကြိုတင်၍ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပုံစံ(၅၉) ဖြင့် လျှောက်တားရမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃လ ကြိုတင်လျှောက် ထားမှုမပြုပါက သက်တမ်းတိုးမြှင့်လိုခြင်း မရှိဟု မှတ်ယူရမည်။

(ခ) ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး နည်းဥပဒေ ၁၁၂ ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ တစ်ကြိမ်လျှင် ၃ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

**သဘောတူ စာချုပ်များချုပ်ဆိုခြင်း**

၅၁။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့သည် မိမိစီမံခန့်ခွဲမှုအောက်ရှိဌာန၏ တာဝန်ခံ အရာရှိ တစ်ဦးဦးအား မည်သည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းနှင့်မဆို အသေးစား၊ လက်လုပ်လက်စား ထုတ်လုပ်ခြင်း ဆိုင်ရာသဘောတူစာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့်ပြုနိုင်သည်။

၅၂။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် ရှာဖွေ ခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း လုပ်ကိုင်ဆောင်ရွက်လိုသူသည် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စီမံခန့်ခွဲမှုအောက်ရှိဌာန တစ်ခုခုနှင့် ဖက်စပ် စာချုပ်များကို ဤ နည်းဥပဒေများနှင့်အညီ ချုပ်ဆိုဆောင်ရွက်နိုင်သည်။

၅၃။ စာချုပ်များချုပ်ဆိုရာတွင် လေလံစနစ် သို့မဟုတ် ချမှတ်ထားသော အချက်အလက်များနှင့် စည်းကမ်းများကိုအခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့်ချုပ်ဆိုဆောင်ရွက်နိုင်သည်။

**သတ္တုတွင်းလုပ်ကွက်များ ပိတ်သိမ်းခြင်း**

၅၄။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုထားသော လုပ်ကွက်ဧရိယာနှင့်စပ်လျဥ်း၍-

(က) လုပ်ငန်းပိတ်သိမ်းချိန်တွင် တူးဖောက်ထားသည့်လွန်တွင်းများ၊ အစမ်းတွင်းများ၊ မြောင်းများနှင့် ကလိုင်များကို ပြန်လည်မြေဖို့ခြင်း သို့မဟုတ် အန္တရာယ်မဖြစ် စေရန် ဆောင်ရွက်ပေးခြင်းပြုရမည်။

(ခ) သတ္တုသိုက်ကုန်ဆုံးခြင်း သို့မဟုတ် ဆက်လက်လုပ်ကိုင်ခြင်းမရှိသော သတ္တုတွင်း လုပ်ကွက်များကို ပိတ်သိမ်းပြီးပြန်လည်အပ်နှံရာတွင် သက်ဆိုင်ရာခွင့်ပြုသည့် ဌာန၊ အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်အညီ အကောင်းဆုံးအခြေအနေ ပြန်လည်ရရှိရန် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့ ပြုရမည်။

(ဂ) သတ္တုတွင်းလုပ်ကွက်ဧရိယာကို နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဓာတ်သတ္တု အသေးစား သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူဖြစ်ပါက သတ္တုတွင်း ပိတ်သိမ်းပြီးနောက် တစ်ဆက်တည်း ၅ နှစ်အထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ် ဆန်းစစ်ခြင်းနှင့် ကုစားဆောင်ရွက်ပေးခြင်းတို့ပြုရမည်။

(ဃ) နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် သတ္တုတွင်းပိတ်သိမ်းရေး ရန်ပုံငွေတစ်ရပ်ကိုသီးခြား ထူထောင်ထားရှိ၍ ထုတ်လုပ်မှု မစတင်မီကာလတွင် ဆောင်ရွက်မည့်လုပ်ငန်း ပမာဏ၏တည်ဆောက်ရေးကာလ၊ ထုတ်လုပ်မှုကာလ၊ ပိတ်သိမ်းမည့်ကာလတို့တွင် ဖြစ်ပေါ်တည်ရှိမည့် ဆိုးကျိုးသက်ရောက်မှုအခြေအနေကို စိစစ်တွက်ချက်ထားရှိစေပြီး ထုတ်လုပ်မှု မစတင်မီကာလတွင် ဓာတ်သတ္တု လုပ်ငန်းရင်းနှီးမြှုပ်နှံငွေ၏ အနည်းဆုံး ၂ ရာခိုင်နှုန်းမှ လိုအပ်သည့် ရာခိုင်နှုန်းအထိကို ရန်ပုံငွေ ထားရှိရမည်။ ထုတ်လုပ်မှု စတင်သည့်အခါတွင် နှစ်စဉ် ဓာတ်သတ္တု ရောင်းချမှုတန်ဖိုး၏ အနည်းဆုံး ၂ ရာခိုင်နှုန်းမှ လိုအပ်သည့် ရာခိုင်နှုန်းအထိ လည်းကောင်း သို့မဟုတ် ဓာတ်သတ္တု ရောင်းချမှုမရှိပါက ဓာတ်သတ္တုလုပ်ငန်း ရင်းနှီးမြှုပ်နှံငွေ၏ အနည်းဆုံး ၂ ရာခိုင်နှုန်း မှ လိုအပ်သည့် ရာခိုင်နှုန်းအထိ လည်းကောင်း ရန်ပုံငွေထားရှိရမည်။ ထို့ပြင် ထူးခြား၍ ဂရုပြုလောက်သော ပြောင်းလဲမှုပေါ်ပေါက်လာပါက ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့က ပြင်ဆင်သတ်မှတ်သည့် ရန်ပုံငွေကို ထည့်ဝင်ရမည်။

၅၅။ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) သတ္တုတွင်းပိတ်သိမ်းမှု၊ ပြန်လည်ထူထောင်မှုနှင့်စပ်လျဉ်း၍ ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ပိတ်သိမ်းမှု နောက်ပိုင်းကာလတွင် ထိန်းသိမ်းစောင့်ကြည့်ရေး လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ ဘဏ္ဍာရေးအာမခံအဖြစ် ရန်ပုံငွေ ထူထောင်ထားရှိပြီးမှသာ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက် ရမည်။

(ဂ) ခါတ်သတ္တုအသေးစားထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါက ထုတ်လုပ်မှုလုပ်ငန်း စတင်ပြီး ရက်ပေါင်း ၉၀ အတွင်း သတ္တုတွင်းပိတ်သိမ်းခြင်း အစီအစဉ်ကို ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့တင်ပြရမည်။ယင်းအစီအစဉ်ကို ဒေသခံအဖွဲ့ အစည်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း တိုင်ပင်၍ ရေးဆွဲရမည်။ ထူးခြား၍ ဂရုပြုလောက်သည့် ပြောင်းလဲမှုရှိလာသည့်အခါတိုင်း စီမံချက်အား ပြင်ဆင် ဖြည့်စွက်ဆောင်ရွက်ရမည်။

၅၆။ (က) ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ္တုတွင်းပိတ်သိမ်းပြီးနောက် မြေယာ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို ပြီးစီးနိုင်မည့် သတ်မှတ် ကာလအထိ စောင့်ကြည့်ရေး၊ ထိန်းသိမ်းရေးနှင့် ကြီးကြပ်ဆောင်ရွက်ရေး တို့အတွက် စောင့်ကြပ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်။ ထိုကော်မတီတွင် ဒေသခံနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအာဏာပိုင်မှ တာဝန် ပေးအပ်သူများပါရှိစေရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့်ကော်မတီသည် ပတ်ဝန်းကျင်ထိခိုက်ပျက်စီး ခဲ့သောသတ္တုတွင်းလုပ်ကွက်ဧရိယာနှင့် ဆက်စပ်ပတ်ဝန်းကျင်နေရာများကို ပြန်လည် အသုံးပြုနိုင်သည့် အခြေအနေအထိရောက်ရှိစေရန် အမြဲစောင့်ကြည့်၍ ကြီးကြပ် ပေးရမည်။ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အခါအားလျော်စွာ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ တင်ပြရမည်။

**ခါတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း**

၅၇။ ခွင့်ပြုမိန့် ရရှိသူသည် -

(က) မိမိတူးဖော်ခဲ့သည် လွန်တွင်းများ၊ ကလိုင်များ၊ မြေအောက်တူးဖော်မှု လုပ်ငန်းများ ကြောင့် ပျက်စီးသွားသည့် မြေမျက်နှာပြင်ကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါ အတိုင်း ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ကျေနပ် လက်ခံသည်အထိ ပြန်လည်မြေဖို့ပေးခြင်း သို့မဟုတ် အန္တရာယ်မရှိစေရန် အခြားနည်းဖြင့် ပြုပြင် ဆောင်ရွက်ပေးခြင်းပြုရမည်။

(ခ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့်မြေ၊ အစိုးရက စီမံခန့်ခွဲခွင့် ရှိသောမြေအတွင်း ခါတ်သတ္တုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းကြောင့် သစ်ပင် များကို ခုတ်ထွင်ရှင်းလင်းခြင်း ပြုခဲ့ရပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောတူညီချက်ကို တောင်းခံရယူစဉ်က ညှိနှိုင်းသဘောတူညီချက် နှင့်အညီ သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း ပြုရမည်။

၅၈။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် သို့မဟုတ် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် အရည်များ၊ စွန့်ပစ်မြေစာများ၊ အဖြုန်းများစွန့်ပစ်ရာတွင်လည်းကောင်း၊ အခိုးအငွေ့များကို ထုတ်လွှတ်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီ ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုမရှိစေရန်နှင့် သက်ရှိသတ္တဝါများအတွက် ဘေးအန္တရာယ် ကင်းရှင်းစေရန်အလို့ငှာ လိုအပ်သလို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရမည်။ ယင်းသို့ စမ်းသပ်စစ်ဆေးရာတွင် သက်ရှိသတ္တဝါများအတွက် ဘေးအန္တရာယ်ဖြစ်စေသည့် အဆိပ်အတောက်များတွေ့ရှိပါက ဓာတုဗေဒနည်းအရ လိုအပ်သလို ချေဖျက်ခြင်း ပြုလုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာသည့်အခါမှသာ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စွန့်ပစ်ရမည်။

၅၉။ ခွင့်ပြုမိန့်ရရှိသူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို အများပြည်သူတို့အား ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် စွန့်ပစ်ခြင်းမပြုရ။ သတ္တုတူးဖော်မှုကြောင့် တောရိုင်းတိရစ္ဆာန်များ၊ ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

၆၀။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်အားလုံးကို ကျခံရမည်။ ယင်းကုန်ကျစရိတ်များကို ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်း အစီအစဉ် သို့မဟုတ် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး၊ ဆင့်တက်ပြုပြင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်းသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပေါ် အခြေခံ၍ သတ်မှတ်ရမည်။ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေတစ်ရပ်ကို သီးခြားထူထောင်ထားရှိရမည်။

(ခ) သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်တွင် အဆိပ်အတောက်အန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ၊ အကြွင်းအကျန်များ၊ အမှိုက်များနှင့်အခြားစွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ (င) နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ရန်ပုံငွေနှစ်ရပ်ကို စီမံခန့်ခွဲမည့်အဖွဲ့အစည်း ဖွဲ့စည်းထားရှိခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရေးဆွဲထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက သတ်မှတ်ကောက်ခံသည့် အခကြေးငွေကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေသို့ သီးခြားပေးသွင်းရမည်။

၆၁။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ခွင့်ပြုမိန့်ရရှိသူက ထူထောင်ထားရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေကို စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်သည့်လုပ်ငန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ခ) ဓာတ်သတ္တု ထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးသည့်အခါဖြစ်စေ၊ ပိတ်သိမ်းသည့်အခါ ဖြစ်စေ၊ ခွင့်ပြုမိန့်ရသူက လုပ်ငန်းမြေနေရာကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါ အတိုင်း သတ္တုတွင်းပိတ်သိမ်းရေးရန်ပုံငွေဖြင့် မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် စိမ်းလန်းစိုပြေရေးလုပ်ငန်းများဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ၊ မရှိ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် စစ်ဆေးရေး အရာရှိမှ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ရမည်။ခွင့်ပြုမိန့်ရရှိသူမှလုပ်ငန်းများကို ဆောင်ရွက်ရန်လစ်လျူပြုပါကထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ဆိုင်းငံ့ထားစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေ ၁၉၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ထူထောင်ထားရှိရမည့် ရန်ပုံငွေ နှစ်ရပ်ထားရှိရန် ပျက်ကွက်သည့် ခွင့်ပြုမိန့်ရရှိသူထံသို့ ရန်ပုံငွေထူထောင် ထားရှိရန် သတိပေးအကြောင်းကြားစာကို အနည်းဆုံးနှစ်ပတ်ခန့်စီခြား၍ ၃ ကြိမ်တိုင် ပေးပို့ပြီး နောက်ရက်ပေါင်း ၃၀ ဆက်လက် ပျက်ကွက်နေပါက ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ဆိုင်းငံ့ထားစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

**ငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၆၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်နှင့်သက်ဆိုင်သောမြေအတွက် ပုံသေမြေငှားရမ်းခကို နောက်ဆက်တွဲ(ခ)တွင် သတ်မှတ်ထားသော နှုန်းထားနှင့်အညီ ပေးဆောင်ရမည်။

(ခ) ပထမနှစ်အတွက် ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခကို ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းသို့ ပေးသွင်းရမည်။ ကျန်နှစ်စဉ် ပေးသွင်းရမည့် ပုံသေမြေငှားရမ်းခကို ခွင့်ပြုမိန့်သက်တမ်းစသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ခြောက်လလျှင်တစ်ကြိမ်စီဖြင့် နှစ်ကြိမ်ခွဲ၍ ပေးသွင်းနိုင်သည်။

(ဂ) ဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် နှုန်းထားအတိုင်း ဓာတ်သတ္တုခွန် ပေးဆောင်ရမည်။

(ဃ) ဓာတ်သတ္တုခွန်ကို ပေးဆောင်မှုနှင့် စပ်လျဉ်း၍ လျော့နည်း ကွာခြားမှုများရှိပါက ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရမည်။

( င ) ခာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့် ပေးဆောင်နိုင်သည်။

(၁) ခွင့်ပြုမိန့်ကြေးကို နောက်ဆက်တွဲ(ဂ)တွင် သတ်မှတ်ထားသောနှုန်းထားနှင့် အညီ ပေးဆောင်ရမည်၊

(၂) အဆိုပြုငွေ၊ အာမခံစပေါ်ငွေနှင့်သက်တမ်းတိုးအဆိုပြုငွေတို့အား နောက်ဆက်တွဲ (ဃ) တွင် သတ်မှတ်ထားသောနှုန်းထားနှင့်အညီ ပေးဆောင် ရမည်၊

၆၃။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခာတ်သတ္တု ရောင်းချသည့်အခါ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ ဈေးနှုန်းတွက်ချက်မှုပါရှိသည့် ကုန်ရောင်းပြေစာ မိတ္တူတစ်စောင်ကို ပေးပို့ရမည်၊

( ခ ) ခာတ်သတ္တုရောင်းချရာတွင် ယာယီငွေပေးချေမှုကိုသာ လက်ခံရရှိပါက ဝယ်သူထံမှ အပြီးသတ် ငွေပေးချေပြီးချိန်တွင် နောက်ဆုံး ငွေပေးချေမှုနှင့် တွက်ချက်မှုမိတ္တူ တစ်စောင်ကို ပေးပို့ရမည်။

( ဂ ) ခာတ်သတ္တုထုတ်လုပ်မှု ရောင်းချမှုနှင့် သိုလှောင်မှုကို ပုံစံ (၇၁) ဖြင့် သုံးလ တစ်ကြိမ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပေးပို့ရမည်။

၆၄။ ဦးစီးဌာနသည် -

(က) ဥပဒေပုဒ်မ ၁၉ အရ ရောင်းချသည့် ခာတ်သတ္တု တန်ဖိုးတွက်ရာတွင် အဆိုပါ ခာတ်သတ္တု၏ နိုင်ငံတကာအသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာဈေးနှုန်းကို အခြေခံ၍ ရောင်းချချိန်နှင့် ယင်းကာလမတိုင်မီ ရက်ပေါင်း ၃၀ အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်း များအပေါ် ပျမ်းမျှဈေးနှုန်း တွက်ချက်သတ်မှတ်ရမည်။

၆၅။ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) ခာတ်သတ္တုခွန်ပေးဆောင်ရန်ကျသင့်ငွေကို အကြောင်းကြားစာ ရရှိသည့်နေ့မှစပြီး ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရန် ခွင့်ပြုမိန့် ရရှိသူအား အကြောင်းကြားရမည်။

( ခ ) ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် ခာတ်သတ္တုခွန် ပေးဆောင်ရမည့်ကာလ သတ်မှတ်ချက်ကို လိုအပ်သလို တိုးမြှင့်ပေးနိုင်သည်။

၆၆။ ရောင်းချသည့် ခာတ်သတ္တု၏ တန်ဖိုးကို တွက်ချက်ရာတွင်-

(က) ခာတ်သတ္တုရိုင်း သို့မဟုတ် သတ္တုသန့်စင်ကို ခာတ်သတ္တုထုတ်ကုန်အဖြစ် ရောင်းချ ပါက ခာတ်သတ္တုခွန်ကို ယာယီငွေပေးချေမှုအပေါ်တွင် ဦးစွာစည်းကြပ်ပြီး နောက်ဆုံး ခာတ်သတ္တုခွန်ကို အပြီးသတ်ငွေပေးချေမှုလက်ခံရရှိပြီးမှစည်းကြပ်ရမည်။

( ခ ) သတ္တုစင်ကိုခာတ်သတ္တု ထုတ်ကုန်အဖြစ် ရောင်းချပါက ခာတ်သတ္တုခွန်ကို အပြီးသတ် ငွေပေးချေမှုလက်ခံရရှိပြီးမှ စည်းကြပ်ရမည်။

၆၇။ ခွင့်ပြုမိန့်ရရှိသူသည် ဤနည်းဥပဒေများအရ ပေးဆောင်ရမည့် ခာတ်သတ္တုခွန်များကို ခွင့်ပြုမိန့် ပါ စည်းကမ်းတွင် သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

၆၈။ (က) လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုမိန့်နှင့် ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းတို့ အပါ အဝင် ပေးဆောင်ရမည့် အခကြေးငွေ သတ်မှတ်ချက်သည် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

(ခ) အခကြေးငွေများကို ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း မြန်မာကျပ်ငွေ သို့မဟုတ် သတ်မှတ်သည့် နိုင်ငံခြားငွေနှင့် ပေးဆောင်ရမည်။

၆၉။ ခွင့်ပြုမိန့်ရရှိသူသည် နည်းဥပဒေ ၁၂၃ နှင့် ၁၂၉ တို့အရ ပေးဆောင်ရမည့် အခွန်အခများ အပြင် တည်ဆဲဥပဒေများနှင့်အညီ အောက်ဖော်ပြပါ အခွန်အခများ၊ အခွန်အကောက်များနှင့် အခကြေးငွေများကို လည်းပေးဆောင်ရန် တာဝန်ရှိစေရမည် -

(က) လုပ်ကွက် (၁) ကွက်အတွက် ဘဏ်အာမခံငွေနှင့် လက်မှတ်ရေးထိုးဆုကြေးငွေ (သက်တမ်းတိုးအပါ)၊

(ခ) အသေးစားလုပ်ကွက်များမှ တူးဖော်ရရှိသော ဓာတ်သတ္တုများအတွက် သတ္တုရောင်းချသည့်နေ့တွင်ဖြစ်ပေါ်သည့် အပြည်ပြည်ဆိုင်ရာသတ္တုဈေးနှုန်းအရ တွက်ချက်၍ဓာတ်သတ္တုခွန်နှင့် လက်လုပ်လက်စားလုပ်ကွက်များ၏ ဓာတ်သတ္တုခွန် တို့အား ပေးဆောင်ရမည်၊

(ဂ) **ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအချိုး ပေးဆောင်ခြင်း။** သတ်မှတ်ထားသည့် ဓာတ်သတ္တုအမျိုးအစားအလိုက် ထုတ်လုပ်ရရှိသည့် သတ္တုတန်ချိန် အတွက် ဓာတ်သတ္တုခွန် ပေးဆောင်ပြီးကျန်ဓာတ်သတ္တုအသေးစားထုတ်လုပ်မှု၏(၈၀)ရာခိုင်နှုန်းအားထုတ်လုပ်သူမှ ရယူ၍ကျန်(၂၀)ရာခိုင်နှုန်းအား ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအချိုးအဖြစ် ဓာတ်သတ္တုရောင်းချချိန်၌ ပေးဆောင်ရမည်။

၇၀။ ခွင့်ပြုမိန့်ရရှိသူများ၏ ထုတ်လုပ်မှုလုပ်ငန်း စီမံကိန်းကြောင့် နိုင်ငံတော်မှ အခွန်အခရခြင်း၊ ခွင့်ပြုမိန့်ရရှိသူများမှ အကျိုးအမြတ်ရခြင်း၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်၍ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီး ပေးနိုင်ရေးနှင့် ဒေသအတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ စောင့်ကြပ်ကြည့်ရှု ထိန်းသိမ်းရမည်။

၇၁။ ဓာတ်သတ္တု (လက်လုပ်လက်စား) တူးဖော်ထုတ်လုပ်မှု၊ သတ္တုရိုင်းများအား အဆင့်မြင့်တင်ပြုပြင်မှု လုပ်ငန်း ဆောင်ရွက်ခြင်းများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုများအတွက် လူမှုရေး တာဝန်ယူမှုကို အလေးထားဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိသူများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (Corporate Social Responsibility– CSR) ကတိကဝတ်များအား အလေးထား လိုက်နာ ဆောင်ရွက်သွားရမည်။

၇၂။ ခွင့်ပြုမိန့်ရရှိသူများသည် ခဲတတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်း၊ လုပ်ငန်းပြီးဆုံးခြင်း (သို့မဟုတ်) မိုင်းပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ် (Mine Closure Plan) ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည် ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၇၃။ ခွင့်ပြုမိန့်ရရှိသူများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility–CSR) သည် လူမှုရေး၊ ပတ်ဝန်းကျင်ရေးရာ၊ စီးပွားရေး ဖိအားပေးမှု အမျိုးမျိုးတို့၏ အကျိုးသက်ရောက်မှု တစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပိုမိုကောင်းမွန်သော လူ့ဘောင် အဖွဲ့အစည်းနှင့် သန့်ရှင်းသောပတ်ဝန်းကျင် တစ်ခုဖြစ်ခြင်းအလို့ငှာ ခွင့်ပြုမိန့်ရရှိသူများသည် ၎င်းတို့ ၏ တာဝန်ယူမှု အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဟု ယူဆလက်ခံသော အတွေးအမြင်တစ်ရပ် (A Concept) လည်းဖြစ်သည့်အတွက် ခွင့်ပြုမိန့်ရရှိသူများမှ လူမှုရေးဆိုင်ရာ တာဝန်ယူမှု ကတိကဝတ်များအား အလေးထားလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၇၄။ ခဲတတ်သတ္တု စမ်းသပ်/ တူးဖော်/ ဆင့်တက်ပြုပြင်မှု လုပ်ငန်းများကြောင့်ဖြစ်ပေါ် လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား အနည်းဆုံးဖြစ်စေရန်နှင့် လိုအပ်သောကုစားမှုများ ပြုလုပ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် အခါအားလျော်စွာ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာစောင့်ထိန်းသွားရန် လိုအပ်ပါသည်။

၇၅။ ခဲတတ်သတ္တု စမ်းသပ်ခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများသည် အရင်းအနှီးမြောက်များစွာဖြင့် စွန့်စားလုပ်ကိုင်ရသော ရေရှည်လုပ်ငန်း (Capital Intensive High, Long Term) ဖြစ်သည့်အပြင်၊ သဘာဝသယံဇာတများသည် တစ်ကြိမ်ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်ဖြည့်ဆည်းနိုင်စွမ်းမရှိသော အရင်းအမြစ် (Non Renewable Resource) နှင့်အညီ ခဲတတ်သတ္တု စမ်းသပ် / တူးဖော်ထုတ်လုပ်သည့် ခွင့်ပြုမိန့်ရရှိသူများအနေဖြင့် ခဲတတ်သတ္တုများ စမ်းသပ် / တူးဖော် ထုတ်လုပ်သည့် ကဏ္ဍအား အလေအလွင့်၊ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး၊ ဒေသခံများ၏ လူမှုဘဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားကိစ္စရပ်များ၊ ခွင့်ပြုမိန့်ရရှိသူများမှ လုပ်ဆောင်နေသည့် စီမံကိန်းအပေါ် ဒေသခံတို့၏ သဘောထားများ၊ တုံ့ပြန်မှုများအား အထူးအလေးထား ထိန်းသိမ်းလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများ

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကယားပြည်နယ်မှ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဌာနမှဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါ သည် -

(က) ဓါတ်သတ္တုအကြီးစားနှင့် အလတ်စား သတ္တုလုပ်ကွက် လျှောက်ထားခြင်း၊ သက်တမ်း တိုးခြင်း

( ခ ) ထုတ်လုပ်ခွင့် ရရှိပြီးသော ဓါတ်သတ္တုလုပ်ကွက်များ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်း ဥပဒေနှင့်အညီ ထုတ်လုပ်နိုင်ရေး ကြီးကြပ်ခြင်း

( ဂ ) ထုတ်လုပ်ခွင့်ရရှိပြီးသောဓါတ်သတ္တုလုပ်ကွက်များအတွက်လိုအပ်သည့် နိုင်ငံခြားသား ပညာရှင်ခေါ်ယူခြင်း၊ သတ္တုတွင်းလုပ်ကွက်အတွင်း အသုံးပြုရန် လိုအပ်သောယမ်း နှင့်ဆက်စပ်ပစ္စည်း တင်ပြတောင်းခံခြင်း၊ သုံးစွဲခြင်း၊ သိုလှောင်ခြင်းများအတွက် စနစ် တကျကြီးကြပ်ခြင်း

(ဃ) ထုတ်လုပ်ရရှိသောသတ္တုများအား နိုင်ငံတော်အခွန်၊ ကုမ္ပဏီအချိုး၊ ဓါတ်သတ္တုခွန်များ ပြည့်ဝတိကျ မှန်ကန်စွာရရှိရေး စိစစ်ကြပ်မတ်ကောက်ခံခြင်း၊ နိုင်ငံတော်ပိုင်သတ္တု များ၊ ကုမ္ပဏီပိုင်သတ္တုများစနစ်တကျတင်ပို့ ရောင်းချနိုင်ရန်ဆောင်ရွက်ပေးခြင်း

( င ) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေအရသတ်မှတ်ထားသော ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံ ငွေ၊ သတ္တုတွင်း ပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများ ရန်ပုံငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေများ ပြည့်မီစွာ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင် နိုင်ရေးကြီးကြပ်ဆောင်ရွက်ခြင်း

( စ ) သတ္တုသယ်ဆောင်မှုများကြီးကြပ်ခြင်း

(ဆ) သတ္တုများတရားမဝင် သယ်ဆောင်မှုမရှိစေရေး ကြီးကြပ်ခြင်း

( ဇ ) အထက်ဌာန၏ ညွှန်ကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၂။ အသေးစိတ်ဆောင်ရွက်ချက်များမှာ -

(က) **ဓါတ်သတ္တုအကြီးစား နှင့် အလတ်စားသတ္တုလုပ်ကွက်များ လျှောက်ထားခြင်း၊ သက် တမ်းတိုးခြင်း။** ကယားပြည်နယ်အတွင်း ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုထုတ်လုပ်ရန်အတွက် ဓါတ်သတ္တုအကြီးစား / အလတ်စားလုပ်ကွက်များ လျှောက်ထားလိုသော ကုမ္ပဏီများသည် မိမိလျှောက်ထားလိုသောမြေနေရာအတွက် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအကူအညီ ဖြင့် မြေအကျယ်အဝန်း၊ တည်နေရာ၊ မြေပုံညွှန်းပြုစုကာ မိမိဌာနသို့လာရောက် အကြံဉာဏ်ရယူခြင်း၊ အချက်အလက်များ ပြုစုဖြည့်စွက်ခြင်းများ ပြည့်စုံစွာဆောင် ရွက်ပေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ နေပြည်တော်သို့ စာတိုက်မှလိပ်မူကာတိုက်ရိုက်လျှောက်ထားရပါသည်။

( ခ ) **ထုတ်လုပ်ခွင့်ရရှိပြီးသော ဓါတ်သတ္တုလုပ်ကွက်များအား ကြီးကြပ်ခြင်း။** ထုတ်လုပ်ခွင့်ရရှိပြီးသော အကြီးစားလုပ်ကွက်(၁)ကွက်မှာ ကယားပြည်နယ် သတ္တုထုတ်လုပ်ရေးကုမ္ပဏီ(KMPC)၏ မော်ချီးသတ္တုတွင်း(၆၉၃၃.၃)ကေဖြစ်ကာ ထုတ်လုပ်မှုကြီးကြပ်ရန်အတွက်ဌာနမှ မန်နေဂျာ(သတ္တုတွင်း)ဦးစီး(၂ + ၄ )ဖြင့် တာဝန်ချထားကာ ကြီးကြပ်လျက် ရှိပါသည်။အလတ်စား လုပ်ကွက်(၄)ကွက်ရှိပြီး အမှတ်(၂)သတ္တုတွင်း လုပ်ငန်း၊ ကယားပြည်နယ်နှင့် မန်နေဂျာ(သတ္တုတွင်း)၊ မော်ချီးသတ္တုတွင်းစီမံကိန်းမှ ကြပ်မတ်ပါသည်။ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီစနစ်တကျတူး ဖော်ထုတ်လုပ်နိုင်ရေး၊သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးကြီးကြပ်လျက်ရှိပါသည်။

( ဂ ) **ထုတ်လုပ်ခွင့်ရလုပ်ကွက်များအတွင်း နိုင်ငံခြားသားပညာရှင် ခေါ်ယူခြင်း၊ ယမ်းသုံးစွဲခြင်း၊ သိုလှောင်ခြင်းများကြပ်မတ်ခြင်း။** မိမိဌာနအနေဖြင့် ကယားပြည်နယ်အတွင်း ထုတ်လုပ်ခွင့်ရ ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသားပညာရှင်များထံမှ နည်းပညာအကူအညီရယူရန် လိုအပ်ပါက တင်ပြထောက်ခံပေးခြင်း၊ ရောက်ရှိမှု၊ နေထိုင်မှု၊ ပြန်လည်ထွက်ခွာမှုများအား ဆက်စပ်ဌာနများသို့ တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများဆောင်ရွက်ပေးပါသည်။ လုပ်ကွက်များအတွင်း သတ္တုတူးဖော်ရန်ယမ်းနှင့် ဆက်စပ်ပစ္စည်း လိုအပ်ချက်များ တွက်ချက်၍ တင်ပြတောင်းခံပေးခြင်း၊ ထုတ်ယူ/ သိုလှောင်/သုံးစွဲခြင်း၊ထိန်းသိမ်းခြင်းများအားကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) **ထုတ်လုပ်မှုမှရရှိသောသတ္တုများအချိုးမှန်ကန်စွာခွဲဝေခြင်း။**ကုမ္ပဏီများမှ ထုတ်လုပ်၍ရရှိသော (၁၀၀%) ထုတ်လုပ်မှုမှ နှစ်ဘက်သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအရ နိုင်ငံတော်အချိုး + ဓါတ်သတ္တုခွန်နှင့် ကုမ္ပဏီရရှိမည့်အချိုးများ တိကျမှန်ကန်စွာရရှိရေး လစဉ်ထုတ်လုပ်မှုစာရင်းများနှင့် တိုက်ဆိုင်ကောက်ခံခြင်း၊တင်ပို့ခြင်း၊ ကုမ္ပဏီရသင့်သည့် အချိုးသတ္တုများ သယ်ယူတင်ပို့ရောင်းချသည်အထိဆောင်ရွက်ပေးလျက်ရှိပါသည်။

( င ) **မြန်မာ့သတ္တုတွင်းဥပဒေ၊နည်းဥပဒေအရထားရှိရမည့်ရန်ပုံငွေများ။** မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေအရထားရှိသွားရမည့် ရန်ပုံငွေ(၃)မျိုးဖြစ်သည့် ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေ၊ သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းရန်ပုံငွေ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေများ ဥပဒေနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

( စ ) **သတ္တုသယ်ဆောင်မှုများ ကြီးကြပ်ခြင်း။** ပြည်နယ်အတွင်း ထုတ်လုပ်ခွင့်ရ ကုမ္ပဏီလုပ်ကွက်များမှ ထုတ်လုပ်ရရှိသောသတ္တုများ၊ နိုင်ငံတော်ပိုင်နှင့် ကုမ္ပဏီပိုင်သတ္တုများ လုပ်ကွက်တွင်း သိုလှောင်ရုံမှ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့ တင်ပို့နိုင်ရေး စိစစ်တင်ပြခြင်း၊ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာဒေသအထိ ကြီးကြပ်လိုက်ပါပို့ဆောင်ခြင်း ပြီးစီးကြောင်းတင်ပြခြင်းများဆောင်ရွက်လျက်ရှိပါသည်။

(ဆ) **တရားမဝင်သတ္တုသယ်ဆောင်မှုမရှိစေရေး ကြီးကြပ်ခြင်း။** ပြည်နယ်အတွင်း၊ ပြည်နယ် ပြင်ပသို့ သတ္တုများတရားမဝင် သယ်ယူခြင်း၊ ရောင်းချခြင်းမရှိစေရေး အတွက်ဌာနစုံ အဖွဲ့စုံပါဝင်သော တရားမဝင်သတ္တုသယ်ယူမှုတားဆီးရေးအဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့၊ကယားပြည်နယ်မှ ဖွဲ့စည်းပေးထားပြီး စိစစ်ကြပ်မတ်စစ်ဆေး လျက်ရှိပါသည်။

( ဈ ) အထက်ပါလုပ်ငန်း တာဝန်များအပြင် အထက်ဌာနမှ ပေးအပ်လာသော လုပ်ငန်း တာဝန်များကိုလည်း တာဝန်ယူထမ်းဆောင်လျက်ရှိပါသည်။

## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

၁။ ပြည်တွင်း/ပြည်ပ အလုပ်သမား မှတ်ပုံတင်ကတ်ပြား (အလလခ-၂) လာရောက်ပြုလုပ်ရာတွင်လိုအပ်ချက်များ

(က) အသက်(၁၈)နှစ်ပြည့်မှသာ အလုပ်သမား မှတ်ပုံတင်ခွင့်ရှိပြီး လူကိုယ်တိုင် လာရောက်ရမည်။

(ခ) အလုပ်သမား မှတ်ပုံတင်ကတ်ပြား လာရောက်ပြုလုပ်သူ၏ မှတ်ပုံတင်မူရင်း (သို့မဟုတ်)မိတ္တူ

(ဂ) အလုပ်သမား မှတ်ပုံတင်ကတ်ပြား လာရောက်ပြုလုပ်သူ၏ ပညာအရည်အချင်း ထောက်ခံချက် (သို့မဟုတ်) အောင်လက်မှတ် ( ၁၀ တန်းအောင်နှင့် ဘွဲ့ရ ဖြစ်ပါက ပညာအရည်အချင်း ထောက်ခံချက်မိတ္တူပါရှိရမည်။)

(ဃ) ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များရှိပါက တစ်ပါတည်း တင်ပြရမည် (ဥပမာ- ကွန်ပျူတာ၊စာရင်းကိုင်၊အသက်မွေးဝမ်းကျောင်းသင်တန်း၊ ယာဉ်မောင်းလျှောက်ထားလိုပါက သက်တမ်းရှိသော လိုင်စင်တင်ပြရမည်။)

(င) စတင်ပြုလုပ်သည့်နေ့မှစ၍ တစ်နှစ်ပြည့်လျှင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့လာ ရောက်သက်တမ်းတိုးရပါမည်။ (လေဘာကတ်မူရင်းကိုသာ သက်တမ်းတိုးပေးသဖြင့် အလုပ်လျှောက်ထားပါက လေဘာကတ်မူရင်းကို မိတ္တူဆွဲ၍ လျှောက်ထားပါရန် )

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်များမှ အလုပ်သမားလိုအပ်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်

(က) အစိုးရဌာန၊ ပုဂ္ဂလိက၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း အစရှိသော အလုပ်ရှင်တို့မှ လိုအပ်သော အလုပ်သစ်နေရာ (သို့မဟုတ်) လစ်လပ်ရာထူးနေရာများအတွက် သက်ဆိုင်ရာလိုအပ်ကြောင်း အကြောင်းကြားလာသည့် ပုံစံ (အလလခ ပုံစံ-၃) ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ ပုံစံ-၃ အား အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ ပြန်လည်ပေးပို့ခြင်း၊

(ခ) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးအနေဖြင့် အလုပ်ရှင်များမှ အကြောင်းကြားစာပေးပို့ထားသည့် အလုပ်ခေါ်စာအားကြော်ငြာခြင်း၊

(ဂ) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ စုဆောင်းရရှိသည့် သတ်မှတ် အရည်အချင်းပြည့်စုံသည့် လျှောက်ထားသူများ စာရင်းအား အလုပ်ရှင်ထံ(အလလခပုံစံ-၆) ပေးပို့ခြင်းနှင့် အလုပ်ရှင်က အဆိုပါစာရင်းထံမှ ရွေးချယ်ပြီးသည့် အလုပ်သမားစာရင်းအား အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ ပြန်လည်ပေးပို့ခြင်း၊

(ဃ) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ အလုပ်ရှင်များက ရွေးချယ်ခန့်ထားသူများအား အလုပ်ခန့်ထားရေးကတ်ပြား (အလလခ ပုံစံ-၇) ထုတ်ပေးခြင်း။

၃။ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းနှင့် လစာငွေ ပေးချေခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်ရှင်များ လိုက်နာရမည့် အချက်များ

(က) ၂၀၁၃ခုနှစ်၊အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ အလုပ်သမား ၅ဦးနှင့် ၅ ဦးအထက်ရှိသည့် လုပ်ငန်းများတွင် အလုပ်သမားများအား အလုပ်ခန့်ထားပြီးသည့်နောက် ရက်ပေါင်း (၃၀) အတွင်း အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ချုပ်ဆို၍အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၏အတည်ပြုချက်ရယူရမည်။(စာချုပ်ပုံစံကိုအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွင် ရယူနိုင်သည်။)

(ခ) အလုပ်သမား(၁၀)ဦးနှင့် အထက်လုပ်ကိုင်နေသော လုပ်ငန်း/ဌာနများတွင် လုပ်ခလစာအား၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီပေးချေရပါမည်။

၄။ အလုပ်သမားလျော်ကြေးကိစ္စရပ်များလျှောက်ထားရာတွင်လိုအပ်သည့်အချက်များ အလုပ်ခွင်အတွင်း/ အလုပ်ချိန်အတွင်း အလုပ်ကိုကြောင်းပြု၍ မတော်တဆ ထိခိုက်သေဆုံးမှု ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးမှု အလုပ်အကိုင်ဆိုင်ရာ ရောဂါရရှိမှုတို့အတွက် ထိခိုက်သူနှင့်သေဆုံးသူ၏ မှီခိုသူများ စားဝတ်နေရေး ကသီလင်တ မဖြစ်စေရန်နှင့် အထောက်အပံ့ဖြစ်စေရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးဥပဒေနှင့်အညီဆောင်ရွက်ပေးပါသည်-

(က) အလုပ်သမားလျော်ကြေး လျှောက်ထားလိုသူသည် ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်မှုရှိရပါမည်။

(ခ) ထိခိုက်/ သေဆုံးသူအလုပ်သမားသည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ရပါ။

(ဂ) ထိခိုက်/ သေဆုံးသည့်နေ့မှ တစ်နှစ်အတွင်းလျှောက်ထားရပါမည်။

(ဃ) သေဆုံးခြင်းအတွက် မှီခိုသူများမှ လျှောက်ထားခြင်းဖြစ်ရပါမည်။

(င) ထိခိုက်မှုအတွက် ကိုယ်တိုင်လျှောက်ထားခြင်းဖြစ်ရပါမည်။

(စ) သေဆုံးမှုဖြစ်ပေါ်ပါက သေစာရင်းမိတ္တူပါရမည်။

၅။ အလုပ်သမားအဖွဲ့အစည်းလျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ သက်ဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား (၃၀) ဦးနှင့်အထက်ရှိပါက အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်သည်။ အလုပ်သမား (၃၀)ဦး မပြည့်ပါက လုပ်ငန်းသဘောသဘာဝတူသော လုပ်ငန်းများမှ အလုပ်သမား များ ပူးပေါင်းဖွဲ့စည်းနိုင်သည်။ အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းရာတွင် (၁) အခြေခံအလုပ်သမားအဖွဲ့

အစည်း၊ (၂) မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ (၃) တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမားအဖွဲ့အစည်း(၄)အလုပ်သမားအဖွဲ့ချုပ်၊ (၅) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းနိုင်ပါသည်။ အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန်လျှောက်ထားလိုလျှင်-

(က) အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ရန် လျှောက်လွှာ(ပုံစံ-၁)၊

(ခ) အခြေခံ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များ(ပုံစံ-၂)၊

(ဂ) ဖွဲ့စည်းပုံစည်းမျဉ်း၊

(ဃ) ဖွဲ့စည်းပုံစည်းမျဉ်းကိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘောတူကြောင်းလက်မှတ်ရေးထိုးချက်ပုံစံ (ပုံစံ-၄)၊

(င) သက်ဆိုင်ရာ လုပ်ငန်းရှိ စုစုပေါင်း အလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်း အောက်မနည်းသူများက ထောက်ခံ/မခံ၊

(စ) လျှောက်လွှာပါ ဖော်ပြချက်များနှင့် ပူးတွဲပါ အထောက်အထားများ မှန်ကန်ခိုင်လုံခြင်းရှိ/မရှိ မှတ်ပုံတင်အရာရှိမှ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊

(ဆ) ပြည့်စုံမှန်ကန်ပါက အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာကိုလက်ခံရရှိကြောင်း (ပုံစံ-၆) ထုတ်ပေးခြင်း၊

(ဇ) ရုံးချုပ်ရှိမှတ်ပုံတင်အရာရှိချုပ်မှ မှတ်ပုံတင်ရန် ခွင့်ပြု/ မပြုစိစစ်ခြင်း၊

(ဈ) အလုပ်သမား အဖွဲ့အစည်းအဖြစ်အသိအမှတ်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်း၊ အလုပ်ရှင်များမှလည်း အထက်ပါနည်းလမ်းအတိုင်း အလုပ်ရှင်အဖွဲ့အစည်း ဖွဲ့စည်းရန်လျှောက်ထားနိုင်ပါသည်။

## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

## ဟိုတယ်/တည်းခိုရိပ်သာများ ကြိုတင်ခွင့်ပြုချက်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ

(က) ကြိုတင်ခွင့်ပြုချက် တောင်းခံသည့်လျှောက်လွှာ

(ခ) ကြိုတင်ခွင့်ပြုချက် အဆိုပြုလွှာပုံစံ

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်

(ဃ) မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်

(င) ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး၏ ထောက်ခံချက်

(စ) သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်

(ဆ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက်

(ဇ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(ဈ) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်

(ည) တာဝန်ခံအင်ဂျင်နီယာ လက်မှတ်ရေးထိုးထားသည့် ဆောက်လုပ်မည့် ဟိုတယ်(သို့မဟုတ်) တည်းခိုရိပ်သာ အဆောက်အဦပုံစံ(Site Plan / Floor Plan / Room Plan)

(ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ထောက်ခံချက်

(ဌ) မြေပိုင်ဆိုင်မှုအထောက်အထား၊ မြေကိုငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထား၊ အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား

(ဍ) ဟိုတယ်(သို့မဟုတ်)တည်းခိုရိပ်သာဆောက်လုပ်ခြင်းအတွက်ငွေကြေးလုံလောက်မှုရှိကြောင်း အထောက်အထား

(ဎ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်တည်ရှိပါက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်

(ဏ) အဆိုပြုသည့်မြေနေရာနှင့် အဆောက်အအုံသည် သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေနှင့်ဆက်စပ်တည်ရှိပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက်

(တ) အဆိုပြုသည့်နေရာသည် လေယာဉ်ကွင်းနှင့် နီးကပ်ပါက လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ၏ထောက်ခံချက်

## ဟိုတယ်လုပ်ငန်းနှင့်တည်းခိုရိပ်သာ လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ

(က) လိုင်စင်လျှောက်လွှာ

(ခ) ဟိုတယ်ဆောက်လုပ်ခွင့် တင်ပြခဲ့ပါက ဆောက်လုပ်ခွင့်အတွက် ခွင့်ပြုထားသည့် အထောက်အထားမိတ္တူ

(ဂ) နေပြည်တော်ကောင်စီ (သို့မဟုတ်) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်

(ဃ) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်

(င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်

(စ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက်

(ဆ) မြို့နယ် မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(ဇ) မြို့နယ်ကျန်းမာရေးဌာန၏ ထောက်ခံချက်

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်

(ည) ဘေးပတ်ဝန်းကျင်နေသူများမှ သဘောတူညီကြောင်း ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်

(ဋ) မြေပိုင်ဆိုင်မှု အထောက်အထား၊ ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းထားသည့် အထောက်အထား

(ဌ) ဆောက်လုပ်ပြီး အဆောက်အအုံနှင့် အခန်းဓာတ်ပုံများ

(ဍ) လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၂) ပုံ

(ဎ) ဝန်းထမ်းအင်အားစာရင်း

(ဏ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ဖြစ်ပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက် (သို့မဟုတ်) သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေတွင်ဖြစ်ပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက်။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ

**ကယားပြည်နယ်ရုံး(လွိုင်ကော်)မှတ်ပုံတင်နယ်မြေအတွင်း မော်တော်ဆိုင်ကယ်အရောင်းဆိုင်များရှိ မော်တော်ဆိုင်ကယ်များ ကနဦးမှတ်ပုံတင်ခြင်းဆောင်ရွက်မှုလုပ်ငန်းစဉ်**

(က) အောက်ပါစာရွက်စာတမ်းများကို ဦးစွာစစ်ဆေးပါမည် -

(၁) လုပ်ငန်းများဆောင်ရွက်ပေးရန် ရုံးချုပ်၏အကြောင်းကြားစာ ။

(၂) ကနဦးမှတ်ပုံတင်ဆောင်ရွက်မည့် မော်တော်ဆိုင်ကယ်စာရင်း။

(၃) ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်(Import Licence)။

(၄) အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ကြေညာလွှာ(Import Declaration)။

(၅) အကောက်ခွန်ဖော်ပြချက်(Customs Statement)။

(၆) ကနဦးမှတ်ပုံတင်မည့် မော်တော်ဆိုင်ကယ်၏ စက်အမှတ်/ဘောင်အမှတ် ဖော်ပြချက်။

(ခ) အပိုဒ်(က)ပါ စာရွက်စာတမ်းများ ပြည့်စုံပါက ကနဦးမှတ်ပုံတင်လုပ်ငန်းကို အောက်ပါ အတိုင်းဆောင်ရွက်ပါမည် -

(၁) ရုံးချုပ်သို့မော်တော်ဆိုင်ကယ်နံပါတ် သတ်မှတ်ပေးပါရန်တင်ပြတောင်းခံခြင်း။

(၂) နံပါတ်ရရှိပါက ဆိုင်ကယ်စစ်ဆေးခြင်း၊ ဆိုင်ကယ်ခါတ်ပုံမှတ်တမ်း ရယူခြင်း။

(၃) ရုံးချုပ်က ခွင့်ပြုထားသော စက်အမှတ်/ဘောင်အမှတ် ကိုက်ညီမှသာ မှတ်ပုံတင်ခွင့်ပြုခြင်း။

(၄) ကျသင့်အခွန်ငွေများ ကောက်ခံ၍ မှတ်ပုံတင်ပေးခြင်း။

(၅) ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ် ထုတ်ပေးခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ရမည့် လုပ်ငန်းစဉ်များ ( EIA ကဏ္ဍ )**

(၁) ဦးစီးဌာနသည် စီမံကိန်းအဆိုပြုလွှာတွင် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်သက်ဆိုင်သော အချက်အလက်များပြည့်စုံမှု ရှိ / မရှိ ပဏာမစစ်ဆေးအတည်ပြုခြင်း။

(၂) အဆိုပြုစီမံကိန်းသည် အောက်ပါ အမျိုးစားတစ်ခုတွင် ပါဝင်သင့်ကြောင်း ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့်စီမံကိန်းအမျိုးအစား(သို့)

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစား(သို့)

(ဂ) မည်သည့်ဆန်းစစ်ခြင်းမျှ ပြုလုပ်ရန် မလိုသည့် စီမံကိန်းအမျိုးအစား

(၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော တတိယပုဂ္ဂိုလ်၏ အမည်စာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ပေးခြင်း။

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဝန်ကြီးဌာန (သို့) ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်မှဖြစ်စေ၊ အခြားသင့်လျော်သော မီဒီယာများမှတစ်ဆင့်ဖြစ်စေအများပြည်သူသို့ အသိပေးခြင်း။

(၅) ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို စိစစ်သုံးသပ်ပြီး ယင်းအစီရင်ခံစာအတည်ပြုရေးဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(၆) အောက်ပါအစီရင်ခံစာများကို သတ်မှတ်ထားသောရက်အတွင်း ဝန်ကြီးဌာန၏ အပြီးသတ်ဆုံးဖြတ်ချက်ဖြင့် စီမံကိန်းအဆိုပြုသူထံအကြောင်းကြားခြင်း။

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုအလုပ်လုပ်ရက်ပေါင်း (၃ဝ)အတွင်း

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီအစဉ်ကိုအလုပ်လုပ်ရက်ပေါင်း (၆ဝ)အတွင်း

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်အစဉ်ကိုအလုပ်လုပ်ရက်ပေါင်(၉ဝ)အတွင်း

(၇) ဦးစီးဌာနသည် စီမံကိန်းအဆိုပြုသူအားလိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း သတင်းအချက်အလက်များ ထပ်မံတင်ပြရန် အကြောင်းကြားရမည်။

(၈) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအပါအဝင် သက်ဆိုင်သူများအားလုံးထံမှ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်နှင့်အကြံပြုချက်များကို သင့်လျော်သည့်နည်းလမ်းဖြင့်တောင်းခံရယူခြင်း။

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination-IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA) ဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်များ**

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| | **အထူးရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်း** | | |
| ၁ | ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများ | – | အရွယ်အစားအားလုံး |
| | **စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း** | | |
| ၂ | ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၁ မီဂါဝပ်နှင့် အထက်၊ ၁၅ မီဂါဝပ် အောက်<br>နှင့်<br>ကန်ရေပြည့် သိုလှောင်ပမာဏ ကုဗမီတာ ၂၀,၀၀၀,၀၀၀ အောက်<br>နှင့်<br>ရေလှောင်တမံဧရိယာ ၄၀၀ ဟက်တာအောက် | ထုတ်လုပ်မှု ပမာဏ ၁၅ မီဂါဝပ်နှင့်အထက်<br>သို့မဟုတ်<br>ရေသိုလှောင်ပမာဏ ကုဗမီတာ ၂၀,၀၀၀,၀၀၀ နှင့် အထက်<br>သို့မဟုတ်<br>ရေလှောင်တမံဧရိယာ ၄၀၀ ဟက်တာနှင့်အထက် |
| ၃ | နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | - | အရွယ်အစားအားလုံး |
| ၄ | သဘာဝဓာတ်ငွေ့သုံး သို့မဟုတ် ဇီဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက် ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ၅၀ မီဂါဝပ်နှင့်အထက် |
| ၅ | ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၁ မီဂါဝပ် နှင့်အထက် ၁၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ ၁၀ မီဂါဝပ်နှင့်အထက် |
| ၆ | စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်း လုပ်ငန်းအားလုံး |
| ၇ | ဘူမိအပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ် နှင့် အထက်၊ ၅၀ မီဂါဝပ် အောက် | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၈ | ပေါင်းစပ်စွမ်းအင်(ဓာတ်ငွေ့နှင့်အပူစွမ်းအင်)သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ် နှင့် အထက်၊ ၅၀ မီဂါဝပ် အောက် | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် |
| ၉ | အပူငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း (အမှတ်စဉ် ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် မသက်ဆိုင်သော အခြားအမျိုးအစား) | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက်၊ ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ *၅၀ မီဂါဝပ်နှင့်အထက်* |
| ၁၀ | လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅ မီဂါဝပ်နှင့်အထက်၊ ၅၀ မီဂါဝပ်အောက် | ထုတ်လုပ်မှု ပမာဏ *၅၀ မီဂါဝပ်နှင့်အထက်* |
| ၁၁ | နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း | ထုတ်လုပ်မှု ပမာဏ ၅၀ မီဂါဝပ်နှင့်အထက် | ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းအားလုံး |
| ၁၂ | တုန်ခါမှုဖြင့် ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်ရှာဖွေခြင်းလုပ်ငန်း | အရွယ်အစားအားလုံး | |
| ၁၃ | ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့စမ်းသပ်တူးဖော်ခြင်းလုပ်ငန်း | – | အရွယ်အစားအားလုံး |
| ၁၄ | ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးတွင်းများ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်းသွယ်တန်း ခြင်း အပါအဝင် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ၊ မှုတ်ထုတ်ခြင်းစခန်း၊ စုပ်တင်ခြင်းစခန်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်းများနှင့် ရပ်ဆိုင်းခြင်းလုပ်ငန်းများ) | – | အရွယ်အစားအားလုံး |
| ၁၅ | တုန်ခါမှုဖြင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်ရှာဖွေခြင်းလုပ်ငန်း | အရွယ်အစားအားလုံး | – |
| ၁၆ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်တူးဖော်ခြင်းလုပ်ငန်း | – | အရွယ်အစားအားလုံး |

| စဉ် | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် အရွယ်အစား | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့်အရွယ်အစား |
|---|---|---|---|
| ၁၇ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးတွင်းများ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ ပိုက်လိုင်း သွယ်တန်းခြင်း အပါအဝင် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ၊ မှုတ်ထုတ်ခြင်းစခန်း၊ စုပ်တင်ခြင်းစခန်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်းများနှင့် ရပ်ဆိုင်းခြင်းလုပ်ငန်းများ) | – | အရွယ်အစားအားလုံး |
| ၁၈ | ရေနံချက်စက်ရုံ သို့မဟုတ် သဘာဝဓာတ်ငွေ့ စက်ရုံ (ရေနံဓာတ်ငွေ့ရည် (LPG)၊ စက်မောင်းဆီ (Mo Gas)၊ ရေနံဆီ၊ ဒီဇယ်၊ မီးထိုးဆီ၊ ဓာတ်ဆီ၊ ကတ္တရာစေး၊ နိုင်လွန်ကတ္တရာ၊ ကန့်နှင့် intermediate products e.g. Propane/ propylene mixtures, virginnaphtha, middle distillate and vacuum distillate for the petrochemical industry) | – | အရွယ်အစားအားလုံး |
